www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ကံကြမ္မာအလှည့်အပြောင်း

ဒေဝီဆိုသောမိန်းမချော

ရင်ခုန်ညများစွာ

လျှို့ဝှက်ကြေးပုရပိုက်

ကြယ်ကြွေသောည

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ကံကြမ္မာအလှည့်အပြောင်း

တစ်နေ့သ၌ ရန်ကုန်မြို့လယ်ကောင်ရှိ ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း) မကြီး၏ နံဘေးမှ တိုက်ခန်းတစ်ခန်း၏ ရှေ့တွင် လူရွယ်တစ်ဦးသည် စိတ်ရှုပ်ထွေးသောအမူအရာဖြင့် ငေးငေးငူငူ ရပ်လျက်ရှိလေ၏။

အသက် (၂၅-၂၆) နှစ်ခန့်ရှိမည်ဖြစ်သော ထိုလူရွယ်သည် သူ၏ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း တိုက်ခန်း၏ရှေ့ သံဘာဂျာတံခါး၌ ခတ်ထားသည့် အာမခံသော့ခလောက်ကြီးကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြန်၏။

ထို့နောက် သက်ပြင်းကြီး မှုတ်ထုတ်လိုက်ကာ ယင်းသံဘာဂျာတံခါးရှေ့မှ အင်္ကျီတလှေကားထစ် တစ်ထစ်ပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်လေသည်။

ထိုလူရွယ်၏အမည်မှာ မင်းဝေဖြစ်ပြီး သူသည် စစ်ကိုင်းမြို့အနီးရှိ 'စာရေး' ဟူသည့် မြို့ငယ်လေးမှဖြစ်ကာ ရန်ကုန်ရွှေမြို့တော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသို့ ယခင်က တစ်ခါမှရောက်ဖူးသူ မဟုတ်ချေ။

ယခုမှ ဘဝ၏ ကြီးမားသောအခက်အခဲများကြောင့် သူ၏ တစ်ချိန်က ဆရာသမားဖြစ်ခဲ့ဖူးသော ဦးလှမြိုင်ထံ အားကိုးတကြီး လာခဲ့ခြင်းဖြစ်သော်လည်း ဦးလှမြိုင်နေထိုင်ရာ တိုက်ခန်းရှေ့ ရောက် သည့်တွင် သော့ခလောက်ကြီး တန်းလန်းခတ်ထားသည်ကို ကြုံရသ ဖြင့် စိတ်အပျက်ကြီးပျက်လျက်ရှိတော့၏။

BURMESE CLASSIC

နံဘေးအခန်းသို့ မေးမြန်းစုံစမ်းတော့လည်း ကားပစ္စည်း အရောင်းအဝယ်လုပ်သော ဦးလှမြိုင်မှာ အရောင်းအဝယ် အထိုက် အလျောက် ကောင်းသော်ငြား မယားငယ်ယူပြီး အသောက်အစား လောင်းကစား လွန်စွာဖက်သဖြင့် စီးပွားပျက်ကာ တိုက်ခန်းကို ရောင်းသွားခဲ့သည်မှာ နှစ်လမျှရှိပြီဖြစ်ကြောင်း၊ တိုက်ခန်း၏ပိုင်ရှင်သစ် ဘာဘူကြီးက ယင်းအခန်းကို ငှားရမ်းရန် ကြေညာထားသော်လည်း ယခုထက်ထိ ဈေးမတည့်သေးသဖြင့် မငှားရမ်းဖြစ်သေးကြောင်း သိရ လေသည်။

အနီဦးလှမြိုင်ကား အိန္ဒိယ-မြန်မာ ကပြားတစ်ဦးဖြစ်ပြီး စစ် ကိုင်းစာတိုက်၌ မင်းဝေက စာတိုက်စာရေးအဖြစ် အမှုထမ်းစဉ် ဦးလှ မြိုင်မှာ စာတိုက်မှူးကြီးအဖြစ် လုပ်ကိုင်ခဲ့လေ၏။

ဦးလှမြိုင်မှာ အသက် (၄၀) ကျော်ခန့်တွင် မိခင်ဘက်မှ အမွေရသဖြင့် အလုပ်မှထွက်ကာ ရန်ကုန်သို့ဆင်းပြီး အမွေကို ဆက်ခံ ယူလျက် ရန်ကုန်မြို့ကြီးတွင်ပင် အခြေချနေထိုင်ခဲ့သူ ဖြစ်လေသည်။

ဦးလှမြိုင်သည် ရန်ကုန်မြို့တွင် ကားပစ္စည်းအရောင်းဆိုင် ဖွင့်ထောင်ပြီးနောက် တပည့်ဟောင်းဖြစ်သူ မင်းဝေအား ရန်ကုန်သို့ ဆင်းလာပြီး သူ၏ဆိုင်၌ အရောင်းမန်နေဂျာအဖြစ် လုပ်လိုက ခေါ်လုပ် နိုင်ထားကာ လစာကောင်းကောင်းပေးမည်ဖြစ်ကြောင်း စာရေးကမ်း



www.burmeseclassic.com

www.burmeseclassic.com



ထွမ်းခဲ့ဖူးလေ၏။

ယင်းသို့ ကမ်းလှမ်းခဲ့သည်မှာ တစ်နှစ်ကျော်ခန့် ကြာပြီဖြစ်ပြီး ထိုစဉ်ကမူ မင်းဝေမှာ စစ်ကိုင်းတွင် အဆင်ပြေနေသဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့သွားရောက်ရန် စိတ်မကူးခဲ့ပေ။

လွန်ခဲ့သည့်လေးလခန့်ကမူ မင်းဝေ၏ဘဝတွင် ပြဿနာ အခက်အခဲများ၊ ဂြိုဟ်ဆိုးကြမ္မာ ဝင်သလို ဆက်တိုက်ဝင်ခဲ့လေသည်။

ဦးစွာ အပြစ်မရှိ အပြစ်ရှာသည့် စာတိုက်မှူးကြီးနှင့် စကား များ ပြဿနာဖြစ်ကာ ကိုယ်ထိလက်ရောက် ကျူးလွန်မိပြီး အလုပ်မှ နုတ်ထွက်ခဲ့ရလေသည်။

ထို့နောက် စစ်ကိုင်းမှနေ၍ ဖနီးသည်၏ဇာတိ စာရေးမြို့ ကလေးသို့ ပြန်ပြောင်းလာပြီး အခြားအလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင် ရန် ကြံစည်ဆဲမှာပင် ဇနီးဖြစ်သူ မစန်းနွဲ့မှာ မီးယပ်ရောဂါဖြင့် အောက် ပိုင်းချည့်သွားခဲ့ရလေ၏။

မင်းဝေမှာ ဇနီးသည်ကို ဆေးဝါးတိုက်ကာ ဂရုစိုက်ပြုစုပေး ရသလို အိမ်မှုကိစ္စ ... ချက်ရေးပြုတ်ရေးတို့ကိုပါ သိမ်းကြုံးလုပ်ခဲ့ရ သည်။

သည်တော့ မည်သည့်စီးပွားရေးအလုပ်မျှ ထွက်မလုပ်နိုင်ဘဲ ဝင်ငွေမရှိဖြစ်ခဲ့ရာ စုဆောင်းထားခဲ့သမျှ ရွှေတိုရွှေစတို့ကို ရောင်းချ ထုခွဲစားသောက်ခဲ့ရလေ၏။

လွန်ခဲ့သည့် တစ်လခန့်ကမူ ဇနီးသည်၏အစ်မဝမ်းကွဲ အပျို ကြီး ဒေါ်နှင်းမွှုံက အိမ်မှာလာနေပြီး ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးသဖြင့် မင်းဝေမှာ သက်သာရာရခဲ့လေသည်။

မစန်းနွဲ့မှာလည်း ကျန်းမာရေးတိုးတက်လာပြီး လူအကူအတွဲ ဖြင့် လမ်းလျှောက်နိုင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဇနီးသည်အား ဆေးဝါးဆက်လက်ကုသရန်နှင့် စားဝတ်နေရေးတို့အတွက် မင်းဝေမှာ ဝင်ငွေအထိုက်အလျောက် ကောင်းသော အလုပ်တစ်ခုခုထွက်လုပ်မှ ဖြစ်တော့မည့်အခြေအနေသို့ ဆိုက်ရောက်လာလေသည်။

စာရေးလိုမြို့ငယ်လေးတွင် သူ့အတွက် ဝင်ငွေကောင်းကောင်း ရနိုင်မည့်အလုပ် မရှိချေ။ စာရေးဈေးထဲတွင် တစ်ခုခု ရောင်းဝယ် ဖောက်ကားရန်မှာလည်း အရင်းအနှီးမရှိချေ။

ယင်းသို့ ဘေးကျပ်နံကျပ်ဖြစ်နေသည့်အခိုက်မှာပင် ဆရာ ဟောင်းဖြစ်သည့် သူ့အပေါ် သံယောဇဉ်ကြီးလှသော ဦးလှမြိုင်ကို သတိရမိပြီး အလုပ်လာလုပ်ရန် ဖိတ်ခေါ်ထားသည်ကို အမှတ်ရကာ ယခုလို ရန်ကုန်မြို့သို့ ဆင်းလာခဲ့ခြင်း ဖြစ်ပါ၏။

ဆရာဦးလှမြိုင်နှင့်သာ တွေ့ရပါက သူ အလုပ်ရမှာ ကျိန်းသေ သလို လစာကောင်းကောင်းရမှာလည်း သေချာသည်။

သို့ မျှော်လင့်ချက်ကြီးမားစွာထားကာ ဦးလှမြိုင်၏ စာပါ လိပ်စာအတိုင်း ဟိုမေးသည်စမ်းဖြင့် အမောတကော လာရောက်ခဲ့ခါမှ ယခုတော့ ခဲလေသမျှ သဲရေကျခဲ့ရပြီတည်း။

"ဟူး"

မင်းဝေသည် စိတ်ပျက်စွာ သက်ပြင်းကြီးမှုတ်ထုတ်လိုက်ပြီး ခေါင်းကို တဖြင်းဖြင်းကုတ်ကာ ထိုင်ရာမှ ဖြည်းလေးစွာ ထရပ်လိုက် လေ၏။

"အင်း . . . ဘာတတ်နိုင်မလဲ၊ ငါ့ရဲ့ကံကိုက ဆိုးလှပါတယ်၊ စာရေးပြန်ရုံပေါ့၊ ငါ့မှာ အပြန်ရထားလက်မှတ်ခလောက်တော့ ကျန် သေးတယ်၊ စားစရိတ်အတွက်တော့ တစ်ပြားမှမရှိဘူး၊ ဒီနေ့ခံနက် စာက စပြီး အငတ်ခံရတော့မှာပဲ . . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူသည် စိတ်ခါတ်အကျကြီးကျကာ သက်ပြင်း ထပ်မံမှုတ် ထုတ်လိုက်စဉ်မှာပင် သူ့ရှေ့မှ ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း) ကြီးအတိုင်း မောင်းနှင်သွားသည့် စတူဘေကာ ကားနက်ကြီးသည် ကားပေါ်မှ တစ်စုံတစ်ဦး၏ အော်သံနှင့်အတူ လမ်းဘေး ပလက်ဖောင်း အစပ်သို့ ကျွီခနဲ ထိုးရပ်သွားတော့၏။

"ဟဲ့ ဟဲ့ ငွေမောင်း . . . ကားရပ်စမ်း ရပ်စမ်း . . . ဟိုမှာ ငါ့သား ငါ့သား"

'ကျွီ'

မင်းဝေက သူ့ရှေ့နားတွင် ထိုးရပ်လာသည့် ကားနက်ကြီးကို ငေးကြောင်ကြည့်နေစဉ်မှာပင် ကားကြီး၏နောက်တံခါးသည် ဝုန်းခနဲ ပွင့်သွားပြီး ကားထဲမှ ဝတ်ကောင်းစားလှများကို သိုက်မြိုက်စွာ ဝတ် စားထားသည့် ဘီးဆံပတ်ထုံးကြီးနှင့် အဘွားအိုတစ်ဦးသည် အယား အားယား ဆင်းလာကာ ကိုမင်းဝေအား ပြေးဖက်တော့သည်။

"သား သား . . . အောင်မယ်လေး ငါ့သားရယ် . . . ယ်တွေ လျှောက်သွားနေတာတုံး၊ အမေ့မှာဖြင့် သားကို ရှာလိုက်ရတာ ခေါင်း တောက်နေတာပဲ . . . သိရဲ့လား သားလေးရယ်၊ အမေ့ကိုမှ ပစ်သွား ရက်တယ်"

စိန်ရွှေများ သီးအောင်ဝတ်ထားသည့် ဥပမိရုပ်ကောင်းကောင်း ဖြူဖြူခံ့ခံ့ အမျိုးသမီးကြီးက သူ့ကို အားပါးတရ ကြုံးဖက်ကာ တသား သားဖြင့်ခေါ်ရင်း မျက်ရည်လည်ရွှဲပြောနေသမျှကို မင်းဝေမှာ အိပ်မက် မက်သူနှယ် ငေးကြောင်ကြည့်နေလျက် အံ့သြနားမလည်နိုင်အောင် ကြောင်တိကြောင်တောင် ဖြစ်နေတော့၏။

အသားဖြူဖြူ ရုပ်ရည်သန့်သန့် အရပ်မြင့်မြင့် လုံးသွယ် သွယ်နှင့် အမျိုးသားကြီးတစ်ဦးကလည်း ကားနက်ကြီးပေါ်မှ ဆင်



www.burmeseclassic.com

www.burmeseclassic.com



လာကာ သူတို့၏အနားတွင် ရပ်ရင်း မင်းဝေအား တအံ့တသြ ငေး ကြည့်နေလေသည်။

"သားရယ် . . . အမေ့ကို စိတ်ဆိုးပြီး ဘယ်တွေ လျှောက်သွား နေတာလဲဟင်၊ ဟောဒီ မောင်လှိုင်တို့ကို ရှာခိုင်းလည်း မတွေ့၊ အမေ ကိုယ်တိုင် ကားနဲ့ မြို့ပတ်ရှာလည်း မတွေ့နဲ့ ခု ဗဟိုလမ်းက ဆေး တိုက်ကိုလာတော့မှ သားကို လှမ်းတွေ့လိုက်ရတာ . . . သိလား"

"ဟဲ့ . . . ကြည့်ပါဦးမောင်လှိုင်ရဲ့၊ သားလေး အသားတွေ ညိုသွားပြီး တစ်လလောက်အတွင်း ပိန်သွားလိုက်တာကွယ်၊ ငါ့သား လေး ဒုက္ခရောက်နေတာ ဒုက္ခရောက်နေတာ အမေသိတာပေါ့၊ ရန် ကုန်မှာဆိုတော့ နယ်စိမ်းပယ်စိမ်းမှာ အကူအညီတောင်းစရာ ဆွေမျိုး မိတ်ဆွေမရှိမို့ ငါ့သားလေး ဒုက္ခရောက်နေရတာ"

"ကဲ ကဲ . . . လာ သားလေး . . . ကားပေါ်တက်၊ အမေနဲ့ ပြန်လိုက်ခဲ့စမ်း၊ ကဲ မောင်လှိုင် . . . ဘာငေးငိုင်နေတာလဲ၊ သားလေး ကို ခေါ်လေ၊ တော်ကြာ အမေကိုစိတ်ကောက်ပြီး ထပ်ထွက်သွားမှဖြင့် ငါ ရင်ကွဲနာကျပြီးသေလိမ့်မယ်၊ သားလေး လိုက်ခဲ့နော် . . . အမေနဲ့ လိုက်ခဲ့နော်"

အဘွားကြီးက ကိုမင်းဝေ၏ လက်မောင်းတစ်ဖက်ကို အတင်း ဆွဲကာ မျက်ရည်လည်ရွှဲဖြင့် ဖွတ်ခေါ်နေရာ မင်းဝေမှာ သူ့ကို လူ မှားပြီးခေါ်နေမှန်း သိသဖြင့် ငြင်းလိုသော်လည်း ပါးပြင်တို့အပေါ်သို့ မျက်ရည်များ တဖြိုင်ဖြိုင်ကျနေသည့် အဘွားအိုအား ငြင်းရမှာ အား နာလျက် ရှိတော့၏။

နံဘေးမှ အမျိုးသားကြီးကလည်း မင်းဝေအား အားနာသလို ကြည့်ရင်း မျက်လုံးတစ်ဖက် မှိတ်ပြလိုက်ပြီးနောက် မင်းဝေ၏လက် မောင်းတစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ပါတယ် ညီညီရယ် . . . ဦးလေးတို့နဲ့ ပြန်လိုက်ခဲ့ပါ။ မင်းပျောက်သွားကတည်းက မမမြိုင်မှာ မျက်ရည်နဲ့မျက်ခွက်ဖြစ်ပြီး အိပ်ရာထဲ လဲခဲ့တာကွဲ့၊ ဆရာဝန်ဒေါက်တာကြီး မစွတာရစ်ဆင်း အိမ်တိုင်ရာရောက် ဂရုတစိုက် လာလာကုပေးပေလို့ ထူထူထောင်ထောင်ဖြစ်တာ ရက်ပိုင်းပဲ ရှိသေးတယ်ကွဲ့၊ ခုတောင် ဒေါက်တာကြီးရဲ့ဆေးတိုက် သွားဖို့ လာကြတာကွဲ့၊ လိုက်ခဲ့ပါကွယ် . . . နောက်တော့ ဦးလေးလှိုင် ရှင်းပြပါ့မယ်"

ဟု ရည်မွန်စွာ ပြောလိုက်ရာ မင်းဝေမှာ ဇဝေဇဝါ ဖြစ်မနေနိုင်တော့ဘဲ သူတို့ဆွဲခေါ်သည့်အတိုင်း တစ်သက်နှင့်တစ်ကိုယ် ယောင်၍မျှမစီးဖူးသည့် အဖိုးတန်ကားကြီးပေါ်သို့ အလိုက်သင့် တက်လိုက်ရတော့သည်။

ကားပေါ်ရောက်တော့လည်း အဘွားကြီးမှာ ငါ့သားလေး . . . အမေ့ရဲ့တစ်ဦးတည်းသောသားလေး . . . ဟု တဖွဖွပြောရင်း မင်းဝေ၏ လက်ဖဝါး၊ လက်မောင်းတို့ကို ဖွဖွညင်သာ ဆုပ်ကိုင်လိုက်၊ နဖူးဆံစတို့ကို ယုယစွာသပ်ပေးလိုက် လုပ်နေတော့ရာ မင်းဝေမှာ အနေရခက်နေသော်လည်း မိနစ်စက္ကန့်ပိုင်းအတွင်း သူ၏ကံကြမ္မာ ပြောင်းလဲသွားပုံအား အံ့ဩနေရင်း ရှေ့ဆက် ဘာတွေများဖြစ်ဦးမလဲဟု တွေးကာ ရင်ခုန်စိတ်လှုပ်ရှားလျက် ရှိပါတော့သတည်း။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com



## ဒေဝီဆိုသော မိန်းမချော

မင်းဝေမှာ ရန်ကုန်မြို့ကို အစိမ်းသက်သက် ရောက်လာသူမို့ ကားနက်ကြီး အဘယ်အရပ်သို့ မောင်းနှင်နေမှန်း မသိဘဲ ကားသွား ကားလာရှုပ်ထွေးသည့် လမ်းကျယ်ကြီးများမှ အတန်ကြာသည်တွင် ဝယ်ခွာကာ ကားသွားကားလာရှင်းလင်းသည့် လမ်းများအတိုင်း ချိုး လိုက်၊ ကွေ့လိုက် မောင်းနှင်နေသည်ကိုသာ သတိပြုမိတော့၏။

မိနစ်အတော်ကြာ မောင်းနှင်အပြီးတွင် မင်းဝေ စီးနင်းလိုက် ပါလာသည့် ကားနက်ကြီးမှာ သံပန်းတံခါးကြီးများ ပိတ်ဆီးထားသည့် ခြံကြီးတစ်ခြံ၏အဝသို့ ရောက်ရှိသွားတော့သည်။

တစ်စုံတစ်ဦးက သံပန်းတံခါးကြီးတို့ကို ကပျာကသီ ဖွင့်ပေး လိုက်သည်တွင် ကားနက်ကြီးမှာ ခြံထဲ ငြိမ့်ခနဲမောင်းဝင်ခဲ့ကာ ကုန်း မြင့်လေးပေါ်သို့ ကျောက်စရစ်ခင်းလမ်းကလေးအတိုင်း မောင်းတက် သွားတော့၏။

ကုန်းမြင့်လေးအပေါ်အရောက်တွင် သလင်းကျောက်ပြူတို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ထားသော ခမ်းနားထည်ဝါလှသည့် ရောမတိုက်ကြီးကို တွေ့လိုက်ရရာ မင်းဝေမှာ မျက်လုံးပြူးသွားကာ လက်ဖျားခြေဖျားတို့ အေးခနဲ ဖြစ်သွားရတော့သည်။

"ဟာ ... ဒီအဘွားကြီးတွေဟာ ဒီတိုက်ကြီးက မိသားစုတွေပဲ ဖြစ်ရမယ်၊ အတော်ကြီးချမ်းသာတာပဲ၊ ဒုက္ခပါပဲ ... အဘွားကြီးက သားရူးရူးနေသူလား မသိဘူး၊ ငါ့ကို ရူးသွပ်ပြီး လူမှားခေါ်လာတာပဲ ဖြစ်မယ် ...၊

သူ ... သူက ငါ့ကို သူ့သားလို့ ထင်နေပေမယ့် ဒီတိုက်ကြီးထဲက ကျန်တဲ့လူတွေက ငါ့ကို ဘာကောင်ဆိုတာ သိကြမှာ သေချာတယ်၊ ဒုက္ခပဲ ... အဲဒီလူတွေရဲ့ကြားမှာ ငါ ဘယ်လိုနေရမှာလဲ"

မင်းဝေမှာ ချောက်ချားစွာတွေးရင်း သူတို့လက်ထဲမှ အတင်းရုန်းထွက်ပြေးလိုစိတ်တို့ ဖြစ်ပေါ်လာတော့၏။

သို့သော် ကားနောက်ပိုင်းသို့ လှည့်ကြည့်လိုက်တော့ ခြံစောင့်ဖြစ်ဟန်တူသူက ခြံတံခါးကို ပြန်ပိတ်ကာ သော့ခတ်လိုက်ပြီကို တွေ့လိုက်ရရာ မင်းဝေမှာ စိတ်ဓာတ်ကျသွားတော့သည်။

"ဟဲ့ မောင်လှိုင် ... ကားရပ်ပြီး ဆင်းလေ ... ဘာငိုင်နေတာလဲ၊ ဟဲ့ ငွေမောင်း ... ငါ့သားလေးအတွက် ကားတံခါးဖွင့်ပေးတော့လေ၊ ဘယ်လိုတွေ ဖြစ်နေတာလဲ၊ ငါ့သားလေး ဒီတစ်ခါ ထွက်သွားလို့ကတော့ နင်တို့ပါ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမယ်မှတ်"

ပေါ်တီကိုအောက်တွင် စတူဘေကာကားနက်ကြီး ထိုးရပ်သွားသည်နှင့် အဘွားကြီး၏အသံက စီစီညံသွားတော့၏။

အားလုံးကလည်း ပျာပျာသလဲဖြစ်သွားလျက် ဦးမောင်လှိုင်ဆိုသူက ကားရှေ့တံခါးဖွင့်ကာ ကပျာကသီ ဆင်းလိုက်ပြီး အဘွားကြီးဘက်အခြမ်းမှ ကားနောက်တံခါးကို ခပ်မြန်မြန်လေး ဖွင့်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဒရိုင်ဘာ ကိုငွေမောင်းသည်လည်း ကားရှေ့တံခါးဖွင့်ကာ ကားပေါ်မှ ခုန်မဆင်းရုံတမယ် ဒရောသောပါး ဆင်းလိုက်ပြီး မင်းဝေဘက်အခြမ်းမှ ကားနောက်တံခါးကို ကသုတ်ကရိုက် ဖွင့်ပေးလိုက်လေ၏။

အဘွားကြီးက ကားပေါ်မှဆင်းပြီးသည်နှင့် အရွယ်နှင့်မလိုက်အောင်ပင် ဖျတ်လတ်သွက်လက်စွာ ကားခြေရင်းဘက်မှ ကွေ့ပတ်လာလျက် ကားထဲမှ ယောင်တောင်တောင်ဖြင့်ထွက်လာသော မင်းဝေ၏လက်တစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်လျက် ...

"သားလေး ... နောက်တစ်ခါ အမေ့ကို ခွဲမသွားပါနဲ့တော့နော်၊ အရာရာ သားလေးရဲ့စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်ကွယ်၊ မိဒေဝီကိုလည်း အမေ သေသေချာချာကြီး မှာထားပြီးပါပြီ၊ ငါ့သားရဲ့စိတ်တိုင်းကျဖြစ်အောင် နေလို့၊ နှုတ်လှန်ထိုးဖို့တော့ နည်းနည်းမှ မစဉ်းစားနဲ့လို့ ... သိရဲ့လား သားလေး၊ လာ လာ ... အိမ်ထဲ ဝင်ရအောင်"

ဟု ပါးစပ်မှ တတွတ်တွတ်ပြောရင်း လက်ကိုဆွဲခေါ်လေရာ သူ့ကို ငေးတေးငိုင်တိုင် လှမ်းကြည့်နေကြသော ဦးမောင်လှိုင်ဆိုသူနှင့် ကားဒရိုင်ဘာတို့အား မျက်လုံးတစ်ချက် မလုံမလဲ ဝေ့ကြည့်ပြီးနောက် မင်းဝေမှာ အဘွားကြီးခေါ်ရာနောက် လိုက်ပါသွားရတော့၏။

ကျောက်သားဖြူလှေကားထစ် သုံးထစ်ကို ဖြတ်ကျော်ပြီးနောက် ဧည့်ခန်းကြီး၏အဝသို့ ရောက်သွားသည်တွင် ဧည့်ခန်းဆောင်ကြီးထဲမှ ခပ်ရှိန့်ရှိန့်ထွက်လာကြသော မိန်းမငယ်လေးနှစ်ဦးကို တွေ့ရလေသည်။ သူကလေးတို့နှစ်ဦးကလည်း မင်းဝေကို ကြောင်ကြည့်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ခင်တင့်နဲ့ မိလုံး . . . ဘာကြောင်ကြည့်နေကြတာလဲ၊ ဒီမှာ နင်တို့ရဲ့အစ်ကိုလေး ပြန်လာပြီလေ၊ သွား သွား . . . ထမင်းပွဲ ပြင်ထားကြ၊ ငါ့သားလေး ဆာရော့မယ်၊ ဟဲ့ မိလုံး . . . ငါ့သားလေးရဲ့ အခန်းထဲ ဒီလွယ်အိတ် သွားထားလိုက်၊ မိဒေဝီကိုရော ပြောလိုက်စမ်း . . . ဒီမှာ ငါ့သားလေးကို လာကြည့်ပါဦးလို့၊ ဘယ်ရောက်နေသလဲ အပူအပင်မရှိတဲ့ ဟာမလေး"

"ဟုတ် . . . ဟုတ်ကဲ့ မယ်မယ်ကြီး၊ မမ . . . မမဒေဝီ ဘုရားခန်းမှာ ဘုရားပန်းလဲနေပါတယ်ရှင့်"

"အဲဒါ နောက်မှလဲလို့ . . . သွားခေါ် မြန်မြန်၊ ဒီမှာ သားလေးက သွားချင်ရာသွားလာခဲ့တာ၊ သားလေးကို မိဒေဝီကိုယ်တိုင် ဆပ်ပြာတိုက်, ချေးတွန်း, ရေချိုးပေးလို့"

"ဘုရား"

မင်းဝေမှာ စိတ်ထဲမှ ဘုရားတလိုက်မိကာ လေ့ကားသုံးထစ်ကို ခုန်ဆင်းပြေးချင်စိတ် ပေါက်သွားတော့၏။

ဘုရားပန်းလဲနေသော မိဒေဝီ . . . ဆိုတော့ အရွယ်ရောက်ပြီး မိန်းမတစ်ဦးသာ ဖြစ်ရမည်။ ကေန္တ ညီညီဆိုသူ၏ အစ်မဖြစ်နိုင်၏။ ထိုအစ်မကို ရေချိုးပေးခိုင်းပါက ခွတော့ကျပြီဟု တွေးကာ မင်းဝေမှာ ကြက်သီးမွေးညင်းများပင် ထသွားရတော့သည်။

"လာ လာ သားလေး . . . အေးအေးဆေးဆေး ထိုင်ပါဦးကွယ်"

အဘွားကြီးက သူ့လက်ကို မလွှတ်တမ်းဆွဲကာ ဧည့်ခန်းထဲမှ ဆိုဖာဆက်တီခုံကြီးများဆီသို့ ခေါ်သွားပြီး နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်၌ သူမနှင့်အတူ ထိုင်စေ၏။

အဘွားကြီးက ဆိုဖာကြီးပေါ်တွင် ကိုယ်ကိုစောင်းလှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



င်းဝေ၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ရင်း တတွတ်တွတ် ပြော
ပြန်၏။

"သားလေးရယ် . . . သားလေးက အခုအိမ်က စက်ဘီးပေဘာ
ကားကြီးကို မစီးချင်ဘူး၊ မာစီဒီးအသစ်တစ်စီး ဝယ်ပေးဖို့ ပူဆာတာကို
အမေက အိမ်မှာ စက်ဘီးပေဘာအပြင် ဖီးယက်လေးတစ်စီးလည်း ရှိ
နေတာပဲ၊ မာစီဒီးက ဈေးကြီးလွန်းတယ်၊ အမေတို့အိမ်မှာ အိမ်သား
စစ်စစ်ဆိုလို့ သုံးယောက်ပဲရှိတာ ကားသုံးစီး မလိုပါဘူးကွယ်လို့ ပြော
လိုက်မိလို့ ငါ့သားလေးက စိတ်ဆိုးပြီး ထွက်သွားတာမဟုတ်လား၊
သားလေးပူဆာတာကို မလိုက်လျောမိတာ အမေ့အပြစ်ပါကွယ် . . .၊

ငါ့သားလေး ငယ်ငယ်ကတည်းက လိုချင်တာမှန်သမျှ အမေ
တို့က ဖြည့်ဆည်းပေးခဲ့တာပဲလေ သားလေးရဲ့၊ အဖေဆိုလည်း သား
လေး လက်ညှိုးညွှန်ရာ ဖြစ်စေခဲ့တာ မဟုတ်လား . . .၊

အင်း . . . မင်းအဖေ ဆုံးပါးသွားပြီး မိုးကုတ်က ပြောင်းလာ
ကတည်းက အမေတို့မှာ စီးပွားယိုင်သွားတယ်ဆိုပေမယ့် မာစီဒီး
လောက်တော့ ငါ့သားလေးကို ဝယ်ပေးနိုင်ပါသေးတယ်ကွယ်၊ သားလေး
ရဲ့ဆန္ဒကို ပယ်မိတာကိုက အမေ့ရဲ့အမှား"

"ဟဲ့ . . . မောင်လှိုင်"

"ဗျာ မမ"

ခပ်လှမ်းလှမ်းမှ အလုပ်ကြွေပန်းအိုးအနီးတွင် ရပ်နေသည့်
ဦးမောင်လှိုင်မှာ လက်နှစ်ဖက်ကို ကျောနောက်သို့ပို့ကာ ကိုယ်ကို
ကိုင်းညွတ်လျက် ရှေ့တိုးလာပြီး ကျိုးနွံစွာ နားစွင့်ရာလေသည်။

"ဒီနေ့ပဲ မာစီဒီးဈေးနှုန်းနဲ့ အမျိုးအစားတွေကို ကားရောင်းတဲ့
ကုမ္ပဏီတွေဆီမှာ သွားစုံစမ်းစမ်း၊ မနက်ဖြန်ကျရင် သားလေးနဲ့အတူ
ဒိုဒေဝီပါ ခေါ်ပြီး နှင်လိုက်ပြလိုက်၊ သားလေးကြိုက်တာ ယူပါစေ



www.burmeseclassic.com

www.burmeseclassic.com



. . . ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့ မမ"

ဦးတင်လှိုင်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ဖြေရင်း ခေါင်းကို ယောင်ယမ်းကုတ်လိုက်ရာ အဘွားကြီး မျက်မှောင်ကုတ်သွားတော့၏။

"ဟဲ့ . . . နင်က ဘာခေါင်းကုတ်တာလဲ၊ ဘာလဲ . . . ငါ ခိုင်းတာကို မလုပ်ပေးချင်လို့လား"

"အာ . . . မဟုတ်ပါဘူး မမကလည်း . . . ဟို"

"ဘာမှ ဟိုတွေ့ဟင်တွေ လုပ်မနေနဲ့၊ ငါ့ဘဝမှာ ငါ့သား လေးဟာ အရေးအကြီးဆုံးပဲ၊ ငါ့သားမရှိရင် ငါသေသွားမှာ . . . သိ ရဲ့လား၊ လူဆိုတာ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ သေသွားရင် ပိုင်ဆိုင်ထားသမျှ စည်းစိမ်ဥစ္စာဆိုတာ အလကားပဲ၊ ငါသေသွားရင် ဒါတွေအားလုံးကို ငါထားခဲ့ရမှာ . . . သိရဲ့လား၊ ငါ့ကို နင်တို့ မြန်မြန် သေစေချင်ရင် ငါ့သားလေးအတွက် ငါ့ရဲ့လိုက်လျောမှုတွေကို တားဆီး ကြ၊ သားလေးအတွက် ငါခိုင်းရင် ငြိုငြင်ကြ . . . သိကြရဲ့လား"

အဘွားကြီးမှာ ပြောရင်း ဒေါသကြီးကာ ခန္ဓာကိုယ်က တ ဆတ်ဆတ် တုန်လာရာ ဦးမောင်လှိုင်မှာ မျက်စိမျက်နှာပျက်သွားကာ . . .

"မောင် . . . မောင် လုပ်ပါဦးကွယ်၊ မမက နှလုံးရောဂါရှိ တယ်၊ ဒေါသဖြစ်လို့ မရဘူး"

ဟု မင်းဝေကို တောင်းပန်သလို ခပ်လေးလေး ပြောလိုက် လေသည်။

မင်းဝေလည်း မနေသာတော့ဘဲ ချော့လဲရောထိုင်လုပ်ကာ အဘွားကြီးကို အလိုက်သင့် အလျားသင့် ဖျောင်းဖျရတော့၏။

"အမေ အမေ . . . ဦးလေးဦးမောင်လှိုင်ကို စိတ်မဆိုးပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ အဆင်ပြေအောင်လုပ်မှာပါ၊ ဒေါသမကြီးပါနဲ့နော်၊ အမေ့ရောဂါ တိုးမှာစိုးလို့ပါ . . . နော် နော်''

အဘွားကြီး၏ လက်မောင်းအိုးတို့ကို ဖွဖွညင်သာ ဆုပ်ကိုင်ရင်း မင်းဝေက ချိုသာစွာ ပြောဆိုဖျောင်းဖျလိုက်ရာ အဘွားကြီး၏ မျက်နှာပေါ်မှ ဒေါသရိပ်တို့သည် အံ့ဩလောက်အောင် လျင်မြန်စွာ ပျောက်လွင့်သွားပြီး မျက်နှာတစ်ပြင်လုံး အပြုံးပန်းတို့ ဝေဖြာသွားတော့သည်။

''ကြည့်စမ်း ကြည့်စမ်း . . . ငါ့သားလေးက အမေ့အတွက် စိုးရိမ်တတ်သားပဲ၊ ဒီလို တစ်ခါမှ အမေ့ကို စိုးရိမ်ရမှန်းမသိခဲ့ဘူး သားလေးက အပြင်ကိုထွက်သွားပြီးမှ လိမ္မာလာတာကိုး''

ဝမ်းပန်းတသာ ပြောနေသည့် အဘွားကြီး၏ မျက်ဝန်းတို့တွင် ပျော်ရွှင်ကြည်နူးမှုတို့ တကယ်ပင် ရွှန်းလဲ့နေသည်ကို တွေ့ရ၏။

''အေး အေး . . . အမေ ဒေါသမကြီးတော့ပါဘူးကွယ်''

ထိုစဉ် ကျွန်းလှေကားကြီးပေါ်မှ တစ်စုံတစ်ဦး ဆင်းလာသည်ကို အဘွားကြီးက တွေ့သွားရာ . . .

''ဟဲ့ မိဒေဝီ . . . လာစမ်း လာစမ်း . . . ဒီမှာ ညည်းရဲ့ လင်တော်မောင် ပြန်ရောက်လာပြီလေ၊ ညည်း ဝမ်းမသာဘူးလား အေ''

ဟု အားပါးတရ ပြောလိုက်လေလျှင် မင်းဝေမှာ ခေါင်းမွေးများ ထောင်ခနဲ ဖြစ်သွားပြီး လှေကားပေါ်မှ ဆင်းလာသည့် အမျိုးသမီးကို ကပျာကသီ လှည့်ကြည့်လိုက်မိတော့၏။

''အား ပါး ပါး''

ထိုအမျိုးသမီးကို မြင်လိုက်ရသည့်အခါမှာမူ စိတ်ထဲမှ တအံ့တဩ အာမေဋိတ်သံပင် ပြုလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုလိုက် ချောလိုက်တဲ့ အမျိုးသမီးပါလား၊ ဒေဝီဆိုတာ သူပဲကိုး၊ လက်စသတ်တော့ ဒေဝီဟာ ညီညီရဲ့အစ်မ မဟုတ်ဘဲ မိန်းမကိုး"

မင်းဝေသည် စိတ်ထဲမှရေရွတ်ရင်း ဒေဝီဆိုသော အမျိုးသမီးကို မှင်တက်မိစွာ ငေးကြည့်နေမိတော့၏။

ဒေဝီကလည်း သူ့ကို ခပ်စူးစူးလေး စိုက်ကြည့်ရင်း လှေကားခြေရင်းမှနေ၍ ဆက်တီခုံများရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းလျှောက်လာလေသည်။

သူမ၏အမူအရာက အလွန်အမင်း အံ့သြနေပုံ မရချေ။

သူမကို သွားရောက်အကြောင်းကြားသည့် အိမ်ဖော်မလေးက အကျိုးအကြောင်း ကြိုတင်ပြောထားသဖြင့် ဖြစ်ပေါ်နေသော အခြေအနေကို အထိုက်အလျောက် နားလည်ထားပုံရလေသည်။

"ကဲ မိဒေဝီ . . . ဒီနေ့ကစပြီး ကျုပ်ရော ညည်းရော ကျုပ်ရဲ့သားလေး စိတ်ငြိုငြင်အောင် မလုပ်မိကြဖို့ ဂရုစိုက်ကြရလိမ့်မယ် . . . ဟုတ်ပြီလား"

အဘွားကြီးက သြဇာသံပါပါဖြင့် အမိန့်ပေးသလို ပြောလိုက်လေလျှင် ဒေဝီက ဦးခေါင်းညွှတ်လိုက်ကာ . . .

"ဟုတ်ကဲ့ပါ မယ်မယ်ကြီး"

ဟု လေးစားသောအမူအရာဖြင့် ပြန်ပြောလိုက်လေ၏။

သို့သော် သူမ၏ မျက်လုံးအကြည့်တို့ကမူ သူ့အား မနှစ်မြို့ဟန်ဖြင့် မာကျောလျက်ရှိကြောင်း မင်းဝေ သတိထားမိလေသည်။

"ကဲ ကဲ . . . ငါ့သားလေး မြို့အနှံ့ ကိုးကျင်းကိုးကျင်း လျှောက်သွားနေခဲ့ရလို့ တစ်ကိုယ်လုံး ချွေးနဲ့ ဖုန်နဲ့ လုံးနေပြီ၊ ညည်း လင်ကို အပေါ်ထပ်ခေါ်သွားပြီး ရေမိုးချိုးပေးလိုက်စမ်း၊ တချော်



www.burmeseclassic.com

www.burmeseclassic.com



ကင်းပွန်းနဲ့ကို ခေါင်းလျှော်ပေးလိုက်၊ ကဲ ...ခေါ်သွား''

အဘွားကြီးက ချွေးမဖြစ်သူအား မျက်နှာထားတည်တည်ဖြင့် အမိန့်ပေးသော်လည်း မင်းဝေဘက်သို့ လှည့်လာသောအခါတွင်မူ မျက်နှာပေးက နူးညံ့ချိုသာသွားလေသည်။

''သားလေး ...မင်းမိန်းမ ရေမိုးချိုးပေးပြီးရင် ပြန်ဆင်းလာခဲ့နော်၊ ဒီနေ့ အိမ်မှာ သားလေးကြိုက်တဲ့ ပုစွန်တုပ်ကြီးချဉ်သုပ်နဲ့ ငါးသလောက်ဥကြော်ရော၊ ဆိတ်သားဟင်းပါ ချက်ထားတယ်ကွဲ့၊ ထမင်းမြိန်မြိန်ကြီးစားရအောင် ...ဟုတ်လား''

''ဟုတ်ကဲ့''

''ကဲ သားလေး ...လိုက်သွား လိုက်သွား၊ ဟဲ့ မိဒေဝီ ...ခေါ်လေ ကိုယ့်လင်ကို၊ ညည်းတို့ ခေတ်ကာလသမီးတွေအေ သားကိုသခင်, လင်ကိုဘုရားဆိုတာ မကြားဖူးဘူးလား၊ ဂရုတစိုက် ခေါ်သွားစမ်း''

အဘွားကြီးက ထိုင်ရာမှ ထရမလို မထဝံ့သလို ဖြစ်နေသည့် မင်းဝေကို လောဆော်မှုမပြုဘဲ ဒေဝီကိုသာ ဖိဟောက်နေရာ ဒေဝီက အဘွားကြီးမမြင်အောင် မင်းဝေကို မဲ့ကာ မျက်လုံးပြူးကြည့်လိုက်သော်လည်း နှုတ်ကမူ အချိုပေါ် သကာလောင်းလျက် ခပ်ချွဲချွဲ ပြောလိုက်လေ၏။

''လာလေ မောင်ရဲ့ ...လာ''

ဒေဝီ ရှေ့တိုးလျက် ကမ်းပေးလာသည့် လက်ကို မကိုင်ဝံ့ဝံ့ ကိုင်ဝံ့ဝံ့ဖြင့် မင်းဝေက လှမ်းကိုင်လိုက်ရင်း ထိုင်ရာမှ ထလိုက်ရာ ဒေဝီလည်း မင်းဝေ၏လက်ကို ဆွဲလျက် လှေကားဆီသို့ ခပ်သွက်သွက် လျှောက်သွားလေသည်။

ယင်းသို့ လှမ်းလျှောက်ရင်း မင်းဝေ၏လက်ဖမိုးကို ဖောက်မမှ



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းဖြင့် ခပ်ဖိဖိ ထိုးလိုက်ရာ ရုတ်တရက် နာကျင်သွားသော ကြောင့် မင်းဝေက လွှတ်ခနဲ အော်လိုက်မိလေ၏။

"အား"

"ဟဲ့ ဟဲ့ ... သားလေး သားလေး ဘာဖြစ်လို့လဲ ... ဘာ ဖြစ်လို့လဲ ... ဟင်"

အဘွားကြီးက ပျာပျာသလဲမေးကာ ထိုင်ရာမှ ကြိုးထလိုက် လေလျှင် ဒေဝီ၏မျက်နှာမှ သွေးမရှိသလို ဖွေးခနဲ ဖြစ်သွားရရှာလေ သည်။

သို့သော် မင်းဝေက ဘာမျှမဖြစ်သလို ပြုံးဖြဲဖြဲလုပ်ရင်း ...

"ဟီး ... ဘာ ဘာမှ မဖြစ်ပါဘူး အမေရဲ့၊ ဟို ... ထိုင်ရ တာ ကြာလို့လားမသိဘူး ... ခြေထောက်က ကြွက်တက်သလို ဖြစ်သွားလို့ပါ"

"အို ... ဟုတ်လား၊ ဒါဆို သားလေးရဲ့ခြေထောက်ကို ရေ ချိုးပြီးရင် ပရုတ်ဆီလူးပေးလိုက်စမ်း မိဒေဝီ ... သိလား"

"ဟုတ် ... ဟုတ်ကဲ့"


"နှိပ်လည်းပေးလိုက်ဦးနော်၊ အမရာကိန္နရီ မဒီသမ္ဘူလတို့လို တော်လေးဝဝင် မယားဖြစ်အောင် ကျင့်ကြံနေထိုင်စမ်းပါအေ"

"ဟုတ် ... ဟုတ်ကဲ့ပါ မယ်မယ်ကြီး"

သည်တစ်ခါတော့ ဒေဝီက မင်းဝေ၏လက်ကို ဖွဖွညင်သာ စွာကိုင်လျက်သာ ဆွဲခေါ်သွားပါတော့သတည်း။

✺ ✺ ✺

www.burmeseclassic.com



## ရင်ခုန်ညများစွာ

မင်းဝေသည် ဒေဝီဆွဲခေါ်ရာလှေကားပေါ်သို့ တက်လိုက်သွားရင်း ရင်ခုန်လှုပ်ရှားလျက်မှပင် ဒေဝီ့အား မသိမသာ အကဲခတ်ကြည့်မိလေသည်။

ပြစ်မျိုးမှဲ့မထင်အောင် လှသော၊ ချောသော မိန်းမချော မိန်းမလှဆိုသည်ကို စာထဲပေထဲမှာသာ ဖတ်ဖူးပြီး လက်တွေ့ဘဝ၌ မတွေ့ဖူးမမြင်ဖူးသည့် မင်းဝေမှာ အနှိုသို့သောမိန်းမမျိုးသည် ဒေဝီလို ဣတ္ထိယမျိုး ဖြစ်လိမ့်မည်ဟု စိတ်ထဲမှ မှတ်ယူမိတော့၏။

ကြည့်ပါလေ . . .။ ဖြူဝင်းစိုညက်နေသော အသားအရေပေါ်၌ မွေးညင်းရှိန်းရှိန်းလေးများ ပြေးနေသည့် ဒေဝီ၏ မှဲ့တစ်ပေါက်မစွန်းသော အရေပြားအလှ။

ဘရိုကိတ်ပွင့်ရိုက်ထဘီ မရန်းစေ့ရောင်အောက်မှ ရှုန်းကြပြည့်တင်းနေသော တင်သားတို့၏အလှ။

လှေကားတစ်ထစ်ချင်း လှမ်းတက်လိုက်လေတိုင်း တင်းပြည့်

www.burmeseclassic.com

www.burmeseclassic.com



သော ဆင်စွယ်သဏ္ဌာန် ပေါင်တံတို့၏ ထင်းခနဲအလှ။

တစ်ပတ်လျှိုထုံးထားသည့် ပိတုန်းရောင်ကေသာ၏ ဆံနွယ်အားတို့ လှုပ်ခတ်ယိမ်းခါ ပြေးနေသော ခါးကျဉ်ကျဉ်လေး၊ ပြီးမှ လှပပြေပြစ်စွာ ကားတက်သွားသည့် ကျောပြင်လေး၏အလှ။

ခရမ်းနုရောင်ဇာအင်္ကျီပါးပါးလေး ဖုံးလွှမ်းထုပ်ပိုးထားလေသည့် ပခုံးလုံးဝန်းဝန်းလေးတို့နှင့် ကုပ်ပိုးသား ဝင်းဝင်းလေး၏အလှ။

အနီအလှအပများဖြင့် ဖွဲ့စည်းထားသည့် ခန္ဓာကိုယ်က ဖွံ့ထွားအချိုးအဆစ်ကျရသည့်အထဲ သူမထံမှ သင်းသင်းလေး ဝေ့လာသော ရေမွှေး၊ ပေါင်ဒါရနံ့တို့ကပါ ကြိုင်လှိုင်နေတော့ရာ ဤတိုက်အိမ်ကြီးနှင့် ဤမိန်းမပျိုတို့ကို တွေ့ဆုံနေရခြင်းသည် တကယ်မှ ဟုတ်ပါလေစ၊ အိပ်မက်များ မက်နေလေသလားဟု ဇဝေဇဝါ တွေးမိပြန်တော့၏။

သို့သော် အိမ်ပေါ်ထပ်သို့ ခြေချမိသည်နှင့် ဒေဝီက ဆွဲလာသောလက်ကို ဖျတ်ခနဲ ဖြုတ်လိုက်ကာ သူ့ဘက်သို့လည်း ချာခနဲလှည့်ပြီး အံကြိတ်လျက် စူးစူးဝါးဝါးကြည့်လိုက်လေလျှင် မင်းဝေလည်း အိပ်မက်မှလန့်နိုးသူနှယ် ပြစ်မျိုးမဲ့မထင်မလေးအား ငေးကြောင်ကြောင်ကြီး ပြန်ကြည့်နေလိုက်မိတော့၏။

ဒေဝီက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ကာ အံကြိတ်သံဖြင့် ခပ်တိုးတိုး စတင်ပြောဆို ဘုတောတော့၏။

“ဒီမှာ . . . ရှင်ဟာ ဘယ်သူလဲ၊ ဘယ်လိုဖြစ်ပြီး မောင့်နေရာ ရလာတာလဲ၊ ဒါ မယ်မယ်ကြီးကို သက်သက်လှည့်ဖြားခဲ့တာ မဟုတ်လား”

မချော၏ ပြင်းထန်သောစွဲချက်ကြောင့် မင်းဝေမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . ဘယ်က လှည့်ဖြားရမှာလဲ၊ ကျုပ်ဘာသာကျုပ် နေတာကို အဘွားကြီးက လူမှားပြီး ဆွဲလာတာ"

"ဒီမှာ . . . မယ်မယ်ကြီးကို အဘွားကြီးလို့ မခေါ်ပါနဲ့၊ မယ်မယ်ကြီးရဲ့နာမည်က ဒေါ်စောနန်းမြတ်စံ . . . သိရဲ့လား၊ မျိုးရိုးက စော်ဘွားမျိုး"

"အဘွားကြီးလို့မခေါ်လို့ ကျုပ်က မေမေလို့၊ မယ်မယ်လို့၊ အမေလို့ ခေါ်ရမှာလား"

"ဒီမှာ . . . ရှင် အူကြောင်ကြောင်လုပ်မနေနဲ့၊ ဘယ်လိုက ဘယ်လိုဖြစ်ပြီး ဒီစံအိမ်ကြီးပေါ် ရောက်လာရသလဲ ပြော"

"ကျုပ်က ရန်ကုန်မှာ အလုပ်လာရှာရင်း အလုပ်တိုက် ပိတ်ထားတာနဲ့ ယောင်ချာချာဖြစ်နေတုန်း မင်းရဲ့ယောက္ခမကြီးက သူ့သားဆိုပြီး အတင်းခေါ်လာတာ . . . သိလား"

"ဩော် . . . ဒီလိုလား၊ အင်း . . . မယ်မယ်ကြီးက သူ့ရဲ့သားကို သိပ်ချစ်တာ၊ အဲဒီလို အမေမျိုးရဲ့အချစ်မျိုး တွေ့တောင် မတွေ့ဖူးဘူး၊ သူ့သားပျောက်သွားတော့ သူ့မှာ အရူးတစ်ပိုင်း ဖြစ်သွားရတယ်၊ မောင် ပျောက်သွားကတည်းက မယ်မယ်ကြီး ပြုံးတာ၊ရယ်တာ လုံးဝ မတွေ့ရတော့ဘူး၊ ဒီမနက်မှပဲ မယ်မယ်ကြီးရဲ့မျက်နှာမှာ အပြုံးအရယ် ကို ပြန်တွေ့ရတာ၊ ဒါကလည်း သူက ရှင့်ကို သူ့သားလို့ထင်ပြီး သူ့သားပြန်လာတယ်လို့ မှတ်ယူပြီး ပျော်ရွှင်နေရှာတာပါ"

"နေပါဦး . . . သူ့သားနာမည်က ညီညီတဲ့လား"

"ခွန်မြတ်ညီပါ"

"အဲ . . . အဲဒီ ခွန်မြတ်ညီနဲ့ ကျုပ်က အတော်တူလို့လား"

"တူတယ်၊ ဒါပေမဲ့ ခွဲမရလောက်အောင်တော့ မတူတော့ဘူး၊ မောင်က အသားပိုဖြူပြီး ခန္ဓာကိုယ် ပိုနွဲ့တယ်၊ စိတ်ကတော့ ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပိုသွက်တယ်၊ ရှင့်လို တုံ့နှေး တုံ့နှေး မဟုတ်ဘူး၊ ဘယ်အရာမဆို ရှူးရှူးဒိုင်းဒိုင်း လုပ်တတ်တယ်၊ ဒါကြောင့် မယ်မယ်ကြီးက သူနဲ့စိတ်ချင်းတူတယ်ဆိုပြီး အရမ်းချစ်တာ၊ ချစ်တော့ အလိုလိုက်လွန်းရာက မိန်းမသာရတယ် မောင်က ကလေးဆိုးကြီးလို ဖြစ်နေခဲ့တာ"

"သူက ဘယ်ကိုထွက်သွားတာလဲ"

ဤတွင် ဒေဝီမှာ မျက်နှာကလေး ညှိုးနွမ်းသွားရှာလေသည်။ သို့သော် သူမက တိုးတိုးဖွဖွ ရှင်းပြ၏။

"မောင်က သူ့အမေကို စိတ်ဆိုးပြီး ထွက်သွားတယ်၊ ကားမယူဘဲ ထွက်သွားတာ၊ အိမ်ကလူတွေကတော့ အနီးအနား သွားတာပဲ ပြန်လာမှာပေါ့လို့ တွေးခဲ့မိကြတယ် ...၊

ဒါပေမဲ့ မောင်က ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး"

ပြောရင်း ရှိုက်သံပါလာရာမှ ဒေဝီက ခါးတွင်ညှပ်ထားသော လက်ကိုင်ပဝါလေး ဖြုတ်ယူကာ မျက်ဝန်းထောင့်တို့၌ စို့လာသည့် မျက်ရည်ဥများကို သာသာလေး တို့သုတ်လိုက်လေသည်။

"နေပါဦး ...သူက ဘာဖြစ်လို့ ပြန်မလာရမှာလဲဗျ"

"မောင်က သေပြီလေ"

"ဗျာ"

"ဟုတ်တယ်၊ တစ်သက်လုံးကမှ ဒရိုင်ဘာနဲ့ ကားနဲ့ သွားလာခဲ့ရာက မိဘဆီက ဘာမှမယူဘူးဆိုတဲ့ ကြွေးကြော်သံနဲ့ ခြေလျင်လျှောက်ထွက်သွားတော့ ကန်ပတ်လမ်းအရောက်မှာ လမ်းဖြတ်အကူး ကားတစ်စီးက ဝင်တိုက်မိသွားပြီး အဲဒီနေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားရရှာတာပါပဲရှင်"

"ဩော် ...ဖြစ်ရလေဗျာ၊ စိတ်မကောင်းစရာပါပဲ၊ အဲ ... ဒါထက် ကျုပ်က အခု ဘာလုပ်ရမှာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရေချိုးရမှာလေ၊ ရှင့်ကို မယ်မယ်ကြီးက ရေချိုးခိုင်းလိုက်တယ် မဟုတ်လား"

"ဘာလဲ ... ခင်ဗျားက ချိုးပေးမှာလား"

"အို ... ဘာဖြစ်လို့ ချိုးပေးရမှာလဲ ... ရာရာစစ"

လက်ခါခါ ခြေခါခါဖြင့် သူ့ကို မတူမတန်သလို ပြောလိုက်သော ဒေဝီ့အား ပညာပေးရန် ဆုံးဖြတ်လိုက်ပြီး ...

"ခင်ဗျားရဲ့ယောက္ခမကြီးက ကျုပ်ကို ရေချိုးပေးဖို့ ခင်ဗျားကို ခိုင်းလိုက်တယ် မဟုတ်လား၊ ခင်ဗျားမချိုးပေးရင်လည်း နေလေ ... ကျုပ် အောက်ထပ်ပြန်ဆင်းသွားတော့မယ်"

ဟု ပြောပြောဆိုဆိုဖြင့် ချာခနဲလှည့်ကာ လှေကားထိပ်သို့ လှမ်းသွားတော့ရာ ဒေဝီမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး မင်းဝေ၏ လက်ကို အတင်းပြေးဆွဲတော့သည်။

"အို အို ... ရှင် ဒီလိုမလုပ်နဲ့လေ၊ ရှင် ရေမချိုးရသေးဘဲ ဒီအတိုင်းဆင်းသွားရင် မယ်မယ်ကြီးက ကျွန်မကို မိုးမွှန်အောင် ဆူမှာပေါ့ရှင့်"

"မသိဘူးလေ ... မင်းက ကျုပ်ကို ရေမချိုးပေးဘူးဆိုတော့"

"အို ... ရှင့်ကို ကျွန်မက ရေချိုးပေးလို့ ဖြစ်မလား"

ထိုအခါမှ မင်းဝေက ပြုံးလိုက်သည်။

"ဟင်း ဟင်း ... မင်းကို အလကားစတာပါကွာ၊ မင်းက ကျုပ်ကို ရေချိုးပေးလို့ ဘယ်သင့်တော်မှာလဲ၊ ကျုပ်ဘာသာပဲ ချိုးပါ့မယ်၊ ရေချိုးရမယ့်နေရာကိုပဲ ပြပါ၊ ရေလဲလုံချည်ရော ရှိတယ်မဟုတ်လား"

"အားလုံး ရှိတယ်၊ ကဲ ... လာ လာ"

ဒေဝီက မင်းဝေ၏လက်တစ်ဖက်ကို ဆွဲကာ ရေချိုးခန်းရှိရာ

www.burmeseclassic.com

www.burmeseclassic.com



သို့ ခေါ်သွားတော့၏။

"ကဲ ... အဲဒီရေချိုးခန်းထဲမှာ ချိုးတော်မူ၊ ရေလဲလုံချည်လည်း ရှိပြီးသား၊ ပြီးရင် ဟောဟိုအခန်းကို လာခဲ့၊ သိပ်လည်းကြာမနေနဲ့ဦး"

"ဘာဖြစ်လို့လဲ ... ရေချိုးတာကြာရင် ကျုပ် အအေးပတ်ပြီး ဖျားမှာစိုးရိမ်လို့လား"

မင်းဝေက ပြုံးဖြီးဖြီးဖြင့်ပြောလိုက်ရာ ဒေဝီက မျက်စောင်းထိုးလိုက်ပြီး ...

"ရှင့်ဘာသာဖျားပြီး သေရုံမကလို့ ငရဲပဲသွားသွား၊ ရှင် သေတာက အရေးမကြီးဘူး ... တော်ကြာ မယ်မယ်ကြီးက ရှင်ထမင်းစားဖို့ ကောင်မလေးတွေကို အခေါ်လွှတ်တော့မှာရှင့်၊ ဒါကြောင့် မကြာစေချင်တာ သိပြီလား"

ဟု အငေါ်တူးကာ ပြောလိုက်ရာ ...

"မသိပါဘူး ... ကျုပ်အတွက်များ စိုးရိမ်ပူပန်နေသလားလို့"

ဟု စပ်ဖြဲဖြဲဖြင့် ပြောရင်း ရေချိုးခန်းထဲသို့ ဝင်ရောက်သွားပါတော့၏။

☼

မင်းဝေသည် သူဌေးများ ရေချိုးခန်းထဲ ရေချိုးပါက ရေပန်းဖြင့်ချိုးကြသည်ဟု ကြားသာကြားဖူးသော်လည်း သူ တစ်ခါမျှ ရေပန်းဖြင့် ရေမချိုးဖူးချေ။

ယခုမှ ရောက်ရှိနေသော ရေချိုးခန်းထဲတွင် ရေပန်းကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ခလုတ်လှည့်ဖွင့်ပြီး စိတ်ကြိုက်ချိုးတော့၏။

ဆပ်ပြာကလည်း သူ တစ်ခါဖူးမျှ မတိုက်ဖူးသည့် အကောင်းစားဆပ်ပြာမွှေးများမို့ ဤဆပ်ပြာမျိုးနှင့် တိုက်ခွင့်ကြုံတုန်း အားပါးတရ တိုက်ထားမှဟုတွေးကာ အထပ်ထပ်အခါခါ တိုက်လေတော့သည်။

မင်းဝေသည် ထိုသို့ ရေပန်းအောက်တွင် ဇိမ်ခံ၍ကာ ချိုးနေရင်း သူ၏အနာဂတ်ဘဝခရီးအတွက် တွေးဆစဉ်းစားလိုက်မိသေး၏။

"အင်း ... ငါ ဘာဆက်လုပ်ရပ့် ...၊

ငါ့ကို ဒီအိမ်ကြီးရဲ့အရှင်သခင် ဟိုအဘွားကြီးက သူ့သားလို့ ထင်ပြီး ဖွတ်ခေါ်လာခဲ့တာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ငါက ငါ့မိန်းမ,ရှိရာ စာရေးကိုပြန်ရဦးမှာ၊ ဒီအိမ်ကြီးပေါ်မှာ သောင်တင်နေလို့ မဖြစ်ဘူး ...၊

အဘွားကြီးကို ငါဟာ သူ့သားခွန်မြတ်ညီ မဟုတ်ကြောင်း ပြောပြီးပြန်ရရင် ကောင်းမလား၊ ဒါပေမဲ့ အဘွားကြီးက ငါပြောတာကို အမှန်လို့ ယုံကြည်လက်ခံပါ့မလား ...၊

အဘွားကြီးက သူ့သားနဲ့ပတ်သက်ပြီး အရူးတစ်ပိုင်းလို ဖြစ်နေရှာတာ၊ သူ့သား သေပြီးတာကိုတောင် သူ့ မပြောရဲကြဘူးနဲ့တူတယ်၊ အဘွားကြီးက သူ့သား အသက်ရှင်နေသေးတယ်ပဲ ထင်မှာ၊

ငါက သူ့သားအဖြစ် ဘယ်လောက်ကြာအောင် ဟန်ဆောင်နေရမှာလဲ၊ မဖြစ်ပါဘူး ... အမှန်အတိုင်းပြောပြီး စာရေးပြန်တာပဲကောင်းတယ်"

မင်းဝေက ယင်းသို့တွေးရင်း ရေကို စိမ်ပြေနပြေချိုး လျက်ရှိစဉ် ဒေဝီက ရေချိုးခန်းတံခါးကို အပြင်မှ အဆက်မပြတ် ထုတော့၏။

'ဒုန်း ဒုန်း ဒုန်း'

"အထဲကလူ အထဲကလူ ... ရေချိုးတာ မပြီးသေးဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့တော့လေ ... ကြာလှပြီ"

ထိုအခါမှ မင်းဝေမှာ သူ အတွေးလွန်နေသည်ကို သတိရသွားပြီး ရေပန်းကို ပိတ်လိုက်လေ၏။ ပြီးလျှင် သူ့ပုဆိုးကို နံငယ်ပိုင်းနှင့် ထဲဝတ်လိုက်ကာ အသင့်တွေ့ရသည့် တဘက်ဖြင့် ခေါင်းကိုသုတ်လိုက်လေသည်။

ပြီးမှ သူက ရေချိုးခန်းတံခါးချက်ကိုဖွင့်ကာ ထွက်လိုက်ရင်း ဒေဝီ၏မျက်နှာကို ရှုတည်တည်ဖြင့်ကြည့်ကာ အငေါ်တူး လိုက်လေ၏။

"ကျုပ်မှာ နာမည်ရှိတယ်၊ ဘာလဲ ... အထဲကလူ"

"ဪ ... ရှင့်နာမည်မှမသိဘဲ၊ ပြောထားဦးရှင့် နာမည်"

"ညီညီ ... ခွန်မြတ်ညီတဲ့ ... မှတ်ထား"

"ဟွန်း"

မင်းဝေက ရွဲ့ပြောလိုက်ရာ ဒေဝီက နှုတ်ခမ်းကိုလှပစွာ မဲ့ပြီး မျက်စောင်းထိုးလိုက်ပြန်၏။

"ဒီမှာ ... ရှင် စကားများမနေနဲ့၊ တော်ကြာဆို ထမင်းစားဖို့ ကောင်မလေးတွေ လာခေါ်လိမ့်မယ်၊ အဝတ်အစားဝတ်ဖို့ လိုက်ခဲ့"

"ဘယ်ကိုလဲ"

"ဒီအခန်းထဲကိုပေါ့"

ပြောပြောဆိုဆိုဖြင့် ဒေဝီက သူမတို့လင်မယား၏ အိပ်ခန်းကြီးထဲ ဝင်သွားရာ မင်းဝေပါ နောက်မှ လိုက်ဝင်ရလေတော့သည်။

"ဟင် ... ဒါ နှစ်ယောက်အိပ်ခန်းကြီးပဲ"

"ဒီမှာ ... ရှင် ဇီဇာကြောင်မနေနဲ့၊ ဒီအခန်းထဲမှာပဲ အဝတ်အစား ဝတ်၊ အခြားနေရာမှာ ရှင် အဝတ်အစားဝတ်လို့ မဖြစ်ဘူး။ တော်ကြာ မယ်မယ်ကြီးတက်လိုက်လာရင် ရှင်းရခက်မယ်၊ ကဲ ... ဒါတွေဝတ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီက ခပ်သောင့်သောင့်ပြောရင်း ခုတင်စွန်း၌ တင်ထားသည့် ပိုးလုံချည်နှင့် ရှပ်လက်တိုတို့ကို ညွှန်ပြပြီးနောက် အိပ်ခန်းကြီးထဲမှ ထွက်သွားတော့၏။

မင်းဝေက ဒေဝီ၏နောက်ကျောကို ပြုံးကြည့်ကျန်ရစ်ပြီးနောက် ပိုးလုံချည်နှင့် ရှပ်လက်တိုတို့ကို ဝတ်လိုက်လေသည်။

"ညီညီတို့များ အိမ်နေရင်းတောင် ပိုးလုံချည်ဝတ်သတဲ့လား။ အေးလေ . . . ရှင်ဘုရင့်ပုဆိုး ပိုးချည်းဆိုသလို သူတို့သူဌေးတွေကတော့ အိမ်နေရင်းတောင် ပိုးလုံချည် ထည်လဲဝတ်ကြမပေါ့"

သူက အဝတ်အစား သစ်သစ်လွင်လွင်တို့ကို လဲဝတ်ရင်း အိပ်ခန်းကျယ်ကြီးထဲ မျက်စိကစားကြည့်လိုက်လေ၏။

ရောမကြေးခုတင်ကြီးပေါ်မှ ဖဲမွေ့ရာကြီးကား အိစက်လို့ပါလား။ ဖဲခေါင်းအုံးများ ဖဲနားကွပ်သိုးမွေးခြုံစောင်ကြီးများနှင့် လွန်စွာခမ်းနားသိုက်မြိုက်လှသော နှစ်ယောက်အိပ်အိပ်ရာကြီးကို ငေးကြည့်ရင်း . . .

"အင်း . . . ဒီလို အိစက်နေတဲ့မွေ့ရာကြီးပေါ်မှာ ဒေဝီလိုမိန်းမချောလေးနဲ့ တူနှစ်ကိုယ် ရွှေလည်တွဲလို့ အိပ်စက်လိုက်ရရင်ဖြင့်"

ဟူ၍ ရုတ်တရက် ရင်ထဲသို့ စိတ်ရိုင်းအတွေးရိုင်းတို့ ဝင်လာပြီးမှ . . .

"ဟယ် . . . မတော်ပါဘူး၊ ဒီလိုမျိုးစိတ်ကူး မတွေးသင့်မတွေးအပ်ရာကို မတွေးကောင်းပါဘူး"

ဟု သတိတမံ ဉာဏ်မြေကတုတ် စိတ်ဆင်ရိုင်းကို အသိတရားချွန်းဖြင့် အုပ်ပြီးသကာလ သိုက်မြိုက်ခမ်းနားလှသည့် ဖဲမွေ့ရာကြီးဆီမှ အကြည့်ကို လွှဲဖယ်လိုက်ရလေ၏။

ထိုရောအခါ သူ၏မျက်လုံးအကြည့်တို့သည် ခုတင်နံဘေးရှိ



www.burmeseclassic.com

www.burmeseclassic.com


ညက်လုံး မှန်တင်ခုံကြီးဆီသို့ရောက်ရှိသွားပြီးလျှင် ကျွန်းပန်းကနုတ် ဘောင်ခတ်ထားသော ဘဲဥပုံကြည့်မှန်ကြီး၏ရှေ့မှ နှစ်ယောက်တွဲ ခုံဆီ ရောက်ရှိသွားလေတော့သည်။

ရွှေနားရေး ပန်းကနုတ်ဘောင်ခတ်ကာ ဒေါက်လေး ထောက် ထောင်ထားလေသည့် နှစ်ယောက်တွဲဓာတ်ပုံလေးထဲမှ မင်္ဂလာ သတို့သား သတို့သမီးဝတ်စုံနှင့် စုံတွဲပုံသည်ကား ခွန်မြတ်ညီနှင့် ဒေဝီ ညိုနှင့် မင်္ဂလာဦးပုံပင် ဖြစ်ချိမ့်မည်။

မင်းဝေက ဓာတ်ပုံလေးကို ကောက်ယူလိုက်ကာ ခွန်မြတ်ညီ ၏ပုံအား စိတ်ဝင်စားစွာ စူးစိုက်ကြည့်ရှုလေ့လာလိုက်သည်။

မောင့်ကျက်သရေခေါင်းပေါင်းနှင့် ပြုံးရယ်နေသော ခွန်မြတ် ညီ၏ပုံက သူနှင့် အတော်လေးဆင်ကြောင်း တွေ့ရ၏။

“အင်း ... ဒါပေမဲ့ သူ့ရဲ့မျက်လုံးတွေက ပိုစူးတောက်ပြီး မျက်နှာက ပြည့်တယ်၊ ငါ့လို ပါးချောင်နားချောင် မဟုတ်ဘူး၊ ဘာပဲ ဖြစ်ဖြစ် ဒီလောက်တူတာ အံ့စရာပဲ၊ ဒါကြောင့်လည်း အဘွားကြီးက ငါ့ကို သူ့သားဆိုပြီး တန်းတန်းစွဲဖြစ်နေတာကိုး”

သူက သက်ပြင်းရှိုက်ကာ ဓာတ်ပုံလေးကို မှန်တင်ခုံပေါ် ပြန်တင်ထားလိုက်ပြီးနောက် အသင့်တွေ့ရသည့် ကော့စမတ်တစ် ဆီ ဆံကေသာတွင် လိမ်းလိုက်လေသည်။

ပြီးမှ ဘီးတစ်ချောင်းဖြင့် ဆံပင်ကို သေသပ်စွာဖြီးကာ ဆံတောက်ကို အကျအန ထောင်လိုက်လေ၏။

ထို့နောက် မှန်ထဲမှ သူ့အရိပ်ကိုကြည့်လိုက်ရာ အဝတ်သစ် အစားသစ်များဖြင့် အတော်သားနားလျက်ရှိသည်ကို တွေ့ရတော့သည်။

သူက သူ့ကိုယ်သူ ကျေနပ်စွာ လေတစ်ချက်ချွန်လိုက်ပြီး နောက် အိပ်ခန်းထဲမှထွက်ခဲ့ရာ အခန်းအပြင်ဘက်တွင် ရပ်စောင့်နေ

www.burmeseclassic.com



သည့် ဒေဝီမှာ မင်းဝေ၏ သားနားကျော့မော့နေသော ရုပ်အဆင်းကို တွေ့လိုက်ရသည်၌ အံ့အားတသင့် ဖြစ်သွားရလေ၏။

"အို ... ရှင် ရှင်က ဒီလိုတော့လည်း အလာကြီးပါလား ကြည့်စမ်း ... မောင့်အဝတ်အစားတွေ ဝတ်ပြီး မောင့်လို ဆံပင် ခမောက်ကလေးထောင်လိုက်မှ မောင်နဲ့ ပိုတူသွားတာပဲ"

ဒေဝီ အံ့ဩတကြီး မှတ်ချက်ချလျက်ရှိစဉ်မှာပင် မလုံးသည် ဒိမ်ပေါ်ထပ်သို့ ခပ်သွက်သွက်လေးတက်လာပြီး မင်းဝေကို ခေါ် တော့၏။

"အစ်ကိုလေး ... မယ်မယ်ကြီးက မမလေးနဲ့အတူလာခဲ့ တော့တဲ့၊ ထမင်းပွဲ ပြင်ပြီးပြီတဲ့"

"အေး အေး ... အခုလာခဲ့မယ်လို့ မယ်မယ်ကြီးကို ပြော လိုက်"

ဒေဝီကပင် ပြန်ပြောလိုက်ပြီး ...

"ကဲ ... လာ လာ ... ကြွတော်မူ"

ဟု မင်းဝေကိုခေါ်ကာ သူမက မလုံး၏နောက်မှ လှေကား ထစ်များအတိုင်း ဆင်းသက်သွားတော့၏။

မင်းဝေကမူ ကျွန်းသားလှေကားထစ်များကို တစ်ထစ်ချင်း နင်းကာ ခပ်ဖြည်းဖြည်း ဆင်းလိုက်လာလေသည်။

သူက တမင်အချိန်ဆွဲ ဆင်းခြင်းမဟုတ်၊ လှေကားအတိုင်း ဆင်းရင်း အဘွားကြီးနှင့်ပြန်လည်ဆုံတွေ့ရသည့်အခါ ဖြစ်ရပ်အမှန်ကို ပြောလိုက်ရလျှင် ကောင်းမည်လားဟု တွေးဆလာခြင်းဖြစ်၏။

သို့သော် ဒေဝီကမူ လှေကားခြေရင်းမှ စောင့်နေရင်း မျက် မှောင်ကြုတ်လျက် မော့ကြည့်နေကာ စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ် ခပ်တိုးတိုး ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာစမ်းပါရှင့် ... ဘာဖြစ်လို့ တုံ့နှေးတုံ့နှေး လုပ်နေရတာတဲ့ မယ်မယ်ကြီးက စိတ်မြန်လက်မြန်နဲ့ ... ခက်တော့တာပဲ"

"ဒီမှာ"

လှေကားခြေရင်းအရောက်တွင် မင်းဝေက ခြေစုံရပ်လိုက်ပြီးနောက် ဒေဝီ၏မျက်ဝန်းတို့ကို စိုက်ကြည့်ရင်း လေးနက်စွာ ပြောလိုက်လေသည်။

"ဒေဝီ ... ကျုပ်ဟာ ခွန်မြတ်ညီမဟုတ်တဲ့အကြောင်း မင်းရဲ့ [illegible]ကြီးကို ပြောလိုက်ချင်ပြီ"

သည်တော့လည်း ဒေဝီမှာ ပျာပျာသလဲ ဖြစ်သွားရပြန်၏။

"အို ... မ မဖြစ်ပါဘူးရှင်၊ မယ်မယ်ကြီးက သိပ်အစွဲအလမ်းကြီးတာ၊ ရှင်ဟာ မောင်မဟုတ်ပါဘူးလို့ ကျမ်းကိုင်ပြောတာတောင် ယုံမှာမဟုတ်ဘူး ... သိရဲ့လား"

"ဒါဆို ကျုပ်က ခွန်မြတ်ညီအဖြစ် ဆက်ပြီးဟန်ဆောင်နေရမယ်လား' ... ဟုတ်လား"

"လောလောဆယ်တော့ ဒီအတိုင်းပဲ နေလိုက်ပါရှင်၊ ခုအချိန်မှာ မယ်မယ်ကြီးနဲ့ ရှင်နဲ့ အတိုက်အခံဖြစ်လို့ မဖြစ်ဘူး၊ မယ်မယ်ကြီးရဲ့နှလုံးရောဂါဟာ အချိန်မရွေး ခေါက်ခနဲ ဖြစ်သွားနိုင်တယ်လို့ ဒေါက်တာမစ္စတာရာဆင်းက သေသေချာချာ မှာထားလို့ပါ"

"ကောင်းပြီလေ ... ဒီလိုဆိုလည်း ကျုပ်ဟာ ညီညီ ဆက်ဖြစ်နေရဦးမှာပေါ့"

"ကဲပါ ... လာပါ၊ နောက်ကိစ္စ နောက်မှကြည့်ရှင်းပါ၊ ခုတော့ မယ်မယ်ကြီးကျေနပ်အောင် ထမင်းဝင်စားလိုက်ကြရအောင်"

ဒေဝီက မင်းဝေ၏လက်မောင်းကို လက်တစ်ဖက်ဖြင့် တွဲချိတ်ကာ ထမင်းစားခန်းကြီးထဲသို့ ခပ်ပြုံးပြုံးအမူအရာဖြင့် လှမ်းဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟော သားလေး . . . လာ လာ၊ အမေ့အနားမှာ လာထိုင် စမ်းပါ သားရဲ့"

ဒေါ်စောနန်းမြတ်စံက ထမင်းစားပွဲခုံ၏ထိပ်ရှိ ကုလားထိုင်တွင် ထိုင်နေရင်းမှ လှမ်းခေါ်ကာ မင်းဝေကို သူမ၏အနီးတွင် ထိုင်စေလေ၏။

"မိဒေဝီ . . . ညည်းလည်းထိုင်လေ၊ သားလေးအတွက် ဟင်းတွေ ခပ်ထည့်ပေးစမ်း"

"သားလေး စားနော် စား၊ ဟဲ့ မိဒေဝီ . . . ညည်းယောက်ျားကို ပုစွန်တုပ်ကြီးတွေ ထည့်ပေးလိုက်လေ"

"ရော့ ရော့ . . . ဒီမှာ ဆိတ်သားဆီပြန်၊ ငါ့သားလေးအတွက် အမေကိုယ်တိုင် ခပ်ထည့်ပေးမယ်"

"ဟဲ့ မိလုံး . . . နင့်အစ်ကိုလေးကို သေသေချာချာ ယပ်ခပ်ပေးစမ်း၊ သားလေး အိုက်နေမယ်"

ထမင်းစားခန်းထဲတွင် ဒေါ်စောနန်းမြတ်စံ၏ စကားသံစူးစူးသာ ဆူညံလျက်ရှိတော့သည်။

"မောင်လှိုင် မောင်လှိုင်"

"ဗျာ"

"မနက်ဖြန်ကျရင် ဒီထမင်းစားခန်းရဲ့ မျက်နှာကြက်မှာ ပန်ကာတစ်ခု ဝယ်တပ်စမ်း၊ ထမင်းစားတဲ့အခါ သားလေးအိုက်ရင် ပန်ကာဖွင့်ပေးရမယ် . . . သိလား"

"ဟုတ် . . . ဟုတ်ကဲ့ မမ၊ ဟို ဟို . . . သူတို့လင်မယားရဲ့ အိပ်ခန်းထဲက ပန်ကာပျက်နေတာလည်း ဒီနေ့ပဲ မက်ကင်းနဲ့ခေါ်ပြီး ပြင်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး . . . ဩော် . . . အိပ်ခန်းဆိုလို့ ခုမှသတိရတယ် ငါ့ မိလုံး"

"ရှင် မယ်မယ်ကြီး"

"သားလေးတို့လင်မယားရဲ့ အိပ်ရာကို သေသေချာချာ ပြင်ပြီး ပြီလား"

"အဲ . . . ဟို . . . မ မပြင်ရသေးပါဘူး မယ်မယ်ကြီး"

"ဘာ . . . ဘာဖြစ်လို့ မပြင်ရသေးတာလဲ၊ သွား . . . ခု ချက်ချင်း ခင်တင့်ပါ ခေါ်သွား၊ ငါ့သားလေး အညောင်းအညာ ဆန့်ချင် လို့ အယ်လိုလုပ်မလဲ၊ သားလေး အိမ်ပြန်မအိပ်တာ တစ်လကျော်ပြီ အိပ်ရာမှာ သူ ဇိမ်နဲ့အိပ်ပါစေ၊ အိပ်ရာခင်းတွေ ခေါင်းအုံးစွပ်တွေ အသစ်ဖြစ်ပါစေနော်၊ ရေမွှေးလည်း ဖျန်းပေးထား . . . ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့"

"ဟုတ်ကဲ့ဆို ခုသွား"

"ဟုတ်"

မိလုံးမှာ လက်ထဲမှယပ်တောင်ကို ဦးမောင်လှိုင်၏လက်ထဲ အမှာတသီထည့်ကာ ထမင်းစားခန်းထဲမှ ခပ်သုတ်သုတ် ထွက်သွား တော့၏။

မင်းဝေမှာ စာရေးမှ ထွက်လာကတည်းက မြိုးမြိုးမြက်မြက် စားခဲ့ရသဖြင့် ယခု ယင်းကောင်းကျွေးကောင်းတို့ကို အလျှံပယ် စားရသည်တွင် အားရပါးရ တွယ်ပစ်လိုက်ချင်သော်လည်း ဣန္ဒြေဆည် လျက်သာ ပုစွန်တုပ်ကြီးများ၊ ဆိတ်သားလုံးကြီးများကို ခပ်ဖြည်းဖြည်း စားနေရတော့သည်။

ယင်းသို့ ခံတွင်းတွေ့နေသည့် မင်းဝေမှာ ဒေါ်စောနှင့်မြတ်စံ တို့ လင်မယားအိပ်ရာကို ပြင်ခိုင်းနေသံကြားရတော့ ပုစွန်တုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်ကို ဝါးနေရင်းမှ မသိမသာ မျက်လုံးပြူးသွားရပြီး ဒေဝီအား အသာခိုးကြည့်လိုက်သည်တွင် ဒေဝီမှာ မျက်လွှာချလျက် ထမင်းလုတ် တစ်လုပ်ကို ပါးစပ်ထဲသွင်းလုလုမှာပင် ယင်းထမင်းလုတ်မှာ ထမင်း ပန်းကန်ထဲ ပြန်ပြုတ်ကျသွားသည်ကို တွေ့လိုက်ရလေ၏။

ထိုအခိုက် ဒေဝီက သူ့ကို မျက်လွှာပင့်ကာ ဖျတ်ခနဲ မော့ ကြည့်လိုက်သည်တွင် မင်းဝေမှာ သူမထံမှ မျက်လုံးအကြည့်ကို ကသောကမျော လွှဲလိုက်ရလေသည်။

"အင်း ... နေမြင့်လေ အရှူးရင့်လေ ဆိုသလို ဖြစ်တော့ မယ်နဲ့တူတယ်၊ ဒေါ်စောနန်းမြတ်စံက ငါ့ကို သူ့သားလို့ပဲ မှတ်ထင်ပြီး ဒေဝီနဲ့ တစ်အိပ်ရာထဲ အတူအိပ်နိုင်းတော့မှာ သေချာတယ်၊ သူက စိတ်မြန်လက်မြန်နဲ့ ဒေါသသိပ်ကြီးတော့ ဘယ်သူကမှလည်း သူ့ဩဇာ သူ့အမိန့်ကို မလွန်ဆန်ဝံ့ကြဘူး၊ ညရောက်ရင်တော့ ခက်ပြီနဲ့တူတယ် ... ဘယ်လိုလုပ်ရပါ့"

မင်းဝေမှာ ဆက်လက်ဖြစ်ပေါ်လာမည့်ကိစ္စတို့အတွက် စိတ် ပူပန်ကာ ရင်ခုန်လှုပ်ရှားသွားရသဖြင့် ထမင်းပင် ဆက်စားလိုစိတ် မရှိတော့ရာ ထမင်းစားခြင်းကို ရပ်လိုက်ပြီး လက်ဆေးခွက်၌ လက်ဆေး လိုက်လေတော့သည်။

"ဟဲ့ သားလေး ... တော်ပြီလားကွဲ့၊ ဝရဲ့လားကွယ်"

"ဝပါတယ် အမေ"

"ဒါဆို ရော့ ... သင်္ဘောသီးမှည့်လေး အစာပိတ်အဖြစ် စားလိုက်ဦးကွဲ့၊ သင်္ဘောသီးမှည့်က ဝမ်းပျော့ပျော့သွားတယ်"

"ဟုတ်"

မင်းဝေမှာ ဒေါ်စောနန်းမြတ်စံကိုယ်တိုင် ကမ်းပေးသည့် သင်္ဘောသီးစိပ်ကို လှမ်းယူလိုက်ရင်း ဤအသွားကြီးသည်အား သား


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူကို အတိုင်းအဆမဲ့ချစ်သူပါတကား။ သားဖြစ်သူ မိန်းမရနေ ပြီ ဖြစ်သည့်တိုင် ကလေးငယ်လေးကဲ့သို့ စိုးရိမ်ပူပန်စွာ ဂရုစိုက်သူပါ တကားဟု စိတ်ထဲမှ တွေးလိုက်မိလေ၏။

"ကဲ သားလေး ... စားသောက်ပြီးရင် တစ်ရေးတစ်မော အိပ်ပြီး အနားယူလိုက်ဦး ... ဟုတ်လား၊ ဟဲ့ မိဒေဝီ ... သားလေး ကို ခေါ်သွားတော့လေ၊ သားလေး အေးအေးဆေးဆေး နားပါစေ ကွယ်"

"ဟုတ်ကဲ့ မယ်မယ်ကြီး"

ဒေဝီက ထိုင်ရာမှထပြီး မင်းဝေ၏လက်တစ်ဖက်ကို လှမ်းဆွဲ တာ ...

"လာလေ မောင်၊ အနားယူရင်း တစ်ရေးတစ်မောအိပ်လိုက် ဦး ... ဟုတ်လား"

ဟု ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ပြောကာ ထမင်းစားခန်းကြီး ထဲမှ ခေါ်ထုတ်ခဲ့တော့သည်။

သူမက ဧည့်ခန်းမကြီးကို ဖြတ်ကျော်ကာ ကျွန်းလှေကား ကြီးအပေါ်ရောက်သည့်တွင် ဆွဲထားသောလက်ကို ခပ်ဆတ်ဆတ် ဖြုတ်ချလိုက်ပြီး သူမဘာသာ ရှေ့မှ တက်သွားတော့၏။

မင်းဝေလည်း လှေကားအတိုင်း တစ်ထစ်ချင်းတက်လာခဲ့ရာမှ အိမ်ပေါ်ထပ်သို့ ရောက်လေလျှင် လှေကားထိပ်ဆီ ဦးတည်လာနေ သော ဦးမောင်လှိုင်ကို တွေ့လိုက်ရရာ ခြေလှမ်းကိုရပ်လိုက်ပြီး ...

"ဦးလေး ... ကျွန်တော်က ဘယ်လိုလုပ်ရမှာလဲ၊ ကျွန်တော့် မိဘတို့ ကျွန်တော် ပြန်ရဦးမယ်ဗျ"

ဟု ပြောလိုက်ရာ ဦးမောင်လှိုင်က သူ့ကို ခပ်စူးစူးစိုက်ကြည့် လိုက်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... လာ မောင်ရင်၊ မောင်ရင့်ကို ကျုပ် ပြောစရာ အများကြီးရှိတယ်၊ မေးစရာတွေလည်း ရှိတယ်၊ အေးအေးဆေးဆေး မေးမြန်းဆွေးနွေးကြတာပေါ့"

ဟုပြောပြီး ဘုရားဆောင်ဘက်သို့ ဦးဆောင်ခေါ်သွားတော့၏။

ဘုရားဆောင်၏ဘေးဘက်အပေါက်မှ ထွက်လိုက်ကြလေလျှင် ဝရန်တာသို့ ရောက်ရှိသွားကြရာ ယင်းဝရန်တာရှိ သစ်သားခုံတန်းပေါ်တွင် ထိုင်လိုက်ကြပြီးနောက် ဦးမောင်လှိုင်က မင်းဝေ၏ မျက်နှာကို စေ့စေ့ကြည့်ကာ စကားစတင်ပြောတော့၏။

"ဒီမှာမောင်ရင် ... ကျုပ်ရဲ့နာမည်က ဝဏ္ဏလှိုင်တဲ့၊ ကျုပ်ဟာ မမရဲ့ မောင်တစ်ဝမ်းကွဲပဲ၊ မမမှာ ဆွေမျိုးရင်းချာဆိုလို့ ကျုပ်တစ်ယောက်ပဲ ရှိတယ်၊ ကျုပ်ရဲ့မိဘက ဆင်းရဲတယ်၊ မမရဲ့မိဘက ချမ်းသာတယ်၊ မိုးကုတ်က ကျောက်တွင်းသူဌေးတွေပဲ၊ မမရဲ့ယောကျ်ားကလည်း မျိုးရိုးစဉ်ဆက် ချမ်းသာလာတဲ့ တွင်းစားမျိုးရိုးပဲ၊ မမရဲ့ ယောကျ်ား ဦးနောင်မွန်း ကွယ်လွန်သွားတော့ မမဟာ မိုးကုတ်မြေမှာ မနေချင်တော့တာနဲ့ ရန်ကုန်ကို ဆင်းလာပြီး အခြေချခဲ့တာပဲ ...၊

ကျုပ်ရဲ့မိဘနှစ်ပါးဟာ ကျုပ် အရွယ်ရောက်စမှာပဲ ကွယ်လွန်သွားခဲ့ကြတယ်၊ ကျုပ်ရဲ့မိဘက ဆင်းရဲတော့ ကျုပ်အတွက် ဘာအမွေအနှစ်မှ မချန်ထားခဲ့နိုင်ဘူး၊ ဒါကြောင့် ကျုပ်ဟာ မမတို့မိဘတွေကိုပဲ အားကိုးခဲ့ရတယ်"

ဦးဝဏ္ဏလှိုင်က ခြံဝင်းရှေ့ပိုင်းတွင် ပေါက်ရောက်နေသော ကံ့ကော်ပင်ကြီးဆီသို့ ငေးကြည့်ရင်း ခပ်ဖြည်းဖြည်း ဆက်ပြောသည်။

"ကျုပ် အိမ်ထောင်ကျသေးတယ်၊ မိုးကုတ်နားက ရွာကောက်ရွာက အမျိုးသမီးတစ်ယောက်နဲ့ပဲ၊ သားသမီးမထွန်းကားခဲ့ဘူး၊ အဲဒီတုန်းက ကျုပ်ဟာ သစ်တင်ကားမောင်းခဲ့တယ်၊ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



သက် နှစ်နှစ်ဆယ်လောက်အရောက်မှာ ကျုပ်ရဲ့မိန်းမ ဆုံးသွားတော့ ဆူးကောက်ကနေ မိုးကုတ်ကို ပြန်လာခဲ့တယ်၊ မမတို့ရဲ့ ကျောက်တွင်း မှော်မှာပဲ အလုပ်ဝင်လုပ်ခဲ့ရတယ် ...၊

အစ်ကိုဦးနောင်မွန်း ကွယ်လွန်သွားပြီး မမ ရန်ကုန်ကို ပြောင်း ရွှေ့တော့ ကျုပ်လိုက်ပါလာခဲ့ရတယ်၊ မမက ဒီရန်ကုန်မှာ ဘာစီးပွား ရေးလုပ်ငန်းမှ မလုပ်ဘူး၊ ရှိတဲ့ငွေအားလုံးကို မက္ကဆင့်ဘဏ်မှာ သွင်း ထားပြီး ဘဏ်တိုးနဲ့တင် သုံးလို့မကုန်ဘူးလေ၊ ကျုပ်ကတော့ သူတို့ သားအမိကို အနီးကပ်စောင့်ရှောက်ရင်း မမရဲ့အရိပ်မှာ ခိုလှုံနေတယ် ဆိုပါတော့၊ အဲဒါကတော့ ကျုပ်ရဲ့အကြောင်းပဲ ...၊

အဲ ... မောင်ရင်သိသင့်သိထိုက်လို့ ဒေဝီရဲ့အကြောင်း ပြော ပြထားရမယ်၊ ဒေဝီလည်း မိုးကုတ်ဇာတိပဲ၊ ဒေဝီရဲ့အဖေဟာ မမတို့ရဲ့ မှော်မန်နေဂျာတစ်ဦးပဲ၊ ဒေဝီဟာ အလုပ်သမားရဲ့သမီးဆိုပေမယ့် လှတဲ့ ချောတဲ့အတွက် ညီညီက အရမ်းသဘောကျပြီး သူ့အမေကို ပူဆာတဲ့ အတွက် သူ့အမေက ဒေဝီရဲ့မိဘတွေနဲ့ ညှိနှိုင်းပြီး သူတို့နှစ်ယောက်ကို လက်ထပ်ပေးခဲ့တာပဲ၊ သူတို့လက်ထပ်ပြီး တစ်နှစ်လောက်အကြာမှာပဲ ဒေဝီရဲ့မိဘနှစ်ပါးစလုံး သေဆုံးသွားကြတယ်၊ ဒေဝီဟာ ချွေးမဆိုပေ မယ့် သူ့ဝန်ထမ်းရဲ့သမီးဖြစ်လို့ မမက ဒေဝီအပေါ် အင်မတန်နိုင်တယ်"

"မမ မနိုင်တာဆိုလို့ ဒီအိမ်ကြီးထဲမှာ ညီညီတစ်ယောက်ပဲ ရှိတယ်၊ မောင်ရင်ဟာ ညီညီမဟုတ်ဘူးဆိုတာကို အိမ်ဖော်မလေး တွေကအစ ဒီအိမ်က အိမ်သားအားလုံး သိတယ်၊ မိလုံးတို့ကိုလည်း ကျုပ်ပဲ ရှင်းပြခဲ့တာ ...၊

ခက်တာက မမဟာ စိတ်မာန်ကြီးသလောက် အစွဲအလမ်း ကြီးတယ်၊ သူ့ အစွဲအလမ်းကြီးပုံက စိတ္တဇဆန်သလိုပဲ၊ မောင်ရင့်ကို သူ့သား ညီညီလို့ပဲ စိတ်ထဲစွဲထင်နေတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျုပ်ပြောချင်တာက အဲ ...မေတ္တာရပ်ခံချင်တာက မောင်ရင့်အနေနဲ့ ဒီအိမ်ကြီးမှာပဲ ဆက်ပြီး ညီညီအဖြစ် နေပေးပါလို့''

ဤတွင် မင်းဝေ ချက်ချင်း ကန့်ကွက်တော့သည်။

''ဟာ ...ဒါတော့ ကြာရှည်မဖြစ်ဘူး၊ ကျွန်တော့်ရဲ့မြို့ဆီ ကျွန်တော် ပြန်ရဦးမယ်ဗျ''

''နေပါဦး မောင်ရင်ရယ် ...ကျုပ်ပြောပါရစေဦး၊ ညီညီအဖြစ် ဒီအိမ်ကြီးပေါ်မှာ မောင်ရင်နေပေးရတဲ့အတွက် မောင်ရင့်ဘက်က မနစ်နာစေရပါဘူး၊ ညီညီအဖြစ် နေပေးခအတွက် ကျုပ်တို့က လစဉ် လခကောင်းကောင်းပေးမှာပါ''

''လခပေးမယ် ...ဟုတ်လား''

ဟုတ်ပါတယ် မောင်ရင် ... လခအနေနဲ့ တစ်လကို တစ်ရာ ပေးမှာပါ''

''ဗျာ ...တစ်ရာ ...ဟုတ်လား''

တစ်လ တစ်ရာဆိုသော လခမှာ (ထိုခေတ်ထိုအခါက အနေအထားအရ) သူ့အတွက် များလွန်းလှသဖြင့် မင်းဝေ အံ့ဩသွားရတော့၏။ သူ ရန်ကုန်မြို့မှာ မည်သည့်အလုပ်ကို လုပ်လုပ် တစ်လ သုံးလေးဆယ်ထက် ပိုဖွယ်ရာမရှိချေ။

ယခုတော့ ခမ်းနားထည်ဝါလှသည့် စံအိမ်ကြီးထဲဝယ် ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းနေရလျက် လခကလည်း တစ်ရာကြီးများတောင် ရဦးမည်ဆိုတော့ သူ့အနေဖြင့် ငြင်းပယ်လျှင် မိုက်ရာကျလိမ့်မည်ဟု မင်းဝေ ယူဆမိလာတော့သည်။

''အင်း ...ငါ ရန်ကုန်ကို ဆင်းလာတာဟာ အလုပ်ရှာဖို့ မဟုတ်လား၊ အခု လစာ အင်မတန်ကောင်းတဲ့အလုပ်ကို မထင်



www.burmeseclassic.com

www.burmeseclassic.com



ရှက်သဲ ရပြီပဲ၊ ဒီတိုက်ကြီးပေါ်မှာ ဖိမ်နဲ့နေပြီး လစာကောင်းကောင်းရတဲ့ အလုပ်ကြီးကို ငါ လက်လွှတ်ခံလို့ မဖြစ်ဘူး၊ ဟုတ်တယ် ... ဘယ်နည်းနဲ့မှ မဖြစ်ဘူး''

သို့နှယ် မင်းဝေက သူ၏စိတ်ထဲတွင် စဉ်းစားတွေးဆလျက် ရှိစဉ် ဦးဝဏ္ဏလှိုင်က သူ့ကို အကဲခတ်ကြည့်လိုက်ပြီးနောက် ...

''ဘယ့်နှယ်လဲ မောင်ရင် ... ကျုပ်ပြောတာ ဘယ်လို သဘောရသလဲ''

ဟု မေးလိုက်လေသည်။

''အဲဒီအလုပ်ကို ကျွန်တော်က ဘယ်အချိန်ထိ လုပ်ရမှာလဲ''

''အဲဒါက မမရဲ့ကျန်းမာရေးအခြေအနေနဲ့ ဆိုင်တယ်ကွဲ့၊ ညီညီက တကယ်သေသွားခဲ့ပေမယ့် မမကို အဲဒီအကြောင်း ခုထိ လေသံတောင် မဟာရဲသေးဘူး၊ မမမှာ နှလုံးရောဂါရှိတယ်လေ၊ မမရဲ့ နှလုံးရောဂါက စိုးရိမ်ရတဲ့အခြေအနေမှာ ရှိတယ်၊ သူ့သားသေပြီလို့ သိသွားရင် ဘယ်လိုမှ ခံစားနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ဆရာဝန်ကြီး တွေကုသလို့ မမရဲ့နှလုံးရောဂါ အတော်ကြီးသက်သာမှ ဖြစ်ရပ်မှန်ကို မလောက်ခံလာနိုင်အောင် တဖြည်းဖြည်းချင်း လုပ်ဆောင်ရမှာပဲ၊ အဲဒီ အတွက် တစ်နှစ်နီးပါးလောက်တော့ စောင့်ရမယ်ထင်တယ်၊ နောက်ပြီး မောင်ရင့်ကို တစ်ခုပြောချင်တာက အကယ်၍ မမ နေထိုင်ကောင်းပြီး လုံးဝ အဆင်ပြေသွားတဲ့အချိန်အထိ မောင်ရင်က ကူညီမှုပေးခဲ့မယ် ဆိုရင် လက်ရှိရနေတဲ့လခအပြင် ဘောက်ဆူးအဖြစ် ငွေတစ်သောင်း ရစေဖို့ ကျုပ် အာမခံတယ်ဆိုတာပဲ''

''ဗျာ ... တစ်သောင်း ... ဟုတ်လား ဦးလေး''

''ဟုတ်တယ်''

တစ်သောင်းဆိုသော ငွေကြေးမှာ သူ့ဘဝတစ်လျှောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မမျှော်လင့်စကောင်းသော ငွေကြေးထုထည်ကြီး ဖြစ်သဖြင့် မင်းဝေမှာ လွန်စွာ အံ့အားသင့်သွားရသလို လွန်စွာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားရတော့၏။

"ကဲ . . . အဲဒီအလုပ်ကို လုပ်နိုင်မလား မောင်ရင်"

"ဟာ . . . လုပ်နိုင်ပြီလား ဦးလေးရယ်၊ ကျွန်တော် ရန်ကုန်ကို ဆင်းလာတာကိုက အလုပ်အကိုင်ကောင်းကောင်း ရှာဖွေလုပ်ကိုင်ဖို့ ခင်ဗျ၊ အခု ဦးလေးတို့ပေးတဲ့အလုပ်လောက် ကောင်းတာရှိဦးမလား ဗျာ"

"အေး . . . ဟုတ်ပြီ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် . . . အဲဒီအလုပ်အတွက် မောင်ရင်ရဲ့နောက်ကြောင်း ရှင်းဖို့တော့လိုတယ်၊ နောက်ကြောင်းမရှင်းရင် အရာရာ ထိခိုက်လာနိုင်တယ်၊ ဒီတော့ မောင်ရင်က နောက်ကြောင်းရာဇဝင်ရော ရှင်းရဲ့လား၊ မောင်ရင်ရဲ့ဇာတိမြို့မှာ မိန်းမတွေ ဘာတွေများ ရှိသလားကွဲ့"

ဦးဝဏ္ဏလှိုင်၏အမေးစကားကြောင့် မင်းဝေမှာ ရင် ဒိန်းခနဲ ခုန်သွားရသည်။ သူ့မှာ မယားရှိမှန်းသိသွားကြပါက သူ့ကို ညီညီအဖြစ် ဆက်လက်ဟန်မဆောင်ခိုင်းမှာကို ပူပန်သွားမိ၏။

ယခုဆိုလျှင် ညီညီအဖြစ် ဟန်ဆောင်ရမည့်အလုပ်ကို သူ လွန်စွာမက်မောသွားပြီ မဟုတ်ပါလား။

ထို့ကြောင့် ယင်းအလုပ်ကို လက်မလွှတ်ရစေရန် လိမ်ညာပြောဖို့ ဆုံးဖြတ်လိုက်လေသည်။

"မရှိ မရှိပါဘူး ဦးလေးရ . . . ကျွန်တော်က လူပျိုပါ"

"ရွှေ . . . နေရာကျလိုက်တာ၊ ဒါဆို မောင်ရင်ရဲ့နောက်ကြောင်းက ရှင်းပြီပဲ . . . ဟုတ်ပြီ ဟုတ်ပြီ၊ ဩော် . . . ဒါဆို မောင်ရင်ရဲ့ဇာတိမြို့မှာ ဘယ်သူရှိသလဲကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အမေပဲ ရှိပါတယ် ခင်ဗျာ"

"ဒါဆို မောင်ရင့်အမေကို မောင်ရင်က ပေးပို့ထောက်ပံ့ရ မှာ...ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ အဲဒီအတွက် အလုပ်လုပ်ဖို့ ကျွန်တော် ရန်ကုန်ဆင်းလာတာပါ"

"အေးလေ... ဒါဆိုလည်း လစဉ် လကုန်တဲ့နေ့တိုင်း လစာ ငွေ တစ်ရာကျပ် ထုတ်ပြီးပို့ပေးပေါ့ကွယ်၊ မိဘကိုလုပ်ကျွေးရခြင်းက အင်မတန်ကုသိုလ်ရပြီး မွန်မြတ်တဲ့အလုပ်ပဲကွဲ့"

"ဟုတ်ကဲ့"

အလုပ်အတွက် အဆင်ပြေသွားပြီမို့ မင်းဝေမှာ စိတ်အေးသွား ရသည်။ ယင်းသို့ စိတ်အေးသွားရပြီဆိုမှ အိပ်ချင်စိတ်က တဖွားဖွား ဖြစ်ပေါ်လာရတော့၏။ ညက တစ်ညလုံး ရထားစီးလာရသဖြင့် တစ် မှေးမှ အိပ်မရခဲ့ရာ အဆီအဆိမ့်များစားပြီး ယခုမှ လူက ဟန်မဆောင် နိုင်လောက်အောင် ငိုက်မျဉ်းလာတော့သည်။

"ဝါး"

သူက တစ်ချက် သမ်းလိုက်မိပြီးနောက် ...

"ဦး ဦးလေး ... ကျွန်တော် မနေ့က ခရီးပန်းလာလို့ဗျာ၊ တစ်မှေးလောက် မှေးချင်လိုက်တာ"

ဟု ဦးဝဏ္ဏလှိုင် ပြောလိုက်ရတော့၏။

"အေး ... အိပ်စက်အနားယူချင်တယ်ဆိုရင် မင်းတို့ရဲ့အိပ် ခန်းထဲ ဝင်အိပ်လေကွယ်၊ ကျုပ်လည်း ထမင်းစားခန်းမှာ ပန်ကာတပ် ဖို့ရယ်, ကားဝယ်ဖို့ ကိစ္စရယ်ကို လုံးပမ်းရဦးမယ်"

"ဟာ ... အဲဒီအိပ်ခန်းကြီးထဲ ဝင်အိပ်လို့ ဖြစ်ပါ့မလား ဦး လေးရ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်လည်း အိပ်ရမှာပဲ၊ ဒီပြင့်နေရာ မောင်ရင်သွားအိပ် တာကို မမ တွေ့သွား,သိသွားရင် ပြဿနာတက်ကုန်မှာပေါ့ကွဲ၊ ကဲ သွား သွား ... သွားအိပ်ချေ"

ဦးမောင်လှိုင်က အတင်းတိုက်တွန်းနေသဖြင့် မင်းဝေမှာ အိမ် ထဲပြန်ဝင်ခဲ့တော့သည်။

ကြာလေ အိပ်ချင်စိတ်က ထိန်းမရလေဖြစ်ကာ ယခုအချိန်မှာ အိပ်ချင်သည်မှလွဲ၍ ဘာမျှမသိသလို ဖြစ်လာတော့၏။

သည်တော့လည်း ရောမအိပ်ခန်းကြီးရှိရာဆီသို့သာ တန်း တန်းမတ်မတ် လျှောက်လှမ်းသွားပြီး စေ့ရုံစေ့ထားသည့် တံခါးကို တွန်းဖွင့်ကာ အိပ်ခန်းထဲသို့ ဝင်သွားတော့သည်။

မှန်တင်ခုံတွင်ထိုင်ကာ ခေါင်းဖြီးနေသည့်ဒေဝီမှာ အိပ်ခန်း ထဲသို့ ဝင်လာသော မင်းဝေအား မျက်မှောင်ကုတ်ကာ ကြည့်နေလေ သည်။

မင်းဝေက ခုတင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားပြီး အိပ်ရာပေါ်သို့ ဘာမပြောညာမပြော ထိုးအိပ်လိုက်ရာ ဒေဝီသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်မိတော့၏။

ပြီးတော့ သူမက ခုတင်ဆီသို့ ဆိုးဆိုးဆတ်ဆတ် လျှောက် လှမ်းသွားလိုက်ကာ မင်းဝေ၏ပခုံးကို လက်ဖဝါးဖြင့် ဖြန်းခနဲ ရိုက်လိုက် လေသည်။

"ဒီမှာ ... ရှင် ဒါဘာလုပ်တာလဲဟင်၊ ထစမ်း ... ခုထစမ်း"

မင်းဝေမှာ ပခုံးကို အရိုက်ခံလိုက်ရသည့်အပြင် အသံစူးစူး ဖြင့်ပါ အအော်ခံလိုက်ရသဖြင့် ခေါင်းထောင်ကာလှည့်ကြည့်လိုက်လေ၏။

"ဘာ ... ဘာတုံး"

"ဘာတုံးလုပ်မနေနဲ့၊ ရှင်က ဘာသဘောနဲ့ ခွင့်မတောင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူမတို့လင်မယားရဲ့အိပ်ရာမှာ လာအိပ်ရတာလဲဟင်၊ ရှင့်ကို ဒီမှာ ဘယ်သူက အိပ်ခွင့်ပြုလို့တုံး တောသားရဲ့ ...ရာရာစစ''

''ဟာ ...ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ကျုပ်က ဒီမှာမအိပ်လို့ ဘယ်မှာအိပ်ရမှာလဲဗျ၊ နေပါဗျာ ...ဒီမှာ ညက တစ်ညလုံး ရထားစီးလာရတာ အိပ်ရေးပျက်လွန်းလို့ အိပ်ချင်နေရတဲ့ကြားထဲ''

မင်းဝေက ဒါပဲပြန်ပြောပြီး တစ်ဖက်သို့ ခေါင်းလှည့်ကာ ပြန်အိပ်လိုက်တော့၏။

''တောက် ...အိမ်ပေါ်ရောက်လာတာဖြင့် နာရီပိုင်းပဲ ရှိသေးတယ်၊ လူပါးဝလိုက်တာ ...ဟင်း''

ဒေဝီမှာ သူမတို့လင်မယား၏ အိပ်ရာကြီးပေါ်တွင် ပိုင်စိုးပိုင်နင်း အခန့်သားအိပ်နေသည့် မင်းဝေအား ခါးထောက်ရပ်ကြည့်ရင်း စိတ်ထဲဝယ် မခံချိမခံသာ ဖြစ်နေတော့၏။

''သင်းရဲ့ကိစ္စကို ဘယ်လိုရှင်းရမလဲ မသိဘူး၊ ဦးလေးလှိုင်ကို ပြတ်ပြတ်သားသား သွားမေးရမယ်''

ဒေဝီက အိပ်ခန်းထဲမှ ခြေဆောင့်ထွက်ကာ အိပ်ခန်းတံခါးကို ဆောင့်ပိတ်ခဲ့တော့၏။

'ဝုန်း'

❋

ဒေဝီက အိမ်၏ဘဏ္ဍာစိုးဖြစ်သော ဦးဝဏ္ဏလှိုင်အား လိုက်ရှာရာ အိမ်အောက်ထပ်ရှိ မီးဖိုခန်း၏နောက်ဘက် ကပ်လျက်ရှိ စတိုခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် မီးကြိုးများထုတ်ယူနေသည့် ဦးဝဏ္ဏလှိုင်ကို တွေ့ရသည်၌ မင်းဝေ၏ ပိုင်စိုးပိုင်နင်းအပြုအမူတို့ကို တိုင်ကြားတော့၏။

ဤတွင် ဦးဝဏ္ဏလှိုင်က ဦးခေါင်းကိုခါယမ်းလိုက်ပြီး …

"ဒီမှာဒေဝီ … ခုအချိန်မှာ မင်းဝေဟာ ညီညီဖြစ်နေဖို့ပဲ အရေးကြီးတယ်၊ ဒါမှ မမ အသက်ရှင်မယ်၊ ဒီတော့ ညီညီ့နေရာ ယူထားတဲ့ မင်းဝေရဲ့အပြုအမူတွေကို နားလည်ခွင့်လွှတ်လိုက်ပေတော့"

ဟု ပြတ်သားစွာပြောလိုက်ရာ ဒေဝီမှာ စောဒကတက်ခွင့် မသာတော့ဘဲ ဦးဝဏ္ဏလှိုင်အား ချာခနဲ ကျောခိုင်းကာ စတိုခန်းထဲမှ ခြေဆောင့်ထွက်သွားပါတော့သတည်း။

ထိုနေ့ည ညစာစားပြီးနောက် အိပ်ရာဝင်ချိန်ရောက်သည့် အခါမှာမူ ဒေဝီမှာ ပို၍အခက်ကြုံတော့၏။

မင်းဝေမှာလည်း နေ့လယ်ခင်းက အိပ်ချင်လွန်း၍သာ ဒေဝီ တို့၏အိပ်ခန်းကြီးထဲ ဖွတ်ဝင်အိပ်လိုက်ရသော်လည်း ညအိပ်ရာဝင် ချိန်ရောက်သည့်အခါမှာမူ နေ့လယ်တုန်းကကဲ့သို့ စွတ်ရွတ်မဝင်ဝံ့သလို ဖြစ်နေတော့သည်။

သို့သော် ညစာစားပြီးနောက် ဒေါ်စောနန်းမြတ်စံ၏ အလိုဆန္ဒ အတိုင်း ဧည့်ခန်းမကြီးထဲတွင် မိသားစုအားလုံး ဝိုင်းထိုင်ကာ ရေဒီယို နားထောင်ကြရစဉ် ဒေါ်စောနန်းမြတ်စံက မိလုံးအား …

"ဟဲ့ မိလုံး … တစ်အောင့်လောက်ကြာလို့ရှိရင် နင့်အစ်ကို လေးအတွက် သူတို့အိပ်ခန်းထဲ နွားနို့ပူပူလေး သွားပို့စမ်း"

ဟု အမိန့်တော်ချမှတ်ခဲ့ရာ မိလုံး နွားနို့လာပို့သည့်အခါတွင် မင်းဝေမှာ ဒေဝီတို့၏အိပ်ခန်းထဲ၌ မရှိ၍မဖြစ်ပေ။

သည့်တော့လည်း ရေဒီယိုနားထောင်ကြပြီးနောက် အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ တက်လာကြရသည့်အခါတွင် မင်းဝေမှာ ဒေဝီတို့၏အိပ်ခန်းကြီး သို့ မဖြစ်မနေ လိုက်ဝင်ရတော့၏။

ဒေဝီအနေဖြင့် ခွန်မြတ်ညီနှင့် လက်ဆက်ခဲ့စဉ်က ခွန်မြတ်ညီ အား နှစ်နှစ်ကာကာ ချစ်၍မဟုတ်ဘဲ မိဘတို့၏တိုက်တွန်းချက်ကြောင့် သာ လက်ထပ်ယူခဲ့ရခြင်းဖြစ်သည်။

သုံးနှစ်မျှ ပေါင်းသင်းပြီးနောက် ခွန်မြတ်ညီက သူမနှင့် လက် ပြတ်ကာ လူ့လောကကြီးထဲမှ အပြီးထွက်ခွာသွားတော့ရာ သူမမှာ ငယ်ငယ်ရွယ်ရွယ်ဖြင့် မုဆိုးမလေး ဖြစ်ခဲ့ရလေ၏။

သို့သော် ဖြစ်ချင်တော့ ခွန်မြတ်ညီနှင့်ဆင်ဆင်တူသည့် မင်း ဝေဆိုသူက ရောက်လာပြီး သူမတစ်ဦးတည်း တစ်လကျော်မျှ အိပ်စက် ခဲ့ရသည့် ဖဲမွေ့ရာကြီးပေါ်တွင် သူမနှင့်အတူ တက်ရောက်အိပ်ချေရော့ မည်။

သူမ၏လင်ယောကျ်ား အစစ်အမှန်မဟုတ်သည့် တစ်ပါးသော သူစိမ်းယောကျ်ားပျိုတစ်ဦးနှင့် တစ်အိပ်ရာတည်း ညဘက် အတူအိပ် စက်ဖို့ဆိုသည်မှာ သူမအတွက် ဘယ်လိုမှ လက်မခံလိုသောကိစ္စ ဖြစ်၏။

သို့သော် ခက်သည်က မင်းဝေ၏ နေ့လယ်ကအပြုအမူကို တွေ့ရသည်မှာ တောသား ရဲဆွဲထုတ်ဆိုသလို မဝံ့မရဲဖြစ်သည့်အခါ တွင် ဖြစ်သလောက်၊ ရဲပြန်တော့လည်း ဘယ်အရာကိုမဆို တစ်ရှူးထိုး တစ်ဖွတ်ထိုးလုပ်သည့်ညဉ် ရှိသူဟု တွက်ဆမိရာ ဒေဝီမှာ ယခုညကို ဖြတ်သန်းရန် ရင်လေးလျက်ရှိတော့သည်။

မင်းဝေကလည်း ညီညီအဖြစ် ဟန်ဆောင်နေထိုင်ပေးခြင်း အတွက် ရရှိမည့်ခံစားခွင့်မှာ မက်မောလောက်စရာ ဖြစ်နေသောကြောင့် ယင်းအလုပ် တိမ်းစောင်းပျက်ယွင်းသွားမည့်အဖြစ်ကို အဖြစ်မခံနိုင်ချေ။



ထိပ်နှင်း

www.burmeseclassic.com

www.burmeseclassic.com



သည်တော့လည်း ဒေါ်စောနန်းမြတ်စံ၏ အလိုဆန္ဒအတိုင်း နေထိုင်သွားရန် ဆုံးဖြတ်ထားလိုက်ပြီဖြစ်၏။

ဤအလုပ်ကြောင့် ရရှိလာသော လစာငွေထဲမှ စာရေးမြို့လေးတွင် ကျန်ရစ်ခဲ့သည့် ဖနီးသည်ထံ လုံလုံလောက်လောက် ပို့ပေးနိုင်တော့မည်ဖြစ်သဖြင့် ဤအလုပ်ကို သူ တာဝန်ကျေစွာ လုပ်ဆောင်ရမည်ဟု ခံယူထားလိုက်လေသည်။

ယင်းသို့သော ဆုံးဖြတ်ခံယူထားချက်ဖြင့် မင်းဝေသည် ဒေဝီတို့၏ အိပ်ခန်းကြီးထဲ ခပ်တည်တည်ဝင်လာခဲ့ကာ ခုတင်စွန်းတွင် အသာထိုင်လိုက်လေသည်။

လျှပ်စစ်မီးလုံး၏ ဝါကြန့်ကြန့်အလင်းရောင်အောက်တွင် ပိုးဖဲကတ္တီပါတို့ဖြင့် အတိပြီးသော အိပ်ရာခုတင်ကြီးသည် ခမ်းနားထည်ဝါသလောက် အိပ်စက်မွေ့လျော်ဖွယ် ဆွဲဆောင်မှုအပြည့် ရှိနေချေ၏။

ခုတင်နံဘေး မလှမ်းမကမ်း ပြတင်းပေါက်တစ်ခုအနီးမှ မှန်တင်ခုံရှေ့တွင် ထိုင်နေသည့် ဒေဝီကို ဘေးတိုက်အနေအထားဖြင့် တွေ့ရသည်မှာလည်း ပန်းပုသူဇာအလား ထင်မှတ်မှားရသလို မင်းဝေမှာ သူမထံ ရောက်ရှိသွားသည့်အကြည့်ကို မနည်း လွှဲဖယ်လိုက်ရလေသည်။ သူမကလည်း လွန်စွာဆွဲဆောင်မှုရှိပေသကိုး ...။

သူရော သူမပါ ငေးငူငူဖြင့် ထိုင်နေကြစဉ်မှာပင် အခန်းထဲသို့ ငွေဗန်းလေးကိုင်လျက် ဝင်ရောက်လာသူမှာ မိလုံးပဲ ဖြစ်ပါသည်။

"မယ်မယ်ကြီးက နွားနို့ပို့ခိုင်းလိုက်ပါတယ်"

ငွေဗန်းလေးပေါ်တွင် နွားနို့ဖန်ခွက်နှစ်ခွက် ပါလာ၏။

မိလုံးက ခုတင်ခေါင်းရင်းနံဘေးရှိ ခွေးခြေခုံလေးအပေါ်တွင် နွားနို့ဗန်းလေးကို အသာတင်လိုက်ပြီးနောက် ဒေဝီအား ပြုံးစိစိဖြင့် ကြည့်ကာ အိပ်ခန်းထဲမှ ထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီကနွားနို့ခွက်နှစ်ခွက်ကို နှုတ်ခမ်းလေးမဲ့ရွဲ့ကာ ကြည့်လိုက်ရင်း ...

"ဟွန်း ... ခါတိုင်း သူ့သားရှိတုန်းကတောင် ညဘက်ဆိုရင် သူ့သားအတွက် တစ်ဖန်ခွက်ပဲ ပို့နိုင်းတယ်၊ ခုမှ ဘာစိတ်ကူးပေါက်ပြီး နှစ်ခွက်ပို့နိုင်းသလဲ မသိပါဘူး"

ဟု သူမဘာသာ ပြောသလိုပြောလိုက်လေသည်။

"နွားနို့ဆိုတာ ကုန်ခမ်းသွားတဲ့ခွန်အားကို ပြန်ပြည့်စေတယ် ... ခင်ဗျားအတွက်လည်း လိုအပ်မယ်ထင်လို့ ဖြစ်မှာပေါ့"

မင်းဝေ၏စကားကြောင့် ဒေဝီက မျက်စောင်းထိုးလိုက်ပြီး

"ကျွန်မက ဘာဖြစ်လို့ ခွန်အားပြန်ဖြည့်ဖို့ လိုရမှာလဲ"

ဟု ခပ်ဆတ်ဆတ် ပြန်မေးလိုက်လေ၏။

"ဘယ်သိနိုင်မှာလဲ ... လူကြီးကတော့ ငယ်ရာက ကြီးလာသူဆိုတော့ ဘာဖြစ်ရင် ဘာဖြစ်နိုင်တယ်ဆိုတာ ကြိုတွေးကြိုသိလို့ ခိုင်းတာ ဖြစ်မှာပေါ့၊ သောက်သာသောက်လိုက်"

အမှန်တော့ ကဲကဲဆတ်ဖြစ်နေပုံရသော ဒေဝီအား မင်းဝေက တမင်ရွဲ့ကာ ပြောလိုက်ခြင်းဖြစ်သည်။

"အို ... ဘာဖြစ်လို့ သောက်ရမှာလဲ၊ ရှင်ပဲ နှစ်ခွက်စလုံး သောက်လိုက်၊ ရှင်က အစားငမ်းပြီးသားပဲ၊ ဒီနို့နှစ်ခွက်လောက်တော့ အချောင်ဖြစ်မှာပေါ့၊ ထမင်းစားတုန်းကတောင် ပလုတ်ပလောင်း စားတဲ့လူ"

ဒေဝီကလည်း တမင်ရွဲ့ကာ ချိုးချိုးဖဲ့ဖဲ့လေး ပြောလိုက်လေ၏။ မင်းဝေကလည်း ဒေါ်စောနန်းမြတ်စံ၏ ကွယ်ရာရောက်သည်နှင့် သူ့အား မတူမတန်ဟန်ဖြင့် ဆက်ဆံနေသော ဒေဝီ့ကို ပြန်အရွဲ့တိုက်ရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူက နွားနို့ခွက်ကို ကောက်ကိုင်ကာ တစ်ကျိုက်မော့သောက်လိုက်ပြီးနောက် ပြုံးလိုက်လျက် ...

"ဟင်း ဟင်း ... ဒီနွားနို့ကို နှစ်ခွက်လုံးသောက်ရရင်တော့ အင်အားတွေ လိုတာထက်ပိုကုန်ရင် ဒီညအဖို့ ခင်ဗျားလွယ်မှာ မဟုတ်ဘူးနော်"

ဟု ဒေဝီအား ချိတ်တိတ်တိတ်ပြောလိုက်ရာ သူမမှာ ဆွေ့ဆွေ့ခုန်သွားတော့၏။

"ဘာရှင့် ဘာပြောတယ် ... ရှင် ဘာစကားပြောတာလဲ"

ထိုစဉ် တံခါးဝမှ ခြေသံပြင်းပြင်းကြားရပြီး တံခါးဝတွင် ရပ်လာသည်က ဒေါ်စောနန်းမြတ်စံပဲ ဖြစ်ပါသည်။

ဒေါ်စောနန်းမြတ်စံကိုတွေ့တော့ ခုတင်ဘေးတွင် ခါးထောက်ရပ်ကာ မင်းဝေအား ပက်ပက်စက်စက်ပြောရန် ဟန်ပြင်နေသည့် ဒေဝီမှာ ခါးပေါ်တင်ထားသော လက်နှစ်ဖက်ကို အောက်သို့ ကပျာကသီချလိုက်ရလေ၏။

"ဘာဖြစ်နေတာလဲ ... ဆူညံဆူညံနဲ့၊ သားတို့ ရန်ဖြစ်နေကြတာလား"

ဒေါ်စောနန်းမြတ်စံ၏ မျက်လုံးအကြည့်တို့က စူးတောက်လျက်ရှိပြီး ထိုမျက်လုံးအကြည့်စူးစူးတို့က ဒေဝီထံကျရောက်လျက်ရှိရာ ဒေဝီမှာ မျက်နှာလေး ဖြူဖပ်ဖြူရော်ဖြစ်သွားရရှာလေသည်။

"မဟုတ်ပါဘူး အမေရဲ့ ... သားက ဒေဝီကို စနေတာပါ ... ဟင်း ဟင်း"

မင်းဝေက ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ရယ်ဟဟပြောလိုက်မှ ဒေါ်စောနန်းမြတ်စံ၏မျက်နှာပေါ်မှ တင်းမာနေမှုတို့ လျော့ကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် သူမက ဒေဝီ့ကို သတိပေးစကားပြောလိုက်သေး [illegible]

"ဪ . . . သားလေး စတာနောက်တာကို ဒေဝီက စိတ် [illegible]နေတာလား၊ ကိုယ့်လင်က စတာပဲ . . . စိတ်ဆိုးစရာလား ဒေဝီရဲ့ [illegible]ဖြစ်ဖြစ် ငါ့သားလေးကို အလျှော့ပေးဆက်ဆံပါ ဒေဝီ၊ ကျုပ်ရော [illegible]ပါ သားလေး စိတ်ချမ်းသာဖို့ ဂရုပြုရမယ်လို့ ပြောထားတယ် [illegible]တ်လား"

"ဟုတ် . . . ဟုတ်ပါတယ် မယ်မယ်ကြီး"

"ကဲ ကဲ . . . ဒါဆိုလည်း ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေး [illegible]ကြ၊ ဒေဝီ . . . အခန်းတံခါး လာပိတ်ပြီး ချက်ထိုးထားလိုက်တော့ [illegible]"

"ဟုတ် . . . ဟုတ်ကဲ့"

ဒေါ်စောနန်းမြတ်စံက ဒေဝီအခန်းတံခါးပိတ်ကာ ချက်ထိုးပြီးမှ [illegible]ထွက်သွားတော့၏။

ဒေဝီက မျက်နှာကို ပြန်လည်စုပုပ်လိုက်ပြီး မှန်တင်ခုံရှေ့မှ [illegible]တွင် ပြန်ထိုင်လိုက်ရာ မင်းဝေက နွားနို့နှစ်ခွက်စလုံး မော့သောက် [illegible]ပြီးနောက် အိပ်ရာပေါ်တွင် ပက်လက်လှန်အိပ်လိုက်လေသည်။

မင်းဝေမှာ ခြင်ထောင်အမိုးဖြူဖြူကို ငေးကြည့်ရင်း မရှယ်ဘဲ [illegible]ကဲမင်းဖြစ်ရသည့် သူ့အဖြစ်ကို ပြန်ပြောင်းစဉ်းစားရင်း . . .

"အင်း . . . ဘာလိုလိုနဲ့ ငါဟာ ဒီအခန်းထဲမှာ ဒေဝီနဲ့ နှစ် [illegible]ယောက်တည်း တစ်ညလုံး နေရတော့မှာပါလား၊ ဒီလောက်လှပြီး ဒီလောက်ချောတဲ့ စွဲဆောင်မှုအပြည့်ရှိတဲ့ ဒေဝီလိုမိန်းမပျိုနဲ့ ကင်းကင်း ရှင်းရှင်း တစ်ညလုံး ငါ နေနိုင်ပါ့မလား . . .၊

တကယ်လို့များ ငါဟာ စိတ်ကို ချုန်းမအုပ်နိုင်ဘဲ ဒေဝီနဲ့



www.burmeseclassic.com

www.burmeseclassic.com



မှောက်မှားမိရင်ကော ငါ့ရဲ့မိန်းမအပေါ် သစ္စာမဲ့ရာများ ရောက်သွားလေမလား''

တကယ်တော့ သူသည် ဇနီးဖြစ်သူ အောက်ပိုင်းချည့်သွားကတည်းက ဇနီးဖြစ်သူ၏ အယုအယများနှင့် ကင်းကွာနေခဲ့ရသည်မှာ တစ်နှစ်နီးပါးခန့် ရှိပြီဖြစ်ပါ၏။

သို့နှယ် 'မ'နှင့်ကင်းကွာနေရသည်မှာ လပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော မင်းဝေမှာ ယခုလို အဆီအဆိမ့်များ တစ်ဝတစ်ပြစားကာ ဖိမ်ကျလှသည့် မွေ့ရာကြီးပေါ်တွင် စိတ်အေးလက်အေး လဲလျောင်းအနားယူနေရသည့်အခါ၌ တစ်စုံတစ်ရာကို လိုလားတောင့်တသလို စိတ်ဝယ် ဟာတာတာကြီး ခံစားလာရတော့၏။

သည်ကြားထဲ သူနှင့် လက်တစ်ကမ်းအကွာသာသာ၌ ရှိနေသည့် ကုတင်ငယ်ထံမှ တသင်းသင်းရရှိနေသော ကိုယ်သင်းရနံ့နှင့် ရေမွှေးရနံ့၊ ပေါင်ဒါနံ့တို့ကြောင့် သူ့စိတ်ထဲဝယ် ယားကျိကျိ ဖြစ်လာတော့၏။

သို့ကြောင့် သူသည် ဦးခေါင်းကို ဖြည်းဖြည်းချင်းလှည့်ကာ ဒေဝီအား မျက်လုံးစွေကြည့်လိုက်မိတော့သည်။

ထိုအခါ သူ့ကို မျက်ခြည်မပြတ် သတိထားကြည့်နေသည့် ဒေဝီမှာ သူ့မျက်လုံးထဲ၌ အဘယ်သို့သော အရိပ်အယောင်တို့ကို တွေ့သွားသည်မသိ . . .

သူမ၏ခန္ဓာကိုယ်လေးမှာ ဆတ်ခနဲ တုန်သွားပြီး ချက်ချင်းရှုန်တွေ့တော့၏။

''ဒီမှာ . . . ရှင် ဘာကြည့်တာလဲ၊ ယီးတီးယားတားတွေ့မလုပ်နဲ့နော်''

''ဟာ . . . ခင်ဗျားက အသားလွတ်ကြီးလာကောက်နေပါ



www.burmeseclassic.com

www.burmeseclassic.com



ဘား ဒီမှာ ကျုပ်အိပ်ချင်ပြီ၊ ခင်ဗျား လာမအိပ်သေးဘူးလား”

“ဘာ . . . ဘာဖြစ်လို့ အိပ်ရမှာလဲ၊ ရှင် ဉာဏ်နီဉာဏ်နက် များလို့ မဟုတ်လား၊ ရှင်ဟာလေ ရုပ်ကသာ မောင်နဲ့ဆင်ဆင်တူတာ၊ စိတ်ဓာတ်ကတော့ တခြားစီပဲ . . . သိလား၊ သူများမယားကို ကြောင် တောင်နိုက်ချင်တဲ့လူ”

သူ့ကို ပယ်ပယ်နယ်နယ်ကြီး စော်ကားလိုက်သဖြင့် မင်းဝေမှာ ဒေါသထွက်သွားပြီး လဲလျောင်းနေရာမှ လူးလဲထထိုင်လိုက်ကာ . . .

“ဘာပြောတယ် . . . ခင်ဗျား ကျုပ်ကို မတရားမစော်ကားနဲ့ နော်၊ ကျုပ်ကို ဘာဖြစ်လို့ သူများမယား ကြောင်တောင်နိုက်ချင်သူလို့ ပြောရတာလဲ”

“ဟွန်း . . . မသိရင်ခက်မယ်၊ ရောင်တော်ပြန်နဲ့ ရောလွတ်ပြီး ရှင် ကျွန်မကို သိမ်းပိုက်မလို့ မဟုတ်လား”

“အဲဒီလိုသိမ်းပိုက်ရင်တောင် သူများမယား ကြောင်တောင် နိုက်တယ်လို့ ပြောမရဘူး သိရဲ့လား၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားမှာ ပိုင်ဆိုင်သူလင်ယောကျ်ားမှ မရှိတော့ဘဲ၊ ခင်ဗျားဟာ လူလွတ်ဖြစ်နေ ပြီလေ၊ လူလွတ်ဖြစ်တဲ့ခင်ဗျားကို လူလွတ်ဖြစ်တဲ့ ကျုပ်က သိမ်းပိုက် တာကို ယုတ်မာလွန်ကျူးတယ်လို့ ပြောနိုင်မလား”

“အို . . . ဘာပဲဖြစ်ဖြစ် ရှင်ဟာ ညီညီ မဟုတ်ဘူး၊ ညီညီ အတု၊ ညီညီမဟုတ်တဲ့အတွက် ကျွန်မကို ပိုင်ဆိုင်ခွင့်မရှိဘူး၊ ဒီတော့ ကျွန်မကို လက်ဖျားနဲ့တောင် ထိဖို့မကြိုးစားနဲ့”

“အောင်မာ လာလာချေသေးရဲ့၊ ကျုပ်ကလည်း ခင်ဗျား ကာ ဖိတ်ခေါ်တာတောင် ခင်ဗျားရဲ့အနား မကပ်ဘူး . . . သိရဲ့လား”

“အောင်မယ် . . . ကြီးကျယ်လိုက်တာ၊ ဆန်ကြမ်းကပဲ တစ် ပြန်စီး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် စီးရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က လူ ပျိုမို့လို့လေ ... သိပြီလား ... ဟင်း ဟင်း"

မင်းဝေက အနိုင်နှင့်ပိုင်းကာ ပြောလိုက်ပြီးနောက် ခုတင်ပေါ်သို့ ဝုန်းခနဲ ပစ်လှဲချလိုက်ကာ တစ်ဖက်သို့ စောင်းလှည့်ပြီး အိပ်လိုက်တော့၏။

ဒေဝီမှာသာ ပါးစပ်မှ ပွစိပွစိပြောလျက် ခုံပေါ် ပြန်ထိုင်ရင်း ငေးငေးငူငူ ကျန်ရစ်ခဲ့ပါတော့၏။

❋

မင်းဝေက တစ်ရေးနိုးတော့ သူ့ကျောနောက်မှာ တစ်စုံတစ်ရာ အိစက်စက်ဖြင့် ကပ်နေသည်ကို သတိပြုမိလိုက်သည်တွင် ရင် ခွေးခနဲ ခုန်သွားတော့သည်။

"ဟာ ... ဟိုဟာမ၊ ငါ့ကျောနောက်မှာ ကပ်ပြီး လာအိပ်နေ သလား မသိဘူး"

"ငါဟာ ယောကျ်ားတစ်ယောက်၊ ငါ့ကိုသာ ဒီလိုလာပြီး ပူးပူးကပ်ကပ် အိပ်မယ်ဆိုရင်တော့ ဒုက္ခပဲ"

သူ ဘာဆက်လုပ်ရပါ့မလဲဟု ရင်ခုန်စွာတွေးရင်း မင်းဝေက ကိုယ်ကို ခပ်ဖြည်းဖြည်း လှည့်လိုက်လေသည်။

"ဟာ ... အဲ"

သူ့ကျောနောက်မှာ ကပ်လျက်လဲလျောင်းနေသည်က ဖဲသားအစွပ်ကြီးစွပ်ထားသည့် ဖက်လုံးကြီးပဲဖြစ်ပါ၏။

သူက တံတောင်ဆစ်တစ်ဖက်ဖြင့် ထောက်ကာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အထက်ပိုင်းကိုကြွပြီး ဖက်လုံးကြီး၏ အခြားတစ်ဖက်သို့ ကဲကြည့် ထိုင်ရာ ဒေဝီမှာ ဖက်လုံးကြီးကို ကျောပေးလျက် တစောင်းအနေ အထားဖြင့် လဲလျောင်းအိပ်စက်နေသည်ကို တွေ့ရလေသည်။

"ဩော် ... သူလည်း အိပ်ချင်ရှာမှာပေါ့၊ တကယ်တော့ အိပ်ရာကို သူ့ပဲပိုင်ပါတယ်၊ ငါက ဝင်ကစွပ်လို အကောင်မျိုးပါ၊ ဒီ့အိပ်ရာမှာ သူ အိပ်ပါစေ၊ အိပ်ပါစေလေ"

မင်းဝေက လွန်စွာ အချိုးအဆစ်ကျနှ ဖွံ့ထွားလှပနေသည့် သမီး၏ နောက်ပိုင်းအလှအား မကြည့်မိစေရန် စိတ်ကို ချုပ်တည်းပြီး အိပ်ရာပေါ်ဝယ် ပက်လက်ပြန်လှဲအိပ်လိုက်ပါတော့သတည်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



# လျှို့ဝှက်ကြေးပုရပိုက်

ရက်ကြာလာသည်နှင့်အမျှ မင်းဝေမှာ ဒေါ်စောနန်းမြတ်စံ တို့၏ မြတ်မဟာစံအိမ်ကြီးတွင် နေသားတကျ ဖြစ်လာတော့၏။

သူ့ကို ညီညီဟု ယုံကြည်နေသည့် ဒေါ်စောနန်းမြတ်စံ၏ ကျန်းမာရေးအခြေအနေကလည်း တစ်နေ့တခြား တိုးတက်ကောင်းမွန် လျက် ရှိလေသည်။

မင်းဝေသည်လည်း စာရေးမြို့လေးရှိ သူ့မိသားစုထံ စာတိုက် မှတစ်ဆင့် Money Order ဖြင့် ငွေလုံလုံလောက်လောက် ပို့နိုင် သည်မှာ နှစ်ကြိမ်ရှိချေပြီ။

ယင်းစာထဲမှာမူ သူရောက်ရှိနေသော အခြေအနေမှန်ကို ရေး ထည့်ခြင်းမပြုဘဲ နိုင်ငံခြားကုမ္ပဏီတစ်ခု၌ အလုပ်ဝင်နေကြောင်းနှင့် လစာကောင်းကြောင်း၊ ကုမ္ပဏီမှ စေလွှတ်သည့်နေရာများသို့သွား နေရသဖြင့် နေရာအတည်တကျမရှိသောကြောင့် သူ့ထံ စာရေးခြင်း မပြုရန် လိုအပ်ပါက သူကသာ စာရေးမည်ဖြစ်ကြောင်း၊ မိမိ၏ကျန်း

www.burmeseclassic.com

www.burmeseclassic.com



မာရေးကိုသာ ဂရုစိုက်ရန်၊ သူ့အတွက် ဘာမျှပူပန်ခြင်းမပြုရန်၊ ရန်ကုန်တွင် အရာရာအဆင်ပြေနေပါကြောင်းတို့သာ ထည့်ရေးလိုက်လေသည်။

မည်သို့ဖြစ်စေ ...

မင်းဝေသည် မိမိလည်း ကောင်းကောင်းနေ၊ ကောင်းကောင်းစားရကာ မိမိ၏ဖနီးထံသို့ပါ လစဉ် ငွေစို့စို့ပို့ပို့ပေးပို့နိုင်သဖြင့် မြတ်မဟာစံအိမ်ကြီးပေါ်တွင် အခန့်သား နေထိုင်ရသောဘဝကို အကျေနပ်ကြီးကျေနပ်လျက် ရှိပါတော့သတည်း။

☼

မင်းဝေသည် ညီညီအဖြစ် တာဝန်ကျေပွန်စွာ နေထိုင်ရင်းသားဖြစ်သူကို ချစ်တတ်လွန်းသည့် ဒေါ်စောနန်းမြတ်စံအပေါ် စာနာစိတ်ဖြစ်လာကာ တဖြည်းဖြည်း ဒေါ်စောနန်းမြတ်စံအား မိခင်ရင်းကဲ့သို့ သဘောထားဆက်ဆံလာခဲ့တော့၏။

သားအရင်းတစ်ယောက်က မိခင်ရင်းတစ်ဦးအပေါ် ဂရုတစိုက်ပြုစုယုယသည့် အပြုအမူမျိုး ပြုမူလာရာ ဒေါ်စောနန်းမြတ်စံမှာ သဘောအကျကြီးကျလျက် ရှိတော့၏။

ထမင်းဝိုင်းတွင် ...

"အမေရယ် ... သားကိုပဲ ဟင်းတွေစားဖို့ပြောနေ၊ အမေလည်း စားပါဦး၊ သားက လူငယ်ပါ ... အရေးမကြီးပါဘူး၊ ရော့ ... ဒီအသည်းအမြစ်လေး စား၊ ချက်ထားတာ နူးပါတယ်၊ ဝါးနိုင်တယ် မဟုတ်လား အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လည်းကောင်း၊

ညနေဘက် အိမ်ရှေ့မှ ပန်းရုံများအကြားတွင် လေညင်းခံရင်း မိသားစုထိုင်ကြသည့်အခါမှာလည်း ...

"ဟော အမေ ... ဆည်းဆာတောင် အတော်နှောင်းသွားပြီ၊ အေးလာပြီ အမေရဲ့၊ ရော့ ... ဒီအဓနွေးထည်လေးထပ်ဝတ်ထားလိုက်နော်၊ တစ်အောင့်လောက်ကြာရင်တော့ တိုက်ထဲဝင်ကြရအောင် အမေ ... နော်"

ဟူ၍လည်းကောင်း၊

ဒေါ်စောနန်းမြတ်စံမျက်နှာ သိပ်မလန်းလျှင် ...

"အမေ ... နေမကောင်းဘူးလားဟင်၊ ကန်တော့နော် အမေ ... သား အမေ့နဖူးကို စမ်းကြည့်မယ်၊ အဲ ... ကိုယ်တော့မပူပါဘူး အမေရဲ့၊ အိပ်ရေးများပျက်လို့လား အမေရယ်၊ အမေ ခေါင်းနောက်နေရင် သား ဖက်ကြောဆွဲပေးမယ်နော်"

ဟူ၍လည်းကောင်း

ဂရုတစိုက် မေးမြန်းပြုစုလေရာ ဒေါ်စောနန်းမြတ်စံမှာ သားဖြစ်သူ၏ ဂရုတစိုက် ပြုစုယုယမှုကို ခံယူရရှိသည့် မိခင်တစ်ဦးအဖြစ် ပီတိဝေဖြာလျက် ရှိတော့သည်။

သို့သော် မင်းဝေက ဒေါ်စောနန်းမြတ်စံအား ယင်းကဲ့သို့ ဂရုတစိုက် ပြုစုယုယလျှင် ဦးဝဏ္ဏလှိုင်က ဘာမျှမပြောသော်လည်း မျက်နှာကမူ သိပ်ကြည်သာခြင်း မရှိချေ။

သူ့အနေဖြင့် မည်သို့သဘောထားသည်မသိ၊ မင်းဝေအား ရှုတည်တည်ဖြင့် မျက်စိစွေစောင်းကာ မသိမသာ ကြည့်လေ့ရှိ၏။

ဒေဝီကမူ ညဘက်အိပ်ခန်းထဲ ရောက်သည်တွင် ပြောင်မပြောတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ရှင်က မယ်မယ်ကြီးကို ဘာသဘောနဲ့ စည်းရုံးနေတာလဲ"

"ဘာ ... မင်း ဘာပြောလိုက်တယ်"

"ဟွန်း ... ရှင့်ရဲ့အဘွားကြီးအပေါ် ပြုမူပုံက နည်းနည်းတော့ ဖိုနေသလားလို့ပါ၊ လိုတာထက် ပိုနေတယ်"

"ဒီမှာ ... မင်း အမေ့ကို အဘွားကြီးလို့ မခေါ်ပါနဲ့ကွ၊ ဒီအိမ်ရောက်စမှာ ကျုပ်က အဘွားကြီးလို့ခေါ်တုန်းက မင်းပဲ အဘွားကြီးလို့ မခေါ်ဖို့ ကန့်ကွက်ခဲ့တယ်မဟုတ်လား"

"တော်စမ်းပါရှင် ... ရှင်က ခုမှ ကဲကဲဆတ်မနေစမ်းပါနဲ့၊ ဒီလိုပြောရတာကလည်း ရှင် ကိုယ့်ဘဝကိုယ် မေ့သွားမှာစိုးလို့ပါ၊ ဟင်း ဟင်း ... ဒေါင်းဟာဒေါင်း, ကျီးဟာကျီးပါပဲ"

"ကျုပ်ကိုယ်ကျုပ် ကျီးဆိုတာ သိပါတယ် ဒေဝီ၊ ကျုပ်ရဲ့ဘဝကိုလည်း ဘယ်တော့မှ မမေ့ပါဘူး၊ ဒါပေမဲ့ ကျုပ်က ညီညီအဖြစ် အခကြေးငွေယူပြီး ဟန်ဆောင်နေထိုင်ရင်း အမေ့ရဲ့ မိခင်ပီသလွန်းမှုကို စာနာစိတ်ဝင်လာမိတယ်၊ ဒါကြောင့် မြတ်မဟာစံအိမ်ကြီးမှာ နေထိုင်တုန်း အမေ စိတ်ချမ်းသာအောင် ပြုမူနေထိုင်မယ်လို့ ခံယူလာမိတယ် ဒေဝီ၊ ဒေဝီစွပ်စွဲသလို ဘယ်လိုရည်ရွယ်ချက်နဲ့မှ စည်းရုံးနေတာ မဟုတ်ပါဘူး"

"သိနိုင်ဘူးလေ ... ဟင်း ဟင်း ဟင်း"

"ဒီမှာဒေဝီ ... ကျုပ် ဒီလောက်ရှင်းပြနေတာတောင် မင်းက ကျုပ်ကို သရော်တုန်းလား၊ အင်း ... တကယ်လို့ စည်းရုံးရကြေးဆိုရင် အမေ့ကိုတော့ မစည်းရုံးဘူး၊ မင်းကိုပဲ စည်းရုံးမယ်"

"ဘာရှင့်"

"ဟုတ်တယ်လေ ... မင်းလို ချောမောလှပတဲ့ မိန်းမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ တစ်အိပ်ရာထဲ အတူအိပ်နေရပြီး (၈) ပါးသီလ ဥပုသ်စောင့်နေရတဲ့ဘ၀က လွတ်အောင် မင်းကိုပဲ မြှူဆွယ်စည်းရုံးတော့မှာပေါ့ . . . မဟုတ်ဘူးလား''

''ဘာ . . . ဘာရှင့်''

''ဟင်း ဟင်း . . . ကျုပ်က သဘောပြောတာပါ၊ မင်းလိုအဒိတစ်ယောက်ဆီမှာ ကျုပ်ရဲ့ လူပျိုရည်ကိုလည်း အပျက်မခံနိုင်ပါဘူး''

''တောက်''

☼

မည်သူက မည်သို့ သဘောထားသည်ဖြစ်စေ ဒေါ်စောနန်းမြတ်စံကတော့ မင်းဝေ၏အပြုအမူတို့နှင့်ပတ်သက်ပြီး လွန်စွာသဘောကျ ပီတိဖြစ်လျက်ရှိတော့၏။

''အင်း . . . ငါ့သားလေးဟာ အတော်လိမ္မာလာတာပါလား၊ အရင်ကဆို အမြဲဂျစ်တိုက်နေတတ်တာ၊ ဘယ်အရာမဆို သူလိုချင်တာရမှ သူဖြစ်ချင်တာ ဖြစ်ရမှ၊ သူ့အတွက်ပဲ သူ အမြဲဦးစားပေးတယ်၊ မအေကိုလည်း ဂရုစိုက်ရကောင်းမှန်း သိတာမဟုတ်ဘူး . . .၊

ခုတော့ သားလေးဟာ မအေစိတ်ညစ်စေမယ့် ဘယ်အရာကိုမှ ဇွတ်ပူဆာတာမျိုး လုံးဝမလုပ်ဘူး၊ ဘာဆိုဘာမှလည်း မတောင်းဆိုရှာဘူး၊ မအေကိုလည်း ဂရုစိုက်လိုက်တာမှ အရင်တုန်းက သားညီညီမှ ဟုတ်ပါလေစလို့ ထင်စရာပဲ . . .၊

ဘာပဲဖြစ်ဖြစ် အခုမှ ငါလိုချင်တဲ့ သားလိမ္မာလေးကို ရတာပဲ၊ အင်း . . . သားလေးဟာ မအေ့အပေါ် သိပ်သိတတ်ပြီး လိမ္မာ



www.burmeseclassic.com

www.burmeseclassic.com



အပြီဆိုတော့ သားလေးအပေါ် ယုံကြည်စိတ်ချအားကိုးလို့ ရပြီပေါ့
ဒါဆို ဟိုကိစ္စ သားလေးကို ဖွင့်ပြောလို့ရပြီ ထင်တယ်၊ အင်း
...ပါ့ရဲ့ ကျန်းမာရေးကလည်း သိပ်ပြီး ဒေါင်ဒေါင်မြည်လှတာ မဟုတ်
ဘူး ငါ တစ်ခုခုဖြစ်မသွားခင် ဟိုကိစ္စ သားလေးကို ဖွင့်ပြောထားမှပဲ''

☼

တစ်နေ့ နေ့လယ်ခင်းအချိန်တွင် ဦးဝဏ္ဏလှိုင်သည် မင်းဝေ အား အိမ်ပေါ်ထပ်ရှေ့ပိုင်းရှိ ဝရန်တာသို့ လက်ကုတ်ခေါ်သွားပြီးလျှင်

''မောင်ရင့်ကို ကျုပ်ပြောစရာရှိလို့ကွဲ၊ ဒီဒန်းပေါ်မှာ ထိုင်ပြီး ပြောကြတာပေါ့ကွယ်''

ဟု လေသံအေးအေးဖြင့်ပြောကာ ဒန်းကို လက်တစ်ဖက်ဖြင့် ညွှန်ပြလျက် သူကိုယ်တိုင်လည်း ဒန်း၏တစ်ဖက်စွန်းတွင် ထိုင်လိုက် လေသည်။

''ဟုတ်ကဲ့ ... ပြောပါဦးလေး''

''ဒီလိုကွဲ့ ... မမကျန်းမာရေး မကောင်းခင်ကာလမှာ ဒီစံ အိမ်ကြီးနဲ့ ဒီမိသားစုရဲ့ကိစ္စအဝဝကို ကျုပ်က တာဝန်ယူထားရတယ်ဆို တာ မောင်ရင်သိတယ်နော်''

''ဟုတ်ကဲ့ ... သိပါတယ် ဦးလေး''

''မောင်ရင့်ကိုလည်း ကျုပ်ကပဲ ညီညီရဲ့နေရာမှာ အစား ဝင်နိုင်စေဖို့ စီစဉ်ပေးခဲ့တယ်၊ ပြီးတော့ မောင်ရင့်အတွက် လခကောင်း ကောင်းရစေဖို့ တာဝန်ယူခဲ့တယ်ဆိုတာကိုလည်း သိတယ်နော်''

''သိပါတယ် ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... ဒီစံအိမ်ကြီးနဲ့ မောင်ရင်တို့ရဲ့ကိစ္စအဝဝကို တာဝန်ယူထားရတော့ ကျုပ်တာဝန်ယူထားရတဲ့ လူတွေနဲ့ ပတ်သက်သမျှ အပ်ကျတာကအစ ကျုပ်သိသင့်တယ် ... ဟုတ်တယ်မဟုတ်လား မောင်မင်းဝေ"

"သိသင့်တာပေါ့ ဦးရယ်"

"အေး ... ဒါကြောင့် ဒီအိမ်၊ ဒီမိသားစုနဲ့ ပတ်သက်တဲ့ ဘယ်လိုကိစ္စမျိုးမဆို ထူးခြားမှုရှိရင် ကျုပ်ကိုပြောပါ မောင်ရင်၊ အထူးသဖြင့် မမက မောင်ရင့်ကို ဘာပြောသလဲဆိုတာ ကျုပ်သိချင်တယ်"

ဦးဝဏ္ဏလှိုင်၏စကားက ဆန်းနေသဖြင့် မင်းဝေ အံ့အားသင့်သွားရသည်။

"အမေက ကျွန်တော့်ကို ထူးထူးခြားခြား ဘာမှမပြောပါဘူး ဦးရဲ့"

"အေးပါ ... ထူးထူးခြားခြား ပြောလာတဲ့အခါကျရင် ကျုပ်ကို ပြောဖို့ မှာထားတာပါ၊ အဲဒါကို မမေ့ပါနဲ့ မောင်ရင်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ပြီးတော့ ကျုပ် အခုလိုမှာထားတာကို ဘယ်သူ့မှ ပြန်မပြောနဲ့နော်၊ အထူးသဖြင့် မမကို ယောင်လို့တောင် မပြောမိစေနဲ့ ... ကြားလား"

"ဟုတ်ကဲ့ပါ ဦးရဲ့"

"အေး ... ကျုပ် သေချာမှာထားရဲ့နဲ့ တစ်ခုခု လွဲချော်ခဲ့ရင် ဒါမှမဟုတ် မောင်ရင့်အနေနဲ့ ထိန်းချုပ်တာတို့၊ ဖုံးကွယ်ထားတာတို့ ရှိရင်တော့ ကျုပ်ရဲ့အဆိုးမဆိုနဲ့နော်"

"ဟုတ်ကဲ့ပါ"

မင်းဝေမှာ ထိုနေ့က ဦးဝဏ္ဏလှိုင်ပြောကြားခဲ့သော စကား



www.burmeseclassic.com

www.burmeseclassic.com



ဘိုကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရ၏။

"အင်း ... ဒီစံအိမ်ကြီးနဲ့ ဒီမိသားစုရဲ့အကြားမှာ ငါမသိ သေးတာတွေ ရှိတယ်နဲ့တူတယ်၊ ဘာတွေမှန်းလည်း မသိဘူး ... ခက်ပါလား"

☼

တစ်နေ့ မွန်းလွဲပိုင်း သုံးနာရီခန့်တွင် မယ်မယ်ကြီးက အစ်ကို လေးကို ခေါ်နေတယ်ဟု ခင်တင့်က လာပြောသဖြင့် မင်းဝေသည် ဒေါ်စောနန်းမြတ်စံ၏အခန်းထဲသို့ ဝင်ရောက်သွားရလေ၏။

ဒေါ်စောနန်းမြတ်စံက ခုတင်ခေါင်းရင်း၌ ခေါင်းအုံးကိုမှီကာ ခပ်လျော့လျော့ထိုင်နေပြီး သူဝင်လာသည်ကို မြင်လျှင် အခန်းတံခါးဝ ဆီ လက်ညှိုးညွှန်ပြကာ ...

"တံခါးချက်ထိုးထားလိုက် သား"

ဟု ခပ်တိုးတိုး လှမ်းပြောရှာလေ၏။

ဒေါ်စောနန်းမြတ်စံကို ကြည့်ရသည်မှာ အတော်ကြီး ပင်ပန်း နွမ်းနယ်နေဟန်ရှိကာ စောင်ကို ရင်ခေါင်းနားအထိ ခြုံထားလေသည်။

မင်းဝေက အခန်းတံခါးကိုပိတ်ကာ ချက်ထိုးလိုက်ပြီးနောက် ခုတင်အနီးတွင် ခွေးခြေလေးတစ်လုံးနှင့် ထိုင်လိုက်လေ၏။

"သား ... အမေ့ရောဂါက ဆေးမျိုးစုံနဲ့ ဒီလောက်ကုတာ တောင် အရှင်းပျောက်မသွားဘဲ သက်သာရုံ သက်သာသွားလိုက်၊ ပြန်ဖြစ်လိုက်နဲ့ အခုဆို ဆေးတွေသောက်နေတဲ့ကြားကပဲ ပိုပိုမော လာတယ် သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေက ကိုယ်ကို ရှေ့သို့ကိုင်းညွတ်ကာ ဒေါ်စောနန်းမြတ်စံ၏ အေးစက်နေသော အရိုးနှင့်အရေသာရှိတော့သည့် လက်ချောင်းဖြူဖြူလေးများအား ဖွဖွညင်သာ ဆုပ်ကိုင်လိုက်လေ၏။

"အမေရယ် မောနေရင်လည်း စကားတွေမပြောပါနဲ့လား၊ အမေ့ရောဂါ သက်သာမှ ပြောပေါ့အမေရယ်"

အဘွားကြီးက အသက်ကို မောလျစွာ ခပ်မှျဉ်းမှျဉ်းလေး ရှူလိုက်ပြီး သက်ပြင်းရှည်ကြီး ဟင်းခနဲချလိုက်လေသည်။ ပြီးမှ အားယူကာ ပြောရှာ၏။

"အမေ့ရောဂါ ဘယ်တော့သက်သာမလဲဆိုတာ မပြောနိုင်ပါဘူးကွယ်၊ ဒီတော့ ရောဂါ ဒီထက်ပိုမဆိုးလာခင် အ ... အမေမျက်စိမှိတ်မသွားခင် သားလေးကို အရေးကြီးတာ မှာချင်လို့ပါကွယ်"

"ဘာများလဲ အမေရယ်"

"ဒီမှာ သား ... အမေတို့ရဲ့ မျိုးရိုးစဉ်ဆက် အနွယ်တော်တွေမှာ အထူးလျှို့ဝှက်ထားတဲ့ကိစ္စတစ်ခု ရှိတယ်ကွဲ့၊ အဲ အဲဒီကိစ္စကို သွေး ... သားအရင်းအချာကလွဲလို့ ဘယ် ... ဘယ်သူ့မှ ပြောခွင့်မရှိဘူးကွဲ့၊ ဒါ ... ကြောင့် အမေ အခု ... ပြောမယ့်စကားတွေကို မောင်လှိုင်တို့, ဒေဝီတို့ကို ပြန်ပြောလို့မဖြစ်ဘူး နော် သား"

မင်းဝေမှာ ဒေါ်စောနန်းမြတ်စံ၏ ထူးခြားသောစကားကြောင့် အံ့အားသင့်သွားရတော့၏။

"သား အမေ့ကို ကတိပေးပါ၊ သားကနေ ဓမ္မဖွားလာတဲ့ သားသမီးထဲက သားဦးသမီးဦးကလွဲရင် ဘယ်သူ့မှ မပြောပါဘူးလို့ ကတိပေးပါ သားရယ်၊ ကတိပေးပါနော်"

မင်းဝေမှာ အံ့သြတွေဝေလျက်ရှိသော်လည်း ဒေါ်စောနန်းမြတ်စံက ကတိအတန်တန် တောင်းနေသဖြင့် ကတိပေးလိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သား ... သား ကတိပေးပါတယ် အမေ"

"အင်း ... အခုမှ အမေ့ရင်ထဲက အလုံးကြီးကျသွားတော့တယ်ကွယ်၊ ဒီ ဒီမှာသား ... မိုင်းလုံစော်ဘွားကြီး စပ်ကြာသိုက်ဟာ အမေ့ရဲ့ အဘေးတော်တယ်ကွဲ့၊ အဲဒီတုန်းက မင်းတုန်းမင်းတရားကြီး နတ်ထက်တော်ပေ့ါ၊ အဘေးစပ်ကြာသိုက်ဆီကို မိုးကုတ်ကျောက်တွင်း သူဌေးတစ်ဦးက ကျေးဇူးရှိလို့ဆိုပြီး ပတ္တမြားလုံးချောတစ်ပွင့်နဲ့အတူ ရွှေတောင်းကြေးပုရပိုက်တစ်ဆူ ဆက်သခဲ့တယ်ကွဲ့၊ အင်း ဟင်း ... မောလိုက်တာ သားရယ်၊ ရေအေးအေးလေးတိုက်ပါဦး"

မင်းဝေက ရေတကောင်းထဲမှ ရေတစ်ခွက် ငှဲ့တိုက်လိုက်ပြီး

"အမေရယ် အမေ မောနေပ့ါမယ် ... နောက်မှပြောပါလား"

"မ ... မဖြစ်ဘူး သား၊ အမေတော့ ဒီတောင်ကနေ ကျော်နိုင်တော့မယ် မထင်ပါဘူးကွယ်၊ ဒါ ဒါကြောင့် ပြောနိုင်တုန်း ပြောစရာရှိတာ ပြောခဲ့ပါရစေ"

"အင်း ... ခက်ပါလားဗျာ"

"အဲ ... အဲဒီပတ္တမြားပွင့်ဟာ လက်သီးရည်မို့ သောင်းထောင်းတန်လောက် ရှိတယ် သားရဲ့၊ ဒါပေမဲ့ ကြေးပုရပိုက်ကတော့ အဖိုးမဖြတ်နိုင်အောင်ကို တန်ဖိုးမြင့်မားတယ်ကွဲ့၊ အမှန်တော့ အဲဒီ ကြေးပုရပိုက်ဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကို အဲဒီကျောက်တွင်းသူဌေးက မသိပါဘူး၊ တောမုဆိုးတစ်ဦး ရွှေလီမြစ်ကမ်းနံဘေးက ပါနတ်တောင်တောအုပ်ကြီးထဲ အမဲပစ်သွားရင်း ရရှိလာခဲ့တာလို့ပဲ သိထားခဲ့တယ် ...၊

ပုရပိုက်မှာ ရေးထိုးထားတဲ့ စာအက္ခရာတွေဟာ မြန်မာအက္ခရာတွေ မဟုတ်ဘဲ သူလည်း မဖတ်တတ်တဲ့ စာအက္ခရာတွေမို့ ဖိုးလည်း နားမလည်တာနဲ့ ကျောက်တွင်းသူဌေးဆီကို ရှေးဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအဖြစ် ရောင်းချခဲ့တယ်၊ ကျောက်တွင်းသူဌေးက ဝယ်ယူခဲ့ပြီး အဘေး စော်ဘွားကြီးစပ်ကြာသိုက်ဟာ ရှေးဟောင်းပစ္စည်းတွေ ဆောင်းတာ ဝါသနာပါမှန်းသိလို့ ရှေးဟောင်းပစ္စည်းအဖြစ် ဆက်သခဲ့တာပဲကွဲ့.''

ဒေါ်စောနန်းမြတ်စံမှာ ပြောရလွန်းသဖြင့် အတော်မောသွားရာ ရေတစ်ခွက်တောင်းသောက်ပြန်ပြီး ခဏနားပြီးမှ စကားဆက်လေ၏

''အဘေးတော်စပ်ကြာသိုက်ကတော့ ပတ္တမြားကြီးထက် ရှေးဟောင်းပုရပိုက်ကြီးကို ပိုပြီး စိတ်ဝင်စားခဲ့တယ်၊ အဲဒါနဲ့ ပညာရှင်တွေ ရှာဖွေဖတ်နိုင်းတော့တယ် …၊

''ပညာရှင်အတော်များများဟာ အဲဒီကြေးပုရပိုက်က စာတွေကို လုံးစေ့ပတ်စေ့မဖတ်နိုင်ကြပေမယ့် ဖတ်နိုင်သလောက် သိရတာကတော့ အဲဒီကြေးပုရပိုက်ကို ပြုစုခဲ့သူဟာ မြန်မာအမတ် ပညာရှိကြီး တစ်ဦးလို့ ဆိုတယ် သားရဲ့ …၊

အဲဒီကြေးပုရပိုက်ထဲမှာ မြေပုံမပါဘူး၊ ဒါပေမဲ့ ကြေးပုရပိုက်တွေထဲက စာသားတွေက နေရာဒေသတစ်ခုကို ညွှန်းဆိုနေတယ်လို့ ဆိုတယ်၊ ရတနာသိုက်တစ်ခု ဖြစ်နိုင်တယ်လို့ ခန့်မှန်းကြတယ် …၊

ပညာရှင်တွေဟာ အစအဆုံး မဖော်ထုတ်နိုင်ပေမယ့် အဲဒီကြေးပုရပိုက်ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းသိုက်ညွှန်းတစ်ခုလို့ အဘေးက ယုံကြည်ခဲ့တယ်၊ ကြေးပုရပိုက်ကို စတင်ရရှိခဲ့တဲ့ မုဆိုးဟာ ဝါးနက်တောင်တောအုပ်ကြီးရဲ့ တောနက်တစ်နေရာမှာ တွေ့ရတဲ့ ဂူ သချိုင်းဟောင်းတစ်ခုက ရခဲ့တာလို့ သိရတယ် …၊

တန်ဖိုး အင်မတန်ကြီးမားတဲ့ ရှေးဟောင်းရတနာသိုက်ညွှန်း ဖြစ်နိုင်တယ်လို့ ယုံကြည်ယူဆတဲ့ အဘေးဟာ ပုရပိုက်ထဲက စာတွေကို အပြည့်အစုံဖော်ထုတ်ဖို့ ကြိုးစားရင်း ချောင်းဆိုးသွေးပါရောဂါ စွဲကပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ် ...။

အဲ ... အဲဒီလိုနဲ့ ရောဂါရင့်လာပြီး အိပ်ရာထဲလဲချိန်မှာ ဟာ သူ့ရဲ့သားကြီးဩရသ အမေ့ရဲ့အဘိုးလက်ထဲ ဘယ်သူ့မှ အောင် ကြေးပုရပိုက်ကိုအပ်ပြီး ရတနာသိုက်ကို ရှာဖွေနိုင်ဖို့ တိုက် ကြားခဲ့တယ် သားရဲ့ ...။

အဘိုးစပ်ကြာမြတ်ရဲ့ လက်ထက်မှာတော့ တိုင်းရေးပြည်ရေး သက်ဖြစ်လို့ ကြေးပုရပိုက်ကိုစူ ဘာမှ မစီစဉ်နိုင်ခဲ့ဘူး၊ အဲဒီအချိန် နက်နွာဖြူအင်္ဂလိပ်တွေက အမေတို့မြန်မာနိုင်ငံကို သိမ်းပိုက်လိုက် ယ် ...။

မျိုး ... မျိုးချစ်စိတ်ရှိတဲ့အဘိုးဟာ နယ်ချဲ့တွေကို တော် မိုင်းလုံမြို့ကလေးက ဝေးရာ သိန္နီဘက်ကို ထွက်သွားခဲ့ရ ယ် မိသားတစ်စုလုံး အဘိုးနဲ့အတူ လိုက်ပါရတဲ့အတွက် ကြေးပုရ အဘိုးနဲ့အတူ ပါခဲ့ရတယ် ...။

ပတ္တမြားကတော့ ပြေးရင်းလွှားရင်း မိတ်ဆွေဖြစ်တဲ့ သီပေါ ကြီးဆီမှာ စရိတ်ရစေဖို့ ရောင်းခဲ့ရတယ် ...။

သိန္နီဘက်က တောင်ညိုရွာလေးမှာ ခိုနေတုန်း အဲဒီရွာမှာရှိတဲ့ ကျောင်းကိုယ်တော်တစ်ပါးနဲ့ သိကျွမ်းခဲ့တယ်၊ ပွဲကျောင်းကိုယ် ဟာ အနောက်မဏ္ဍပ်တိုင်းမှာ နှစ်ပေါင်းသုံးဆယ်လောက် နေထိုင် တော့ ရှေးဟောင်းစာစကား အတော်များများကို တတ်ကျွမ်းတယ်တဲ့ ရဲ့"

ဤနေရာတွင် ဒေါ်စောနန်းမြတ်စံမှာ အတော်မောသွားပြီး ဖြင့် နလုံးဆေးကို ရေအေးအေးဖြင့် သောက်ပြီးနောက် ဆေးဆို လိုက်ရသေး၏။ သို့ရာတွင် သားဖြစ်သူအား ရှေးဟောင်း ဖြစ် ဘိုးဘွားအစဉ်အဆက်အကြောင်းကို ပြောချင်သောဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြနေသဖြင့် ခဏအကြာမှာပင် အားယူကာ ဆက်လက်ပြောပြ လေသည်။

“အဘိုးစပ်ကြာမြတ်ဟာ အဲဒီပွဲကျောင်းကိုယ်တော်ကို သိ မယုံကြည်လို့ ကြေးပုရပိုက်ရဲ့ တစ်ဝက်ကိုပဲ ဖြတ်ပြီး ဖတ်နိုင်ခဲ့တယ်

အဲဒီအခါ ပွဲကျောင်းကိုယ်တော် အရှဏဟာ ကြေးပုရပိုက်မှာ ပါတဲ့ စာအက္ခရာတွေကို လုံးစေ့ပတ်စေ့ ဖတ်ပြနိုင်တာကို တွေ့ တယ်တဲ့ သားရဲ့ ...၊

ဒါပေမဲ့ အဘိုးဟာ အဲဒီ ဦးအရှဏရဲ့ ဥပမိရုပ်သွင်နဲ့ စကား ပြောဆိုဟန်ကြမ်းတမ်းပုံကို မနှစ်သက်လို့ ကျန်ကြေး ပုရပိုက်တစ် ဝက်ကို ပေးမဖတ်စေတော့ဘူး”

“အဲဒီမှာတင်ပဲ ပွဲကျောင်းကိုယ်တော် ဦးအရှဏနဲ့ သူ့ရဲ့တပည့် မောက်ကြီးတို့ဟာ အဘိုးတို့တစ်မိသားစုလုံး အိပ်ပျော်နေတုန်း တစ် ညမှာ ကျန်ကြေးပုရပိုက်ကိုပါ ရအောင်ခိုးယူပြီး ထွက်ပြေးခဲ့ကြတယ် သားရဲ့ ...၊

ဒါပေမဲ့ အဘိုးရဲ့တပည့် အစောင့်တွေက တွေ့လို့ အော်ဟစ် ဟန့်တားကြတော့ သူတို့နှစ်ယောက်က ဦးအောင် တိုက်ခိုက်ဖောက် ထွက်ကြတယ် ...၊

ဒီမှာတင် အိပ်ရာကလန့်နိုးလာတဲ့အဘိုးဟာ အကြောင်းစုံ သိရတာနဲ့ တူမီးသေနတ်ကိုဆွဲကိုင်လို့ တပည့်တွေနဲ့အတူ သူခိုးနှစ် ယောက်ရဲ့နောက် ပြေးလိုက်ခဲ့ကြတယ် ...၊

ဦးအရှဏတို့ဟာ တောထဲဝင်ပြေးပေမယ့် အဘိုးတို့က မီလာ တယ်၊ အဲဒီမှာ အဘိုးရဲ့ တူမီးသေနတ်လက်ချက်နဲ့ မောက်ကြီးဟာ တောစပ်မှာပဲ လဲကျသေဆုံးခဲ့တယ် ...၊

ဦးအရှဏလည်း လက်မောင်းရင်းကို သေနတ်မှန်ပြီး လွယ်



www.burmeseclassic.com

www.burmeseclassic.com



အထုပ် ပြုတ်ကျခဲ့တယ်၊ လူကတော့ ချောက်ထဲက စမ်းချောင်း ပြုတ်ကျသွားခဲ့တယ်၊ သေသလား၊ ရှင်သလား မသိရဘူးတဲ့ ...၊

ဦးအရဏလွယ်ထားတဲ့ အဝတ်အိတ်ကြီးထဲကနေ ကြေးပုရ တွေကို အဘိုးပြန်ရခဲ့တယ်၊ အဲဒီနောက်မှာတော့ အဘိုးဟာ အဲဒီ ရပိုက်ကို ဘယ်သူ့မှ မပြတော့ဘဲ လုံခြုံအောင် သိမ်းထားခဲ့တယ်၊

နောက် အဘိုးငှက်ဖျားရောဂါရပြီး သေကောင်းပေါင်းလဲ ဖြစ် အဘိုးရဲ့သားကြီးဖြစ်သူ အမေ့ရဲ့ဖခင်လက်ထဲ အဲဒီကြေး ကိုက်ကို အပ်ခဲ့တယ်လေ ...၊

အဖေကလည်း မိုးကုတ်သူအမေနဲ့ လက်ဆက်ခဲ့ပြီး ကျောက် တူးတဲ့လုပ်ငန်းမှာပဲ ဖောက်ချလုပ်နေခဲ့လို့ ကြေးပုရပိုက်ကိစ္စကို လက်စီစဉ်ဆောင်ရွက်မှု မပြုနိုင်ခဲ့ဘူး ...၊

နောက် အဖေကွယ်လွန်ခါနီးမှ တစ်ဦးတည်းသောသမီးဖြစ်တဲ့ ရဲ့လက်ထဲ လက်ဆင့်ကမ်းအပ်ခဲ့တာပဲ သား ...၊

အမေရဲ့အဖေဟာ အဲဒီကြေးပုရပိုက်ကို စိတ်မဝင်စားခဲ့ပေ အမေကတော့ သိပ်ကိုစိတ်ဝင်စားမိတယ်၊ အမေ့မှာ အဘိုးတို့ တို့ရဲ့သွေး ပါပုံရတယ်၊ ရှေးဟောင်းပစ္စည်းရတနာတွေကို စိတ် တယ်၊ ဒါပေမဲ့ မိန်းမဖြစ်နေလို့ ကိုယ်တိုင်စူးစမ်းရှာဖွေဖို့ လုံ့လ နိုင်ခဲ့ဘူး၊ သားရဲ့အဖေကလည်း သူ့ယောက္ခမလိုပဲ အဲဒီကြေး ကိုက်ကို စိတ်မဝင်စားဘူး ...၊

ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ် ... ဘိုးဘေးတို့ရဲ့ ရှေးဟောင်း အနှစ်လို့ပဲ သဘောထားပြီး အမေ လုံလုံခြုံခြုံ ထိန်းသိမ်းထား အဲဒီကြေးပုရပိုက်ကို သားရဲ့လက်ထဲ ခုကတည်းက အပ်ခဲ့ရစေ



www.burmeseclassic.com

www.burmeseclassic.com



လောကဓာတ်ပညာတွေနဲ့တကွ ပညာစုံထွန်းကားနေတဲ့ ဝ
သားတို့ရဲ့လက်ထက်မှာ အဲဒီကြေးပုရပိုက်ပါ အကြောင်းအရာတွေ
သေသေချာချာ စူးစမ်းဖော်ထုတ်ပြီး အကျိုးရှိအောင် လုပ်ဆောင်
. . . ဟုတ်ပြီလား''

ဒေါ်စောနန်းမြတ်စံက ယင်းသို့ပြောပြီးနောက် သူ၏အိပ်ရာ
ခေါင်းရင်းမှ မီးအာမခံသေတ္တာအား ဖွင့်စေ၏။

ဒေါ်စောနန်းမြတ်စံပြောပြသည့် လျှို့ဝှက်နံပါတ်အတိုင်း
ဂဏန်းစဉ်များ လှည့်ဖွင့်လိုက်ရာ ခဏအကြာမှာပင် မီးအာမခံသေတ္တာ
ပွင့်သွားတော့သည်။

''အဲဒီအထဲက အလယ်အံဆွဲကို ဆွဲဖွင့်လိုက်စမ်း သား''

ဒေါ်စောနန်းမြတ်စံပြောသည့်အတိုင်း အံဆွဲကိုဆွဲဖွင့်လိုက်ရာ
ကတ္တီပါ အဝတ်စနီညိုရောင်ဖြင့် ထုပ်ထားသော အရာတစ်ခုကို တွေ့ရ
လေသည်။

မင်းဝေက ဒေါ်စောနန်းမြတ်စံ ညွှန်ကြားသည့်အတိုင်း ကတ္တီ
ပါအထုပ်ကိုယူကာ ကတ္တီပါစအား ဖြည်လိုက်ရာ ရေညှိအစိမ်းရောင်
ကြေးညှိများပင်တက်နေသည့် ရှေးဟောင်းလက်ရာ ကြေးပုရပိုက်တစ်
ဆူအား တွေ့ရတော့၏။

နှစ်ပိုင်းကွဲနေသော ယင်းကြေးပုရပိုက်အပေါ်တွင်ကား မင်းဝေ
လုံးဝမဖတ်တတ်သည့် ရှေးစာအက္ခရာများကို တွေ့ရပါတော့သတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ကြယ်ကြွေသောည

"သားရဲ့အိပ်ခန်းထဲမှာ မီးခံသေတ္တာ ရှိတယ်မဟုတ်လား။ ဒီမီးခံသေတ္တာထဲမှာ သားရဲ့ကိုယ်ပိုင်လျှို့ဝှက်ဂဏန်းတွေနဲ့ပဲ ပိတ်သိမ်းထားလိုက်ပါ"

ဟု ဒေါ်စောနန်းမြတ်စံက ပြောကာ ကြေးပုရပိုက်ထုပ်ကို မင်းဝေ၏လက်သို့ အပ်လေရာ မင်းဝေမှာ ငြင်းပယ်ရန်မသင့်သဖြင့် ပုရပိုက်ထုပ်အား မလွှဲမရှောင်သာစွာ လက်ခံရယူပြီး သူတို့၏အိပ်ခန်းထဲသို့ ပြန်လာခဲ့ရလေသည်။

သူက ပုရပိုက်ထုပ်အား အတွင်းခံအင်္ကျီ၏ရင်ဘတ်ကြားထဲ ထည့်ကာ အပေါ်အင်္ကျီဖြင့် ဖုံးလျက် စကြံအတိုင်း လျှောက်လာစဉ် စာကြည့်ခန်းအဝတွင် ရပ်နေသည့် ဦးဝဏ္ဏလှိုင်က သူ့ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်ကို တွေ့ရလေ၏။

မင်းဝေက ဦးဝဏ္ဏလှိုင်အား မျက်လုံးဝေ့ကြည့် ပြုံးပြလိုက်ပြီး နောက် သူတို့၏အိပ်ခန်းထဲသို့ ဝင်ခဲ့ကာ အတွင်းမှ တံခါးပိတ် ချက်



www.burmeseclassic.com

www.burmeseclassic.com



ထိုးလိုက်လေသည်။

သူက ခုတင်ခေါင်းရင်းဝဲဘက်ရှိ နံရံနှင့်ကပ်နေသော မီးအာမခံသေတ္တာလေးအား ငေးငေးငူငူ ရပ်ကြည့်နေပြီးနောက် ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းလိုက်လေသည်။

"အင်း . . . ခက်တာပဲ၊ ဒီမီးခံသေတ္တာရဲ့ မူလသျှို့ဝှက်နံပါတ်ကို ငါမှမသိဘဲ၊ ဘယ်လိုဖွင့်ပြီး ကြေးပုရပိုက်ကို ထည့်ထားရမှာလဲ"

"ဟယ် . . . တတ်နိုင်ဘူး၊ အဝတ်ဗီရိုထဲမှာပဲ သိမ်းထားတာကောင်းပါတယ်၊ နောက်မှ ကြည့်စီစဉ်ရမှာပဲ"

မင်းဝေက ယင်းသို့တွေးပြီးနောက် ရင်ဘတ်ကြားထဲမှ ကတ္တီပါအထုပ်ကို ထုတ်ယူလိုက်လေသည်။

ယင်းအချိန်တွင် အပြင်ဘက် စင်္ကြံလမ်းအတိုင်း ခြေဖွနင်းလျှောက်လာသည့် ဦးဝဏ္ဏလှိုင်သည် မင်းဝေတို့အခန်းတံခါးရှေ့တွင် အသာရပ်လိုက်ပြီးလျှင် ဘေးဘီသို့ ပျာယီးပျာယာ အကဲခတ်လိုက်ပြီးမှ ခါးကို ရှေ့သို့ကိုင်းကာ သော့ပေါက်မှနေ၍ အခန်းထဲသို့ ချောင်းကြည့်လိုက်လေ၏။

မင်းဝေက အဝတ်ဗီရိုဆီ လျှောက်သွားပြီး ဗီရိုတံခါးကို ဖွင့်ကာ အောက်ဆုံးအထပ် နောက်ဘက်ပိုင်း၌ ကတ္တီပါအထုပ်ကို ထည့်ထားလိုက်လေသည်။

သူ ဗီရိုတံခါးကို ပိတ်ကာ ခုတင်ဆီ လျှောက်လာပြီး ခုတင်စွန်း၌ ထိုင်လိုက်သည့်အခိုက်မှာပင် အခန်းတံခါးခေါက်သံ ကြားရလေ၏။

'ဒေါက် ဒေါက် ဒေါက်'

"ဘယ်သူလဲ"

"ဒေဝီပါ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေက တံခါးထဖွင့်ပေးလိုက်လေလျှင် ဒေဝီသည် မျက်နှာထားတည်တည်ဖြင့် အခန်းထဲဝင်လာပြီးနောက် အခန်းတံခါးကို ပြန်ပိတ်ကာ ချက်ထိုးလိုက်လေသည်။

“ဘာလုပ်တာလဲ . . . တံခါးဖွင့်ထားလိုက်ပါ၊ နေ့ခင်းကြောင်တောင်ကြီး”

ဒေဝီက မင်းဝေအား မျက်စောင်းထိုးလိုက်ပြီးနောက် . . .

“ရှင့်ကို ပြောစရာရှိလို့”

ဟု ခပ်ဆတ်ဆတ်ပြောလိုက်လေသည်။

“ဘာပြောမှာလဲ”

“ဒီမှာ ရှင်က ဒေဝီကျပြောတယ် . . . ရှင်ကရော အခန်းတံခါးကို ဘာဖြစ်လို့ ချက်ထိုးပိတ်ထားရတာလဲ၊ ရှင် အခန်းထဲမှာ ဘာတွေလုပ်နေတာလဲ”

“ဘာပြောတယ် . . . ကျုပ်ဘာသာ ဘာလုပ်လုပ်ပေါ့”

“ရှင် ဒီလိုပြောလို့ မရဘူးလေ၊ ဒီအခန်းကို ရှင်တစ်ယောက်တည်းပိုင်တာ မဟုတ်ဘူး၊ ဒီအခန်းထဲမှာ ကျွန်မရဲ့အဝတ်အစား အသုံးအဆောင်တွေလည်းရှိတယ်၊ ပြီးတော့”

ဒေဝီကပြောရင်း မီးအာမခံသေတ္တာအား မျက်လုံးဝေ့ကြည့်လိုက်လေသည်။ မင်းဝေက မဲ့ပြုံးပြုံးလိုက်ပြီး . . .

“ဒီမှာ မဟာဝှာ . . . အမိက ကျုပ် အခန်းတံခါးပိတ်ပြီး မီးခံသေတ္တာဖွင့်ဖို့ ကြိုးစားနေတယ် ထင်လို့လား၊ ဒီမှာ . . . ခင်ဗျားလေး သိထားဖို့က ကျုပ်ဟာ ဆင်းရဲတဲ့ဘဝကလာပေမယ့် ကိုယ်ကျင့်တရားနဲ့ပတ်သက်ရင် အပွန်းအပဲ့ခံတဲ့သူ မဟုတ်ဘူးဗျ . . . သိပြီး ဒီအိမ်ကြီးပေါ် ရောက်လာတာ ဘယ်လိုလောဘနဲ့မှ ရောက်လာတာ မဟုတ်ဘူး၊ ဥစ္စာပစ္စည်းနဲ့ပတ်သက်လို့တော့ ကျုပ်ကို မယုံသင်္ကာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နဲ့၊ ဥစ္စာပစ္စည်း ရွှေငွေနဲ့ပတ်သက်ပြီး ကျိုးကြောင်းမခိုင်လုံဘဲ အသားလွတ်ကြီး စွပ်စွဲလို့ကတော့ ကျုပ် ဒီအိမ်ကြီးထဲက ထွက်သွားပြီးသားပဲ''

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ဒေဝီက မင်းဝေအား အတန်ကြာ တွေတွေငေးငေး ကြည့်နေပြီးနောက် သက်ပြင်းလေးချလိုက်ကာ ခုတင်စွန်းတွင် ထိုင်လိုက်လေသည်။ ပြီးလျှင် သူမက မင်းဝေအား မော့ကြည့်လိုက်လျက် ...

''အင်း ... ရှင့်ရဲ့ကိုယ်ကျင့်သိက္ခာ စောင့်စည်းမှုကိုတော့ ဒေဝီ ယုံကြည်လက်ခံပါတယ်၊ ဒါပေမဲ့''

ဟု မတင်မကျ ပြောလိုက်လေသည်။

''ဒါပေမဲ့ ဘာဖြစ်သလဲဗျ''

ဒေဝီက တံခါးဝဆီ တစ်ချက်ကြည့်လိုက်ပြီးလျှင် လေသံကို နှိမ့်ကာ တိုးတိုးပြောသည်။

''ဒီမှာ စောစောက ဒေဝီ လှေကားကနေ တက်လာတော့ ဦးလေးလှိုင်ဟာ ဒီအခန်းတံခါးရှေ့မှာ ရပ်နေရာက သော့ပေါက်ကနေ အခန်းထဲ ငုံ့ချောင်းကြည့်နေတာ တွေ့ရတယ် ရှင့်''

''ဘာ''

''ဟုတ်တယ် ... သူက ဒီအခန်းထဲမှာ ရှင် တစ်ခုခု လုပ်နေတာကို ချောင်းကြည့်နေပုံရတယ်၊ ဒါကြောင့် ရှင် အခန်းတံခါးပိတ်ပြီး ဘာလုပ်နေတာလဲလို့ ဒေဝီမေးရတာပဲ ... သိပြီလား''

ဒေဝီ၏စကားကြောင့် မင်းဝေမှာ အံ့သြသွားရသည်။ ပြီးတော့ ခေါင်းမွေးများ ထောင်မတတ် တုန်လှုပ်ချောက်ချားသွားရလေသည်။

''ဟာ ... တော်ပါသေးရဲ့၊ ငါ မီးခံသေတ္တာကို စမ်းပြီး မဖွင့်ကြည့်မိလို့၊ အဲဒီလိုဖွင့်ဖို့ ကြိုးစားနေတာသာ ဦးမောင်လှိုင် တွေ့



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ဒုက္ခပဲ''

ကံသီလို့ဟု မင်းဝေ စိတ်ထဲမှတွေးနေစဉ် ဒေဝီက မီးခံသေတ္တာဆီ လျှောက်သွားပြီး လျှို့ဝှက်နံပါတ်ကိုလှည့်ကာ တံခါးဖွင့်လိုက်လေသည်။

''ဒီမှာကြည့် ... ဒီ အာမခံသေတ္တာထဲမှာ ကျွန်မတို့ရဲ့ လက်ထပ်စာချုပ်ပဲ ရှိတယ်၊ ငွေဆိုလို့ ခြူးတစ်ပြားတောင် မရှိဘူး၊ ရှိသမျှလည်း ကိုညီညီသုံးလို့ ကုန်ပြီ၊ မယ်မယ်က ကျွန်မကို ငွေကိုင်သုံးခွင့် ပြုတာမဟုတ်ဘူး၊ လက်ဝတ်လက်စားဆိုလို့လည်း အခု ခန္ဓာကိုယ်ပေါ်မှာ ဝတ်စားထားတာပဲ ရှိတယ်''

''အဲဒါ ဘာဖြစ်လဲ၊ ခင်ဗျားရဲ့ အာမခံသေတ္တာထဲမှာ ငွေတွေပဲရှိရှိ၊ စိန်ရွှေရတနာတွေပဲရှိရှိ ... ကျုပ်က ဂရုမစိုက်ဘူး''

''ဟုတ်ပါတယ် ... ဒေဝီကလည်း သဘောပြောပြတာပါ''

ထိုစဉ် တံခါးခေါက်သံ ကြားလိုက်ရလေသည်။

'ဒေါက် ဒေါက် ဒေါက်'

''မမလေး မမလေး''

ဒေဝီက တံခါးဖွင့်ပေးလိုက်၏။

''ဘာလဲ မလုံး''

''မယ်မယ်ကြီးက ဆေးသောက်ချိန်ရောက်ပြီတဲ့''

''ဩော် ... အေး အေး ... ဟုတ်သားပဲ၊ ဒီမှာ စကားပြောနေမိတာနဲ့ မေ့သွားတယ်၊ ငါတော့ အဆူခံထိတော့မှာပဲ''

ဒေဝီမှာ ပျာယာခတ်သွားပြီး မီးခံသေတ္တာကို ပြန်စေ့ကာ အိပ်ခန်းထဲမှ ဒရောသောပါး ပြေးထွက်သွားတော့၏။ မင်းဝေ ပြုံးလိုက်ပြီး အခန်းတံခါးကိုပိတ်ကာ အတွင်းမှ ချက်ထိုးလိုက်လေသည်။

ပြီးလျှင် နံရံမှချိတ်တွင် တွဲလောင်းချိတ်ထားသော သော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယူလိုက်ကာ အခန်းတံခါး၏သော့ပေါက်ထဲ သော့တံကို ထိုးသွင်းထားလိုက်တော့၏။

ထို့နောက် ဗီရိုတံခါးကိုဖွင့်ကာ စောစောကထည့်ထားသောကတ္တီပါအထုပ်လေးကို ပြန်ထုတ်ယူလိုက်လေသည်။

ယင်းကတ္တီပါအထုပ်လေးကို မီးအာမခံသေတ္တာထဲ ထည့်လိုက်ပြီးနောက် မင်းဝေက လျှို့ဝှက်နံပါတ်တစ်ခုအား စဉ်းစားသတ်မှတ်ကာ မီးခံသေတ္တာကို ပြန်ပိတ်လိုက်ပါတော့သတည်း။

❋

"မောင်မင်းဝေ လာဦး"

နောက်တစ်နေ့နံနက်ပိုင်းမှာပင် ဦးဝဏ္ဏလှိုင်က မင်းဝေအားဒိမ်ပေါ်ထပ် ဝရန်တာသို့ ခေါ်ထုတ်သွားပြီး မျက်နှာထားတည်တည်နှင့်မေးခွန်းထုတ်တော့၏။

"ဒီမှာမောင်မင်းဝေ ...မနေ့ နေ့လယ်တုန်းက မမဟာ ငွှ့အခန်းထဲ မင်းကိုခေါ်ပြီး ဘာစကားတွေ ပြောတာလဲ၊ ကျုပ်ကို န်မှန်ပြန်ပြောစမ်း"

မင်းဝေမှာ ဦးဝဏ္ဏလှိုင်၏ ခပ်ဆတ်ဆတ်အမေးစကားနှင့် က်နှာထားကို မနှစ်မြို့သောကြောင့်လည်းကောင်း၊ ဒေါ်စောနန်း တ်စ်က ပြန်မပြောဖို့မှာထားသဖြင့်လည်းကောင်း လိုးလွှဲဖြေရန် ဆုံး တ်လိုက်၏။

"ဘာစကားမှ ထူးထူးထွေထွေ မပြောပါဘူး ဦးလေး"

"ဘာမပြောရမှာလဲ၊ မမက အတွင်းကနေ ချက်ထိုး တံခါး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပြီးတော့ကို မင်းကို အကြာကြီးပြောတာ၊ ငါ စာကြည့်ခန်းအဝ အနေ စောင့်ကြည့်နေခဲ့တယ်၊ နာရီဝက်လောက်ကို ကြာတယ်၊ မင်း ဘာငြင်းဦးမလဲ''

''ကျွန်တော်က ဘာကိုငြင်းလို့လဲ''

''မောင်မင်းဝေ ... မင်း ဝေ့လည်ကြောင်ပတ်မလုပ်နဲ့နော်''

''ကျွန်တော်က ဝေ့လည်ကြောင်ပတ် လုပ်တာမဟုတ်ဘူး၊ ကျွန်တော့်ကို သူ့ရောဂါအကြောင်း ခေါ်ပြောတယ်၊ ကျွန်တော် သူ့ကို နှိပ်ပေးတယ် ... ဒါပဲ၊ ဦးလေးသာ ...''

''ကျုပ်က ဘာဖြစ်လဲ''

''ကျွန်တော်တို့အိပ်ခန်းသော့ပေါက်ကနေ အထဲကို ဦးလေး ချောင်းကြည့်ခဲ့တယ် မဟုတ်လား၊ ဦးလေး အဲဒီလို လုပ်သင့်သလား''

ဦးဝဏ္ဏလှိုင်၏မျက်နှာ မည်းခနဲ ဖြစ်သွားသည်။

''ကျုပ်ကို မင်းက ဘာဖြစ်လို့ အဲဒီလို စွပ်စွဲရတာလဲ၊ ကျုပ်က မင်းတို့ရဲ့အိပ်ခန်းထဲ ဘာဖြစ်လို့ ချောင်းကြည့်ရမှာလဲ၊ ကျုပ် အဲဒီလို ချောင်းကြည့်တယ်လို့ မင်းကို ဘယ်သူပြောသလဲ''

''ဒေဝီက မြင်လို့ ကျွန်တော့်ကိုပြောတာ''

''ဘာ''

ဦးဝဏ္ဏလှိုင်၏မျက်နှာ ရဲခနဲ ဖြစ်သွားတော့၏။ မင်းဝေက ဘာမျှ ဆက်မပြောတော့ဘဲ အိမ်ထဲသို့ပြန်ဝင်ခဲ့တော့သည်။

❋

ညက တဖြည်းဖြည်း နက်သည်ထက်နက်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လခြမ်းကွေးလေးက နှင်းမှုန်တို့နောက်ဝယ် ဝိုးတဝါး။

ဆောင်းညဦးယံက အေးစက်သည်ထက် အေးစက်လာကာ ဝန်းကျင်တစ်ခွင်လုံး မှောင်မိုက်လို့နေသည်။

ခြံဝင်းကျယ်များသာရှိသော ဥဘိုးစိန်လမ်းထဲမှ အခြားအိမ်ကြီးအိမ်ကောင်းတို့မှာ မီးများမိုတ်ကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။

'မြတ်မဟာ' စံအိမ်ကြီးမှာမူ အပေါ်ထပ်ရော အောက်ထပ်မှာပါ အခန်းတိုင်းလိုလို လျှပ်စစ်မီးရောင်များ လင်းကျင်းလျက် ရှိသည်။

အိမ်ရှေ့တံခါးမကြီးသည်လည်း ပွင့်ဟလျက်ရှိကာ ဆင်ဝင်အောက်တွင် ဖီးယက်ကားလေးတစ်စီး ရပ်ထားလေ၏။

ယင်းကားလေးမှာ ပန်ချာပီဆရာဝန်ကြီး ဒေါက်တာရာဆင်၏ ကားလေးပင်ဖြစ်ပါသည်။

ဒေါ်စောနန်းမြတ်စံ အသည်းအသန်ဖြစ်နေသဖြင့် တစ်အိမ်သားလုံး မအိပ်ရဘဲ ယောက်ယက်ခတ်လျက်ရှိတော့၏။

မင်းဝေနှင့်ဒေဝီတို့မှာလည်း ဒေါ်စောနန်းမြတ်စံ၏ ခုတင်အနီးမှ မခွာနိုင်ပေ။

အိမ်ဖော်မလေးနှစ်ဦးဖြစ်သည့် ခင်တင့်နှင့် မလုံးတို့မှာလည်း တစ်ဦးက ဒေါ်စောနန်းမြတ်စံအား သာသာလေး ယပ်ခတ်ပေးနေရကာ နောက်တစ်ဦးက ရေနွေးပြေးကြိုနေရလေသည်။

ဦးဝဏ္ဏလှိုင်မှာမူ မျက်စိမျက်နှာအကြီးအကျယ်ပျက်လျက်ရှိကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ အခန်းထဲမှ ဝင်လိုက်ထွက်လိုက် ဖြစ်နေ၏။

ဒေါက်တာရာဆင်းက အသက်ကယ်ဆေး တစ်လုံးပြီးတစ်လုံး ထိုးပေးနေသော်လည်း ဒေါ်စောနန်းမြတ်စံ၏ရောဂါက သက်သာမလာဘဲ သွေးပေါင်ချိန်တစ်ခါတိုင်း တစ်ခါကျဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်သန်းခေါင်ယံကျော်လာသည့်အခါမှာမူ အမေဖောက်လာ
မီး မည်သည့်စကာတစ်ခွန်းမှ မပြောနိုင်ဘဲ ဝေဒနာကို ပြင်းစွာ ခံ
စားပြီးနောက် အတန်ကြာသည့်တွင် ငြိမ်ကျသွားပါတော့သည်။

"မယ်မယ် မယ်မယ်"

"အမေ အမေ"

"မမ မမ"

ဒေါ်စောနန်းမြတ်စံသည်ကား မည်သူ၏ခေါ်သံကိုမျှ မကြား
နိုင်တော့ဘဲ မြတ်မဟာစံအိမ်ကြီးနှင့်တကွ လောကကြီးကိုပါ အပြီးအ
ပိုင် စွန့်ခွာသွားပြီ ဖြစ်ပါသတည်း။

✺

ထိုနေ့ညက နံနက်နှစ်နာရီကျော်မှ မင်းဝေနှင့်ဒေဝီတို့မှာ သူ
တို့၏အိပ်ခန်းကြီးထဲသို့ ဝင်နိုင်ကြတော့သည်။

ပင်ပန်းနွမ်းနယ်နေသည့် မင်းဝေသည် ရာသီဥတု အေးစိမ့်
နေသဖြင့် ဆွယ်တာအင်္ကျီထပ်ဝတ်ရန် ဗီရိုတံခါးဖွင့်လိုက်သည့်တွင်
အဝတ်အစားများမှာ သူ့အထပ်နှင့်သူရှိသော်လည်း ခြေရာလက်ရာ
ပျက်နေသည်ကို သတိပြုမိလေ၏။

"အင်း ... တစ်ယောက်ယောက်တော့ ဝင်မွှေသွားပြီပဲ"

ယနေ့ညဦးမှစ၍ ယခုအချိန်အထိ မိမိမှာ ဒေါ်စောနန်းမြတ်စံ
၏ အိပ်ခန်းထဲမှာပင် ရှိနေခဲ့သည်။

ဒေဝီသည်လည်း သူနှင့်အတူ ရှိနေခဲ့၏။

လူမမာအသည်းအသန်ဖြစ်နေသဖြင့် အိမ်နီးချင်း ပေါင်းကတော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့် တူမဖြစ်သူတို့ လူနာသတင်းမေး ရောက်နေခဲ့ကြသည်။

အိမ်ဖော်မလေးနှစ်ဦးနှင့် ဒရိုင်ဘာကိုငွေမောင်းတို့ပါ လူနာ၏အိပ်ခန်းထဲ ရောက်နေခဲ့ကြသည်။

ညဥ့်တစ်ပိုင်းလုံးလိုလို စံအိမ်ကြီး၏အပေါ်ထပ်မှာ လူဝင်လူထွက် များလျက်ရှိ၏။

ယင်းကို အခွင့်ကောင်းယူပြီး တစ်စုံတစ်ဦးသည် သူတို့၏ အိပ်ခန်းထဲ သော့တူနှင့်ဖွင့်ဝင်ကာ အဝတ်ဗီရိုကို မွှေနှောက်သွားပုံရလေသည်။

"ဟင်း ဟင်း ... ဒါဟာ ဦးလေးလှိုင်ရဲ့လက်ချက် ဖြစ်နိုင်တယ်၊ သူဟာ ငါ့ကို အတော်မယုံသင်္ကာ ဖြစ်နေတယ်၊ အဘွားကြီးဆီက ငါ တစ်ခုခုရထားတယ်လို့ ယူဆပြီး လာမွှေနှောက် ရှာဖွေသွားပုံရပါလား"

သူက စိတ်ပျက်စွာ ခေါင်းယမ်းလိုက်ရင်း ဒေဝီကို ကြည့်လိုက်လေသည်။ ဒေဝီမှာ ပင်ပန်းနွမ်းနယ်လွန်းသောကြောင့်လားမသိ ... ခုတင်ပေါ်မှ သူမဘက်အခြမ်းတွင် အိပ်မောကျလျက် ရှိပါတော့သတည်း။

✺ ✺ ✺



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

ဝက်နွှဉာဏ်

လွတ်ရာလွတ်ကြောင်း

ပျံလေသည့်ငှက်ခါး

လျှို့ဝှက်အကွရာနှင့်
လျှို့ဝှက်နေရာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ဝက်နှဉာဏ်

ဒေါ်စောနန်းမြတ်စံ၏အသုဘကိစ္စ ပြီးစီးလေသည့် ရက်လည်သောနေ့ ညနေပိုင်းတွင် ဦးဝဏ္ဏလှိုင်သည် ရွှေဂုံတိုင်ရှိ ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းမှ ငှားရမ်းထားသော အိုးခွက်ပန်းကန်အချို့ကို မင်းဝေအား သွားပို့ခိုင်းလိုက်လေသည်။

မင်းဝေ ကားဖြင့်ထွက်သွားသည်နှင့် ဦးဝဏ္ဏလှိုင်သည် ဒေဝီအား အိမ်ပေါ်ထပ်ရှိ ဝရန်တာသို့ခေါ်ပြီး အရေးတကြီး ပြောဆိုဆွေးနွေးမှု ပြုလေ၏။

"ဒီမှာဒေဝီ ... အခုဆိုရင် မမတို့သားအမိနှစ်ယောက်စလုံး လူ့လောကကြီးမှာ မရှိတော့ဘူး၊ ဒီတော့ မမတို့ကျန်ရစ်ခဲ့တဲ့ အမွေအနှစ်တွေကို နင် ခံစားခွင့်ရမှာ အမှန်ပဲ၊ ဒါပေမဲ့ မမဟာ သူမသေခင်ကတည်းက လှူဒါန်းမှုတော်တော်များများ လုပ်ခဲ့တဲ့အတွက် ဘဏ်မှာ ငွေသုံးသိန်းလောက်ပဲ ကျန်တော့တယ်၊ ငါ့ကိုတော့ ငွေငါးသောင်း ပေးခဲ့တယ်၊ ဝတ်လုံတော်ရရှေ့နေကြီး ဦးလှဘူးဆီမှာ စာချုပ်စာတမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြလုပ်ပြီး ငါ့ကိုပေးခဲ့တာပဲ''

''အဲဒါတွေ ဒေဝီမသိပါလား''

''ဟုတ်တယ် ... မမဟာ သူလုပ်ချင်တာ စွတ်လုပ်တတ်တာ နှင်အသိပဲလေ၊ သူ့ရဲ့ တစ်ဖွတ်ထိုးစိတ်ဓာတ်နဲ့ ဒေါသကြီးမှု၊ အစ်ယူသန်နိုင်မှုတွေကြောင့်ပဲ ဘာမဟုတ်တဲ့ မင်းဝေလိုကောင်မျိုး အိမ်ကြီးပေါ် အကြွေသားရောက်နေတာပေါ့၊ အရှင်မွေးလို့ နေ့ချင်းကြီးရတဲ့ အဲဒီဝင်ကစွပ်ကောင်က ငါ့ကိုတောင် အာခံချင်သလို ပြောဆိုပြုမူလာတယ်၊ ဒီနေ့တော့ ကိစ္စအားလုံးပြတ်ပြီ၊ ဒီညပဲ သင်းကို အိမ်က မောင်းထုတ်ရမယ်''

''အို ... အဲဒီလို ချက်ချင်းလုပ်လို့ ကောင်းပါ့မလား ဦးလေးလှိုင်ရဲ့၊ သူက အချိုးမပြေလှပေမယ့် စိတ်ကောင်းရှိသူ၊ စည်းကမ်းရှိသူ၊ သိက္ခာရှိသူပါ''

''ဒီမှာ ဒေဝီ ... နင် အဲဒီကောင်ကို သိပ်အထင်ကြီးမနေနဲ့ အဲဒီကောင် ငါတို့အပေါ် ကွက်ကျော်ရိုက်ထားတာ ရှိတယ် ... သိလား''

''ဘယ်လို ဘယ်လို ကွက်ကျော်ရိုက်တာလဲ ဦးလေးလှိုင်''

''ငါပြောမယ် ... မမတို့မှာ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းဆောင်ရွက်ထားတဲ့ ကြေးပုရပိုက်တစ်ခုရှိတယ်၊ အဲဒီကြေးပုရပိုက်ကို မမ ဘယ်လိုစီမံသိုဝှက်ထားသလဲဆိုတာ ငါမသိဘူး၊ မမကလည်း နှုတ်သိပ်လုံတယ်၊ သေတဲ့အထိ ငါ့ကို တစ်လုံးတစ်ပါဒတောင် ပြောသွားဘူး''

''ကြေးပုရပိုက် ... ဟုတ်လား''

''ဟုတ်တယ် ... ရှေးဟောင်းရတနာမြေပုံတစ်ခုကို ဖော်ညွှန်းထားတဲ့ ကြေးပုရပိုက်ပဲ၊ မင်းတုန်းမင်းတရားကြီးလက်ထက်တုန်း



www.burmeseclassic.com

www.burmeseclassic.com



က ဆင်ဖြူမရှင်ရဲ့လက်ချက်နဲ့ မင်းညီမင်းသားတွေကို သုတ်သင်ဖို့ ဖမ်းလားဆီးလားလုပ်တဲ့အခါမှာ သုံးဆယ်မင်းသားကြီးဟာ ကြိုတင် ရိပ်မိတဲ့အတွက် သူ့ရဲ့လူယုံတော်အမတ် ဦးသက္ကကို သူတို့မိသား ပိုင်ဆိုင်တဲ့ နန်းစဥ်ရတနာအတော်များများကို ဘယ်သူမှမသိအောင် ပေးပြီး ရွှေလီမြစ်ကမ်းပါးမှာရှိတဲ့ ဝါးနက်တောဆီ ပြေးခိုင်းခဲ့တယ်၊

အဲဒီလို ပြေးခိုင်းလိုက်တာဟာ လက်မတင်လေး အချိန်မီသွား တယ်လို့ ဆိုရမယ်၊ အမတ်ဦးသက္ကပြေးတဲ့နေ့ မွန်းလွဲပိုင်းမှာပဲ သုံးဆယ် မင်းသားကြီးနဲ့ ကြင်ရာတော်ရော သားတော်သမီးတော်တွေဟာ တခြား မင်းညီမင်းသားတွေနဲ့အတူ အဖမ်းခံခဲ့ရတယ် ...၊

အမတ်ဦးသက္ကဟာ ဝါးနက်တောကြီးထဲကနေ သူ့ရဲ့ ဆရာ သမား အရှင်သခင် သုံးဆယ်မင်းသားကြီး လိုက်လာတာကို စောင့် မျှော်နေခဲ့တယ်၊ အဲဒီတုန်းကတော့ သုံးဆယ်မင်းသားကြီးတို့၊ မက္ခရာ မင်းသားကြီးတို့အပါအဝင် မင်းညီမင်းသားတစ်စုကို ဖမ်းဆီးထိန်း သိမ်းထားတယ်ဆိုတာ တိုင်းသူပြည်သားအတော်များများက သိကြ ပေမယ့် နန်းတွင်းရေးအရှုပ်အထွေးကြောင့် ခေတ္တခဏ ထိန်းသိမ်း တာပဲ၊ ပြီးရင် ပြန်လွှတ်လိမ့်မယ်လို့ပဲ ထင်ခဲ့ကြတယ် ...၊

အမတ်ဦးသက္ကလည်း အဲဒီလိုထင်ပြီး သုံးဆယ်မင်းသားကြီး လိုက်လာတာကို စောင့်မျှော်နေရင်းက ငှက်ဖျားရောဂါရခဲ့တယ်၊ သူ့ရဲ့ ငှက်ဖျားရောဂါဟာ တောထဲမှာမို့ ဆေးဝါးလည်း မစုံလင်လေတော့ တဖြည်းဖြည်း ဆိုးဝါးလာပြီး လူက အရိုးပေါ် အရေတင်လာခဲ့တယ်၊ အဲဒီမှာ အမတ်ကြီးဟာ သူ့ကိုယ်သူ မရတော့ဘူးဆိုတာ သိလာတော့ သူ တာဝန်ယူထိန်းသိမ်းထားတဲ့ နန်းစဥ်ရတနာတွေကို ငှက်ဖျားမိ တဲ့အချိန်မှာ တောနက်ထဲ တစ်နေရာမှာ သူတစ်ဦးတည်း တူးဝှက် မြှုပ်ခဲ့တယ်၊ သူနဲ့အတူ ပါလာခဲ့တဲ့ လက်ရင်းလူယုံတပည့်နှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ာင် ရတနာတွေမြှုပ်နှံတဲ့နေရာကို မပြောပြခဲ့ဘူး ...။

အဲဒီအမတ်ကြီးဦးသက္ကဟာ ပညာရှိအမတ်ကြီးဖြစ်တာမို့ တော်ရုံ မဖတ်တတ်တဲ့ ရှေးဟောင်းအက္ခရာတွေနဲ့ ရတနာတွေ မြှုပ်နှံတဲ့နေရာ ညွှန်းတဲ့စာကို ကြေးပုရပိုက်ထဲမှာ ရေးထွင်းခဲ့တယ် ...။

သူက သူကွယ်လွန်ခဲ့ရင် အဲဒီကြေးပုရပိုက်ကို သုံးဆယ်မင်းသားကြီး အချုပ်အနှောင်က လွတ်လာတဲ့အခါ ပေးဖြစ်အောင်ပေးဖို့ တပည့်နှစ်ဦးဖြစ်တဲ့ မောင်မှတ်နဲ့ ဖိုးဝဏ္ဏတို့ကို သေချာမှာကြားခဲ့တယ်၊ အဲဒီလိုမှာကြားပြီး ဆယ်ရက်လောက်အကြာမှာတော့ အမတ်ကြီးဟာ သေဆုံးကွယ်လွန်သွားခဲ့တယ် ...။

မောင်မှတ်နဲ့ ဖိုးဝဏ္ဏတို့ဟာ အမတ်ကြီးရဲ့အလောင်းကို သေချာမြှုပ်နှံပြီးတဲ့နောက် ကြေးပုရပိုက်ကို ယူဆောင်ပြီး ဝါးနက်တောတော်ထဲက ထွက်ခဲ့ကြတယ် ...။

ဒါပေမဲ့ သူတို့ တောစပ်ရောက်ခါနီးမှာ မမျှော်လင့်ဘဲ တောဆင်ရိုင်းနဲ့တိုးပြီး တောဆင်ရိုင်းကြီးရဲ့ တိုက်ခိုက်တာခံရလို့ မောင်မှတ်ဟာ ပွဲချင်းပြီး သေဆုံးခဲ့ရတယ် ...။

အဲဒီမှာ တစ်ယောက်တည်းကျန်ခဲ့တဲ့ ဖိုးဝဏ္ဏဟာ ကြေးပုရပိုက်ကို သယ်ဆောင်ပြီး ခရီးဆက်ခဲ့ရတယ်၊ ဖြစ်ချင်တော့ တောစပ်ကထွက်လာတုန်းမှာပဲ ရဲမက်တစ်စုနဲ့ ပက်ပင်းတိုးလေတော့ သူဟာ ကြောက်လန့်ပြီး တောထဲပြေးဝင်ခဲ့တယ် ...။

တကယ်တော့ ရဲမက်တွေဟာ ဘုရင်ပိုင် ကျွန်းသစ်တောတွေထဲက သစ်ခိုးခုတ်သူတွေကို ဖမ်းဖို့လာတာ၊ သူတို့ကလည်း ဖိုးဝဏ္ဏကို သစ်သူခိုးထင်ပြီး အတင်းလိုက်ကြတော့တယ် ...။

ရဲမက်တွေထက် တောကျွမ်းတဲ့ဝဏ္ဏဟာ ရဲမက်တွေကို မျက်ခြည်ပြတ်နိုင်ခဲ့ပေမယ့် ကြေးပုရပိုက်ဟာ သူ့လွယ်လာတဲ့ အဝတ်

www.burmeseclassic.com



အိတ်ကြီးထဲကနေ ဘယ်နေရာမှာ ထွက်ကျသလဲမသိတော့ဘူး ...။

ကြေးပုရပိုက် ပျောက်သွားပေမယ့် လိုက်မရှာရဲဘူး၊ တော ထဲမှာပဲ ပုန်းနေခဲ့ရတယ်၊ နောက်နှစ်ရက်လောက်နေမှ လိုက်ရှာတော့ ဘယ်မှာမှ ရှာမရတော့ဘူး ...။

တစ်ခါ တောထဲမှာ ရဲမက်တွေနဲ့ ထပ်တိုးလို့ ပြေးရပြန်တယ်၊ အဲဒီလိုပြေးရင်းနဲ့ ဝါးနက်တောရဲ့ အရှေ့ဘက်ဒေသမှာရှိတဲ့ မိုးကုတ် နယ်မြေထဲ ရောက်သွားတော့တယ် ...။

အဲဒီလိုနဲ့ ဖိုးဝဏ္ဏဟာ မိုးကုတ်ရတနာမြေမှာ ခိုလှုံနေပြီး ကျောက်တွင်းတစ်တွင်းမှာ ကျောက်တူးရင်း အသက်မွေးဝမ်းကျောင်းခဲ့ ရတယ်၊ ဒါပေမဲ့ မကြာပါဘူး ... သူ့ကိုမှတ်မိတဲ့ ရဲမက်တစ်ဦးက တွေ့သွားပြီး ဖမ်းဆီးခံရတော့တယ်၊ အဲဒီ ဖိုးဝဏ္ဏဆိုတာ ကျုပ်ရဲ့ အဘိုးအရင်းပါပဲ ...။

အဘိုးဦးဝဏ္ဏဟာ ကွပ်မျက်မခံရပေမယ့် ထောင်ဒဏ်ဆယ်နှစ် ကျခဲ့တယ်၊ အဘိုးဦးဝဏ္ဏ ထောင်ကျပြီး ရှစ်နှစ်လောက်အကြာမှာ အင်္ဂလိပ်တွေက မြန်မာပြည်ကို သိမ်းတော့တယ် ...။

အဲဒီမှာပဲ အဘိုးလည်း ထောင်ကလွတ်လာတော့တယ်၊ အဘိုး ဦးဝဏ္ဏဟာ ထောင်ကလွတ်လာပြီးတဲ့နောက်မှာ ထောင်ထဲမှာ သိကျွမ်း ခင်မင်ခဲ့တဲ့ ရှမ်းအမျိုးသားကြီးတစ်ဦးခေါ်ရာ သိန္နီနယ်ဘက် လိုက်ပါ သွားခဲ့တယ် ...။

အဲဒီမှာပဲ သိန္နီသူ မခင်နှောင်းနဲ့ အကြောင်းပါခဲ့တာပါပဲ၊ သိန္နီသူမခင်နှောင်းဆိုတာဟာ အဲဒီ သိန္နီနယ် တောင်ညိုရွာက ပွဲ ကျောင်းကိုယ်တော် အရှင်ဏရဲ့ ညီမပါပဲ ...။

တစ်နေ့ညမှာတော့ ပွဲကျောင်းကိုယ်တော် ဦးအရှင်ဏဟာ လက်မောင်းမှာ ဒဏ်ရာကြီးရပြီး သွေးစက်လက်နဲ့ အဘိုးတို့အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့တယ် ...။

ဦးအရုဏက ဖြစ်ကြောင်းကုန်စင်ပြောပြမှ အဘိုးဦးဝဏ္ဏ ကျ ရောက်ခဲ့တဲ့ ကြေးပုရပိုက်ဟာ စော်ဘွားနွယ်ဝင် ဦးစပ်ကြာမြွတ်ရဲ့ လက်ထဲ ရောက်နေတာကိုသိရတယ် ...။

ဒါပေမဲ့ အဘိုးဦးဝဏ္ဏဟာ အဲဒီအချိန်အထိ ဇနီးဖြစ်တဲ့ အဘွား ကို့ရော ဦးအရုဏကိုပါ ကြေးပုရပိုက်အကြောင်း မပြောခဲ့ဘူး၊ ဦးအရု ဏဟာ ရရှိခဲ့တဲ့ဒဏ်ရာနဲ့ပဲ ငန်းဝင်ပြီး သေဆုံးသွားခဲ့ရတယ် ...။

အဘိုးဟာ အဲဒီအကြောင်းတွေကို သူ့ရဲ့တစ်ဦးတည်းသော သမီး မနန်းမြွတ်ကျင်ကို သူကွယ်လွန်ခါနီးမှာ လုံးစေ့ပတ်စေ့ ထုတ် ပြောခဲ့တယ် ...။

မနန်းမြွတ်ကျင်ဆိုတာ ကျုပ်ရဲ့အမေပါပဲ ...။

အမေနန်းမြွတ်ကျင်ဟာ အဲဒီကြေးပုရပိုက်ကို ရယူလိုစိတ် ရှိခဲ့တယ်၊ သူ့ရဲ့ဘကြီး ဦးအရုဏ သေဆုံးခဲ့ရတာဟာလည်း အဲဒီကြေး ပုရပိုက်ကြောင့်ပဲလို့ စိတ်ထဲမှာ စွဲမှတ်ခဲ့တယ် ...။

ဒါနဲ့ပဲ အမေနန်းမြွတ်ကျင်ဟာ မိဘတွေ ကွယ်လွန်သွားပြီး တဲ့နောက်မှာ သိန္နီနယ်ကထွက်ခွာလို့ စော်ဘွားမျိုးနွယ် စပ်ကြာမြွတ်တို့ မိသားစုရဲ့သတင်းကို စုံစမ်းရှာဖွေခဲ့တယ်၊ အဲဒီလိုရှာဖွေရင်း မိုးကုတ် ဒေသရောက်သွားပြီး အဖေနဲ့အိမ်ထောင်ကျခဲ့တယ် ...။

ကျုပ်ရဲ့အဖေ ဦးသာလှဟာ မမစောနန်းမြွတ်စံရဲ့ အမေ ဒေါ်ကျော့စံမြွတ်နဲ့ မောင်နှမအရင်းပါပဲ ...။

"ဒါကြောင့် အဖေ့,အမေတို့ ကွယ်လွန်သွားတဲ့နောက် ကျုပ် ဟာ မမစောနန်းမြွတ်စံရဲ့အပါး ရောက်ရှိခဲ့ရတာပေါ့ ...။

ကျုပ်ဟာ ရှေးဟောင်းကြေးပုရပိုက်ရဲ့အကြောင်း မမစောနန်း မြွတ်စံကို တစ်လုံးတစ်ပါဒမှ မပြောခဲ့ဘူး၊ မမကလည်း ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမပြောဘူး ...၊

ကျုပ်ဟာ ကျုပ်ရဲ့အမေလိုပဲ အဲဒီကြေးပုရပိုက်ကို သိမ်း လိုချင်ခဲ့တယ်၊ တကယ်တော့ အဲဒီကြေးပုရပိုက်ကို ကျုပ်တို့မျိုးရိုးစဉ် ဆက်သာ ပိုင်သင့်တယ်လို့ ယူဆတယ် ...၊

ဒါကြောင့် ကြေးပုရပိုက် ရလိုရငြား နည်းပေါင်းစုံသုံး ကြိုး စားနေခဲ့တယ်''

ဤနေရာတွင် ဒေဝီက ဖြတ်မေးလိုက်သည်။

''အဲဒီကြေးပုရပိုက်ဟာ မယ်မယ်ကြီးဆီမှာရှိတာ သေချာလို့ လား ဦးလေးလှိုင်ရဲ့''

''သိပ်သေချာတာပေါ့၊ သူတို့မိသားစုမျိုးနွယ်ဟာ အဲဒီကြေး ပုရပိုက်ကို မျိုးရိုးစဉ်ဆက် လျှို့ဝှက်ပြီး ထိန်းသိမ်းထားတယ်ဆိုတာ ကျုပ်ရိပ်မိတယ် ...၊

အခု မမသေဆုံးကွယ်လွန်ခါနီးမှာ သူတို့မျိုးရိုးရဲ့ဓလေ့ အတိုင်း မမဟာ သူ့သားအရင်း ညီညီလို့ထင်နေတဲ့ မောင်မင်းဝေ ကို ကြေးပုရပိုက်အကြောင်း ပြောခဲ့မှာ အသေအချာပဲ ဒေဝီ''

''အဲဒါ သေချာလို့လား''

''သိပ်သေချာတာပေါ့ ဒေဝီရယ်၊ မမ မကွယ်လွန်ခင် တစ်နေ့ က မောင်မင်းဝေကို မမဟာ သူ့အခန်းထဲခေါ်ပြီး နာရီဝက်ကျော် ကျော်လောက် စကားပြောတယ်၊ မဟုတ်မှလွဲရော ...အဲဒီစကား ဟာ ကြေးပုရပိုက်ရဲ့အကြောင်းပဲ ဖြစ်လိမ့်မယ်ထင်တယ် ဒေဝီ ...၊

အဲဒီကတည်းက ကျုပ်ဟာ မောင်မင်းဝေကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့တယ်၊ သူ့ရဲ့အိပ်ခန်းထဲကိုတောင် ကျုပ် ချောင်းကြည့် ခဲ့တယ် ...၊

'အခု မမ သေဆုံးသွားတော့ ရှေ့နေဝတ်လုံတော်ရကြီး ဦးလှ



www.burmeseclassic.com

www.burmeseclassic.com



အိုကို သက်သေထားပြီး မမရဲ့မီးအာမခံသေတ္တာကို မီးခံသေတ္တာပြင်တဲ့ လူသားကို ခေါ်ပြီးဖွင့်နိုင်းကြပေမယ့် အဲဒီမီးခံသေတ္တာထဲမှာ ငွေသား အချို့နဲ့ ဘဏ်စာအုပ်ရယ်, လက်ဝတ်လက်စားတချို့ရယ်ပဲ တွေ့ရ တယ်မဟုတ်လား ဒေဝီ ...၊

ဒါကြောင့် မဟုတ်မှလွဲရော ... မမဟာ သူ့ရောဂါအခြေ အနေ ဆိုးသည်ထက်ဆိုးလာတာကို သိတာနဲ့ အဲဒီကြေးပုရပိုက်ကို မောင်မင်းဝေရဲ့လက်ထဲ ထိုးအပ်လိုက်ပြီလို့ ထင်တယ် ...၊

ကျုပ်က အဲဒီအကြောင်းကို ရိပ်မိလို့ မောင်မင်းဝေကို လှည့် ပတ်မေးပေမယ့် မောင်မင်းဝေက ဖွင့်မပြောဘူး၊ မြို့နေခဲ့တယ်၊ တစ် နေ့ကပဲ သူ့ရဲ့အဝတ်ဗီရိုထဲ ကျုပ်မွှေနှောက်ရှာသေးတယ်၊ ကြေးပုရပိုက် ကို မတွေ့ရဘူး၊ အဲဒီကောင် ဘယ်မှာဝှက်ထားသလဲ မသိဘူး"

"နေပါဦး ဦးလေးလှိုင်ရဲ့ ... အဲဒီကြေးပုရပိုက်ကို ပြန်ရတော့ ဦးလေးလှိုင်က ဘာလုပ်မလို့လဲ"

"ဟာ ... ဘာလုပ်ရမှာလဲ၊ အဲဒီကြေးပုရပိုက်ထဲက အကွက်ရာ တွေရဲ့အဓိပ္ပာယ် ဖော်နိုင်အောင်ကြိုးစားပြီး ရွှေလီမြစ်ဝှမ်းက ဝါးနက် တောကြီးထဲမှာ ဝှက်ထားတဲ့ နန်းစဉ်ရတနာတွေကို တွေ့အောင်သွား ရှာမှာပေါ့၊ အဲဒီနန်းစဉ်ရတနာတွေကိုသာ ကျုပ်တို့ရရင် ကျုပ်တို့ ကေန်သူဌေးဖြစ်ပြီ ... သိရဲ့လား၊ အခု ကျုပ်တို့ရတဲ့ ခံစားခွင့်ဟာ ဘာမှမပြောပလောက်ပါဘူး၊ အဲဒီနန်းစဉ်ရတနာတွေကိုသာ ဖော်ထုတ် ရှာဖွေရရှိလိုက်ရင် ကျုပ်တို့ ကေန် သူဌေးသူကြွယ်ကြီးတွေ ဖြစ်မှာ ... သိရဲ့လား၊ ဒီတော့ ဒေဝီက ကျုပ်ကိုကူညီပါ"

"ဟင် ... ဘယ်လို ကူညီရမှာလဲ"

"ဒီနေ့ည ညစာစားအပြီးမှာ သူသောက်မယ့် နွားနို့ခွက်ထဲ ဆေးထည့်ပေးပါ၊ ရော့ ... ဒီမှာ အိပ်ဆေး"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီက သူမ၏လက်ထဲ ထည့်လာသည့် ဆေးပြားဖြူဖြူ ဝိုင်းဝိုင်းလေးနှစ်ခုကို အံ့အားတသင့် ကြည့်နေ၏။

"သူ့ကို အိပ်ဆေးခတ်မလို့ ... ဟုတ်လား"

"ဟုတ်တယ်"

"အဲဒီလို အိပ်ဆေးခတ်ပြီး ဘာလုပ်မှာလဲ"

"သူ အိပ်ပျော်သွားရင် သူ့ကို ဒီစံအိမ်ကြီးရဲ့ မြေအောက်ခန်းထဲ ခေါ်သွားရမယ်"

"ရှင် ... မြေအောက်ခန်း ... ဟုတ်လား"

"ဟုတ်တယ် ... ဒီစံအိမ်ကြီးရဲ့နောက်ပိုင်း စတိုခန်းထဲမှာ မြေအောက်ခန်းဆင်းတဲ့ လျှို့ဝှက်အပေါက် ရှိတယ်၊ မင်းဝေကို အဲဒီ မြေအောက်ခန်းထဲမှာ စစ်မေးရမယ်"

"ဘာကို စစ်မေးမှာလဲ"

"ကြေးပုရပိုက်ကို ဘယ်မှာထားသလဲဆိုတာ မရ,ရအောင် မေးရမယ်"

"ညှဉ်းပန်းနှိပ်စက်ပြီး မေးမှာလား"

"ဒါပေါ့ ... အမှန်မပေါ်မချင်း အရေခွံနွာပြီးတော့ကို စစ် မေးရမယ်"

ခက်ထန်စွာပြောလိုက်သည့် ဦးဝဏ္ဏလှိုင်အား စိုက်ကြည့်နေ ရာမှ ဒေဝီက ခေါင်းကိုညိတ်လိုက်သည်။

"ကောင်းပြီ ... တကယ်လို့ ကိုမင်းဝေက အဲဒီကြေးပုရပိုက် ဝှက်သိမ်းထားတဲ့နေရာကို ဖွင့်ပြောပြလို့ ကြေးပုရပိုက်ကို ရပြီဆိုရင် ကော သူ့ကို ဘယ်လိုလုပ်မှာလဲ"

"အပြတ်ရှင်းပစ်ကြမယ်"

"ဟင် ... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်ဟာ ကြေးပုရပိုက်ရဲ့တန်ဖိုးကို သိနေပြီလေ၊ ဒီတော့ ကျုပ်တို့ရဲ့ ရှေးဟောင်းရတနာတွေရှာဖွေမှုမှာ အန္တရာယ်ပြု သာနိုင်တယ်၊ သူ့ကို လွှော့တွက်လို့ မရဘူး၊ ရန်ဆိုတာ ကြိုရှင်းထား တာ အကောင်းဆုံးပဲ ...၊

ကျုပ်ဟာ ကြေးပုရပိုက်နဲ့ပတ်သက်ပြီး မမကို ဘယ်လိုမှ လှည့်ပတ်မေးလို့မရခင်မှာ မမ ရုတ်တရက် သေသွားမှာစိုးလို့သာ အဲဒီကောင်ကို ညီညီအဖြစ် လက်ခံထားရတာ ... အဲဒီ ကောင်ဟာ ညီညီအဖြစ် အယောင်ဆောင်နေခဲ့ရတာကိုလည်း ဝတ်လုံတော်ရကြီး ဦးလှဘူး သိထားတာပဲလေ ...၊

အခု မမ,မရှိတော့လို့ မင်းဝေကို အလုပ်ကရပ်စဲပြီး သွားလိုရာ သွားဖို့ လွှတ်လိုက်ပြီလို့ ဦးလှဘူးကို ပြောလိုက်ရုံပဲ၊ တခြားသူတွေကို လည်း အဲဒီအတိုင်း သတင်းလွှင့်လိုက်ရုံပဲ"

"ဦးလေးလှိုင်က သူ့ကိုသတ်လိုက်ပြီပဲထား ... သူ့ရဲ့ဇာတိ မြို့က သူ့ရဲ့အမေက သားဖြစ်သူ ပြန်ရောက်မလာပါဘူးလို့ ပုလိပ်တွေ ဘာတွေတိုင်ရင် ဘယ်လိုလုပ်မလဲ ညောင်မြစ်တူးရင်း ပုတ်သင်ဥပေါ် သွားမယ်နော် ဦးလေးလှိုင်"

"ဟင်း ဟင်း ဟင်း ... အဲဒါအတွက်တော့ မပူပါနဲ့ တူမ ရယ်၊ ကျုပ်က ကျုပ်လုပ်မယ့်ကိစ္စအတွက် အားလုံး အကွက်စေ့ ထောင့်စေ့အောင် လုပ်ထားပြီးသားပါကွဲ့"

"ဘယ်လိုလုပ်ထားတာလဲ ပြောပါဦး"

"အဲဒီကောင်ရဲ့ ဇာတိစာရေးမြို့ဆီ ကျုပ်ရဲ့လူယုံ အထောက် တော်တစ်ယောက် စေလွှတ်ပြီး စုံစမ်းထောက်လှမ်းခိုင်းထားလို့ အဲဒီ ကောင်ရဲ့ နောက်ကြောင်းအားလုံးကို သိပြီးသား"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီကောင်က ဒီကရတဲ့ လစာငွေကို သူ့အမေဆီ လစဉ်ပို့တယ်လို့ ပြောထားတယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒါ သူ့အမေဆီ ပို့တာမဟုတ်ဘူး၊ သူ့မှာ အမေရော အဖေရော မရှိတော့ဘူး"

"အို ... ဟုတ်လား"

"ဟုတ်တယ် ... သူ ငွေပို့ပို့နေတာ သူ့မိန်းမဆီ"

"ရှင် ... သူ့မှာ မိန်းမရှိတယ် ဟုတ်လား၊ သူက လူပျိုဆို"

"အဲဒါ အဲဒီကောင် ညာထားတာ၊ ကျုပ်တို့က သူ့ကို ညီညီ အဖြစ် ဟန်ဆောင်ဖို့ အလုပ်စခန့်တော့ နောက်ကြောင်းရှင်းမှ ဖြစ်မယ်လို့ ပြောတယ်မဟုတ်လား၊ အဲဒီမှာ သူကလည်း အဲဒီဟန်ဆောင်တဲ့ အလုပ်ကို မလုပ်ရမှာစိုးလို့ သူ့မှာ နောက်ကြောင်းရှင်းတယ်၊ မိန်းမတွေ ဘာတွေ မရှိဘူးလို့ လိမ်ညာပြောခဲ့တာ ဖြစ်မှာပေါ့"

"အင်း ... အဲဒါ ဖြစ်နိုင်ပါတယ်"

"သူ့ရဲ့မိန်းမဟာ မီးယပ်ရောဂါကြောင့် အောက်ပိုင်းချည့် သလို ဖြစ်သွားတယ်၊ သူ့မိန်းမကို ဆေးကုဖို့ ငွေလိုလို့ အလုပ်ရှာဖို့ ရန်ကုန်ဆင်းအလာ ကျုပ်တို့နဲ့ ဆုံစည်းခဲ့ရတာပဲ"

"ဩော်"

"အခုတော့ သူ့မိန်းမဟာ လွန်ခဲ့တဲ့ ဆယ်ရက်ကတည်းက သေသွားခဲ့ပြီ"

"အို ... ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ မင်းဝေဟာ သူ့မိန်းမသေတာကို မသိသေးဘူး၊ သူက ဒီက လိပ်စာပေးမထားတော့ စာရေးက သူ့တွေက သူ့ကို ဘယ်လိုမှ အကြောင်းမကြားနိုင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဖြစ်မှဖြစ်ရလေ"

"အဲဒီတော့ စာရေးမှာ မင်းဝေနဲ့ပတ်သက်ဆက်နွယ်တဲ့ အရင်းအချာ ဘယ်သူမှ မရှိတော့ဘူး၊ မင်းဝေ ပြန်ရောက်မလာလို့လည်း စာရေးမှာ ပူပန်မယ့်လူ မရှိဘူး၊ တကယ်လို့ စာရေးက လူတွေက မင်းဝေ စာရေးကိုပြန်ရောက်မလာဘူးလို့ ပြောရင်လည်း သူ့မိန်းမ သေခဲ့တဲ့ စာရေးကို စိတ်နာပြီး သူ့မိန်းမအတွက် စိတ်ထိခိုက်ပြီး မြို့ဦးတည့်ရာသွားမယ်ဆိုပြီး ထွက်သွားတယ်လို့ ပြောလိုက်ကြရုံပေါ့ ... မဟုတ်ဘူးလား"

ဒေဝီမှာ တွေငေးငေးလေး ဖြစ်သွားတော့သည်။

ဦးဝဏ္ဏလှိုင်က ဒေဝီအား ခပ်စူးစူးစိုက်ကြည့်ကာ အကဲခတ်လိုက်ပြီး ...

"ဘယ်လိုလဲ ဒေဝီ ... ကျုပ်ကို ကူညီနိုင်မလား၊ နင် ပူးပေါင်းကူညီမှ ဖြစ်မှာမို့ နင့်ကို အကူအညီတောင်းရတာပဲ"

ဟု ပြတ်သားစွာ မေးလိုက်လေသည်။

ဒေဝီက နဖူးပြင်ပေါ် ဝဲကျနေကြသော ဆံနွယ်တို့ကို လက်ချောင်းကလေးများဖြင့် သပ်တင်ရင်း ဦးဝဏ္ဏလှိုင်အား ပြန်လည်စိုက်ကြည့်လိုက်ကာ သွေးအေးအေးဖြင့် ပြောလိုက်တော့သည်။

"ဒေဝီ ဦးလေးလှိုင်နဲ့ ပူးပေါင်းနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီလို ပူးပေါင်းမှုအတွက် ဒေဝီရရှိမယ့် အကျိုးအမြတ်ပမာဏကို သိချင်တယ်"

"နင် ဒီတိုက်ကြီးနဲ့ ကားနှစ်စီးရော ငွေသုံးသိန်းပါ ပိုင်ဆိုင်ပြီးပြီပဲ"

"အဲဒါက တစ်ကဏ္ဍလေ"

"ထားပါတော့၊ ကျုပ် တကယ်လို့ အဲဒီကိစ္စကို အောင်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မြင် လုပ်ဆောင်ပြီးရင်တော့ ရရှိလာတဲ့ရတနာတွေရဲ့ သုံးပုံတစ်ပုံ နှင့်ကိုပေးမယ်''

''ကြိုက်သွားပြီ ... Ok ပဲ၊ ဒါဆို ဒေဝီ ဦးလေးလှိုင်နဲ့ ပူးပေါင်းမယ်''

ထိုစဉ် မာစီဒီးကားလေးက ခြံဝင်းထဲသို့ မောင်းဝင်လာသည်ကို ဝရန်တာပေါ်မှ တွေ့လိုက်ရလေသည်။

''ဟော ... ကိုမင်းဝေတောင် ပြန်လာပြီ''

''ကဲ ဒေဝီ ... ဒီညတော့ ပိုင်ပိုင်နိုင်နိုင်လုပ်နော်''

''စိတ်ချပါ''

ဒေဝီက ပြုံးလျက် ခေါင်းညိတ်ကာ ပြောလိုက်ပြီးနောက် အိမ်ထဲသို့ ဝင်သွားတော့၏။

ဦးဝဏ္ဏလှိုင်မှာ ဒန်းပေါ်တွင် လက်ပိုက်ထိုင်ရင်း ကျေနပ်စွာ အားပါးတရ ပြုံးလိုက်ပါတော့သတည်း။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



## လွတ်ရာလွတ်ကြောင်း

ဝါကြင့်ကြင့် မီးရောင်အောက်တွင် ခမ်းနားလှပနေသော သဋ္ဌာ ...ခန်းဆောင်ထဲသို့ နို့ဖန်ခွက်များအား ဗန်းဖြင့်သယ်ယူလာသည့် မလုံး ...ည် ခပ်ပြုံးပြုံးအမူအရာဖြင့် ဗန်းကို စားပွဲပုလေးပေါ် အသာတင်ပြီး ...ပြန်ထွက်သွားသည်နှင့် ဒေဝီက အခန်းတံခါးကို ထပိတ်ချက်ထိုးလိုက် ...လေသည်။

ခုတင်စွန်းတွင် ထိုင်နေသည့် မင်းဝေက မျက်မှောင်ကြီးကုတ် ...ာ သူမကို စိုက်ကြည့်နေပြီး ...

"ဒီမှာ ... ခင်ဗျား ဒီပြင့်အခန်း ပြောင်းမအိပ်သေးဘူးလား"

ဟု ခပ်ဆတ်ဆတ် မေးလိုက်လေသည်။

ဒေဝီက မျက်စောင်းထိုးလိုက်ပြီးနောက် ခုတင်အနီးသို့ ခွေးခြေ ...တစ်လုံးဆွဲယူကာ မင်းဝေ၏ရှေ့တွင် ထိုင်လိုက်လေသည်။

"ရှင် ကျွန်မကို ဘာဘာညာညာတွေပြောပြီး ရန်တွေ...နေနဲ့ ...အရေးအင်မတန်ကြီးတဲ့စကား ပြောစရာရှိတယ် ... ခပ်...တိုးတိုးပြောမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်''

ဒေဝီ၏ဟန်ပန်က လေးနက်တည်ကြည်နေသဖြင့် မင်းဝေ မျက်ခုံးနှစ်ဖက် ပင့်လိုက်မိ၏။

''ဘာလဲ ... ဘာစကားလဲ''

ဒေဝီက သူမ၏လက်ဖဝါးလေးကို ဖြန့်ကာ ဆေးပြားလေးနှစ်ပြားကို ပြလိုက်သည်။

''ရှင့်ကို ဒီအိပ်ဆေးပြားနှစ်ပြား နွားနို့နဲ့ဖျော်တိုက်ဖို့ ဦးလေးလှိုင်က တာဝန်ပေးထားတယ်''

''ဘာ''

မင်းဝေက အံ့အားသင့်ခြင်း၊ ဒေါသဖြစ်ခြင်းနှင့်အတူ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်မိသည်။

''ရှင် စိတ်အေးအေးထားပြီး နားထောင်စမ်းပါ၊ ပြန်ထိုင်ပါ၊ ဟုတ်ပြီ ... ကျွန်မဆက်ပြောမယ်၊ ရှင့်ကို အိပ်ဆေးတိုက်ပြီး ဖမ်းချုပ်ပြီးရင် ဒီအိမ်ကြီးရဲ့မြေအောက်ခန်းဆီ ခေါ်သွားမယ်လို့ ပြောတယ်''

''မြေအောက်ခန်း ... ဟုတ်လား''

''ဟုတ်တယ်၊ ဒီအိမ်ကြီးရဲ့စတိုခန်းအောက်မှာ မြေအောက်လျှို့ဝှက်ခန်းရှိတာကို ဒေဝီတောင် မသိခဲ့ဘူး၊ ဦးလေးလှိုင်က ရှင့်ကို အဲဒီမြေအောက်ခန်းထဲ ခေါ်သွားပြီး နည်းပေါင်းစုံနဲ့ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းတော့မှာရှင့် ... သိရဲ့လား၊ ဒါကြောင့် ဒေဝီက ရှင့်ကို ကြိုပြီးပြောတာ''

''သူက ကျုပ်ကို အဲဒီလို ဘာဖြစ်လို့လုပ်မှာလဲ''

''ကြေးပုရပိုက်ကို လိုချင်လို့ပေါ့''

''ဟင် ... ကြေး ကြေးပုရပိုက်ကိစ္စကို ဒေဝီတို့သိတယ် ... ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... သိထားတယ်၊ ဒီမှာ ဒေဝီသိထားသလောက် ပြောပြမယ်၊ ရှင်ကလည်း ရှင်သိထားသလောက် ဒေဝီ့ကိုပြောပြပါ၊ ဒါမှ ဒေဝီတို့ ဘာဆက်လုပ်သင့်သလဲဆိုတာ စဉ်းစားဆုံးဖြတ်လို့ ရမယ်၊ ဒေဝီသိထားရသမျှက ဒီလို ..."

ဤသို့ဖြင့် ဒေဝီက ဦးဝဏ္ဏလှိုင်ထံမှ ကြားသိထားသမျှကို အကျဉ်းချုံး ပြောပြလေသည်။

မင်းဝေက အံ့အားကြီးသင့်ကာ နားထောင်လျက်နေရင်း စကားမဆုံးမီမှာပင် အံကြိတ်ကာ မကျေမနပ်ဖြင့် မေးလေသည်။

"ဩော် ... သူက ကျုပ်ကို သတ်ပစ်ဖို့တောင် စီစဉ်ထားတာ ပေါ့ ... ဟုတ်လား"

"ဟုတ်တယ် ... ပြီးတော့ စာရေးမြို့ကလေးမှာ ကျန်ရစ်ခဲ့ တဲ့ ရှင့်ရဲ့မိန်းမလည်း သေပြီတဲ့"

"ဗျာ"

ဒေဝီက ဦးဝဏ္ဏလှိုင်ပြောသမျှကို သေသေချာချာ ပြန်ပြောပြ လိုက်၏။

မင်းဝေမှာ စိတ်အတော်ထိခိုက်သွားဟန်ဖြင့် မျက်နှာကို လက် ဝါးနှစ်ဖက်ဖြင့်အုပ်ရင်း အတန်ကြာ ငြိမ်နေတော့၏။

ခဏကြာမှ သူ့လက်များကို မျက်နှာမှ ခပ်ဖြည်းဖြည်း ပြန်ခွာ လိုက်လေသည်။ သူ၏မျက်နှာက ညှိုးရော်သွားကာ မျက်လုံးတို့ဝယ် ကြေကွဲရိပ်ကို တွေ့ရလေသည်။

"ရှင့်ဇနီးအတွက်လည်း ဒေဝီ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ သေမှုသတ္တာ ကမ္ဘာ့သကာလို့သာ မှတ်ယူလိုက်ပါတော့ရှင်၊ ဒီတော့ ရှင့်ကို ဆက်ပြောရရင် ဒေဝီက ရှင့်ကို အိပ်ဆေးခတ်တိုက်သွား ဟန်ဆောင်မယ်၊ ရှင်က အိပ်ဆေးမိနေဟန် ဆောင်ရမယ်၊ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



လှိုင်က ရှင့်ကို ထမ်းခေါ်သွားရင် အိပ်ပျော်နေဟန်ဆောင်ပြီးလိုက်သွား စတိုခန်းထဲရောက်မှ ရှင်က သူ့ကို ဦးအောင်လုပ်ထည့်လိုက်၊ မေ့ သွားအောင်လုပ်လိုက်၊ ပြီးရင် ရှင် လွတ်ရာကျွတ်ရာ ပြေးပေတော့ ဟိုကြေးပုရပိုက်ပါ ရှင် ယူသွား''

''ဟင် ... အဲဒီကြေးပုရပိုက်ကို ဒေဝီ ယူမထားဘူးလား''

''ရှင်နဲ့ထိုက်လို့ ရတာ ရှင်ယူသွားပါ၊ ဒေဝီ့မှာ အတော သတ်တဲ့လောဘ မရှိဘူး၊ ဦးလေးလှိုင်က ရှင့်အပေါ် မတော်မတရား လုပ်မှာကိုလည်း မလိုလားဘူး၊ ဒါကြောင့် ရှင့်ရဲ့လွတ်လမ်းကို ဒေဝီ တွေးထားတာပဲ''

''ကျေးဇူးတင်ပါတယ် ဒေဝီ''

မင်းဝေ၏မျက်နှာနှင့် မျက်လုံးတို့က နူးညံ့လို့နေ၏။ ဒေဝီက ခပ်လျော့လျော့ပြုံးလိုက်ကာ ...

''ဒါထက် ရှင်ပြေးရင် အိမ်ရှေ့ဘက်က မပြေးနဲ့၊ ဦးလေးလှိုင်က ညဏ်နီညဏ်နက် အရမ်းများတာ၊ အိမ်ရှေ့ပိုင်းမှာ သူ့လူတွေကို စောင့်ကြည့်ခိုင်းရင် ခိုင်းထားမှာ၊ ဒီတော့ နောက်ပိုင်း မလွယ်ပေါက်က နေ ပြေးပေတော့၊ ရော့ ... လောလောဆယ်သုံးဖို့ ယူသွား''

ဒေဝီက ငွေစက္ကူတစ်ထပ်ကို မင်းဝေ၏လက်ထဲသို့ ထည့်ပေး လေသည်။

''ဒေဝီရယ် ... ဒေဝီရဲ့ကျေးဇူး ကြီးလှပါတယ်''

''ရပါတယ် ... ကိစ္စမရှိဘူး၊ ရှင်သာ လွတ်အောင်ပြေး''

''နေဦး ... ဒါဆို ကြေးပုရပိုက်ကို ဒီအာမခံသေတ္တာထဲက ထုတ်လိုက်ဦးမယ်''

''ဟင် ... ဒီအာမခံသေတ္တာကို ရှင်ဖွင့်တတ်တယ် ... ဟုတ် လား၊ ရှင်က မူလလျှို့ဝှက်နံပါတ်တွေ ဘယ်လိုသိသွားတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး၊ အဲဒီအထဲမှာ စာချုပ်တွေပဲ ရှိတယ်လို့ ပြတဲ့နောက် မင်း ဖွင့်ပြီးထွက်သွားတာပါ၊ အဲဒီမှာ ကျုပ်က ကြေးပုရပိုက်ကို အဲ့ထဲထည့်ပြီး ပြန်ပိတ်ထားလိုက်တာပါ"

"ကဲ ... ဒါဆို ရှင်ပြန်ဖွင့်ပေတော့"

မင်းဝေက အာမခံသေတ္တာအနီးတွင် မုဆိုးဒူးထောက် ထိုင်လိုက်ပြီးလျှင် သူမှတ်သားထားသည့် လျှို့ဝှက်နံပါတ်တို့ကို လှည့်လိုက်ရာ ခဏအကြာမှာပင် အာမခံသေတ္တာ၏သော့က ပွင့်သွားတော့၏။

'ချောက်'

မင်းဝေက အာမခံသေတ္တာထဲမှ ကတ္တီပါစနီညိုရောင်ဖြင့် ပတ်ထုပ်ထားသော ကြေးပုရပိုက်ကို ထုတ်ယူလိုက်တော့သည်။

ဒေဝီက ကြေးပုရပိုက်ကို မတွေ့ဖူးသဖြင့် ကတ္တီပါစကို ဖြည်ကြည့်သည်။

ပြီးလျှင် ကတ္တီပါစဖြင့် ပြန်ထုပ်ကာ မင်းဝေအား ပြန်ပေး၏။

မင်းဝေက ကြေးပုရပိုက်အထုပ်ကို ခါးကြားတွင်ထိုးကာ အပေါ်မှ ကုတ်အကျႌ ထပ်ဝတ်လိုက်သည်။ ပိုက်ဆံအထပ်လိုက်ကို ကုတ်အကျႌ၏အတွင်းအိတ်ထဲ သေချာထည့်လိုက်၏။

ဒေဝီက ဆေးပြားနှစ်ပြားကိုခြေကာ ပြတင်းတံခါး အသာဟလိုက် အမှောင်ထုထဲသို့ စွန့်ပစ်လိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် ပြုံးလိုက်ကြပြီး နွားနို့တစ်ခွက်စီ သောက်လိုက်ကြတော့၏။


ပြီးလျှင် မင်းဝေက ခုတင်ပေါ်မှာ ခြေပစ်လက်ပစ် အိပ်ပျော်နေသည့်အသွင်မျိုးဖြင့် လှဲအိပ်ချလိုက်ပါတော့သတည်း။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com



## ပျံလေသည့်ငှက်ခါး

နောက်ထပ် နာရီဝက်ခန့်အကြာတွင် အခန်းဝမှ တံခါးကို ညင်ညင်သာသာခေါက်သံ သုံးချက် ထွက်ပေါ်လာတော့၏။

ဒေဝီလည်း တံခါးထဖွင့်ပေးလိုက်ရာ ရှမ်းဘောင်းဘီ အနက်ရောင်နှင့် ဂျပ်ခုတ်အင်္ကျီ ကြက်သွေးရင့်ရောင်တို့ကို ဝတ်ဆင်ထားသည့် ဦးဝဏ္ဏလှိုင်က အခန်းထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းဝင်လာလေသည်။

ဦးဝဏ္ဏလှိုင်က ခုတင်ပေါ်တွင် ပိုးလုံးပက်လက် အိပ်ပျော်နေသည့် မင်းဝေအား သေချာစွာ စူးစိုက်ကြည့်လိုက်ပြီးမှ ...

"နှစ်ပြားစလုံး တိုက်လိုက်ရဲ့လား"

ဟု ဒေဝီကို လှည့်မေးလေ၏။

"ဟုတ်ကဲ့ ... နှစ်ပြားလုံး ခြေပြီး နို့ခွက်ထဲ ထည့်လိုက်တာပါ"

ဦးဝဏ္ဏလှိုင်က ကျေနပ်စွာပြုံးလိုက်ပြီးလျှင် ခုတင်ပေါ်မှ မင်း

www.burmeseclassic.com

www.burmeseclassic.com



ဆော်ခန္ဓာကိုယ်ကို ဆွဲမကာ ပခုံးပေါ်၌ ထမ်းလိုက်လေသည်။

ဦးဝဏ္ဏလှိုင်သည်ကား အရွယ်နှင့်မမျှအောင် သန်စွမ်းကြံ့ခိုင်သူ၏။ ကျံမျှကြံ့ခိုင်သူကို မင်းဝေ အနိုင်ယူနိုင်ပါ့မလားဟုပင် ဒေဝီ ထိုးရိမ်သွားရှာသည်။

"ဒေဝီ မလိုက်တော့ဘူးနော်"

ဒေဝီက ဦးဝဏ္ဏလှိုင်ကို ခပ်တိုးတိုးပြောလိုက်ရာ ဦးဝဏ္ဏလှိုင်က ခေါင်းညိတ်လိုက်၏။

ထို့နောက် သူက မင်းဝေကိုထမ်းလျက် အိပ်ခန်းထဲမှ ထွက်သွားတော့သည်။

ဒေဝီမှာ ရင်ဖိုစွာဖြင့် ငေးကြည့်ကျန်ရစ်ခဲ့တော့၏။

ဦးဝဏ္ဏလှိုင်သည် ကျွန်းလှေကားကြီးမှ ဆင်းလာပြီးနောက် အိမ်နောက်ဖေးဆောင်သို့ ဦးတည်သွားလိုက်သည်။

ဆောင်းညယံဝယ် မြတ်မဟာစံအိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိတော့၏။

တိုင်ကပ်နာရီကြီးမှ တချောက်ချောက် တချက်ချက် မြည်သံနှင့် အိမ်မြောင်စုပ်ထိုးသံကိုသာ ကြားရလေသည်။

ဦးဝဏ္ဏလှိုင်သည် နောက်ဖေးဆောင်၏ အစွန်ဆုံးရှိ စတိုခန်းကြီးထဲသို့ ဝင်ရောက်ခဲ့ချေပြီ။

သူက မင်းဝေအား ကြမ်းပြင်ပေါ်တွင် အသာချလိုက်ပြီးနောက် ခဏနားလိုက်သေးသည်။ ထို့နောက် အသင့်ရှင်းလင်းထားပြီးဖြစ်သည့် သျှိုဝက်အံဖုံးတံခါးကို အားဖြင့် မ,ဖွင့်လိုက်စဉ် စတိုခန်း၏ အင်္ဂတေ ကြမ်းပြင်ပေါ်တွင် မလှုပ်မယှက်ဖြစ်နေသည့် မင်းဝေသည် ဖျတ်ခနဲ ထူးလဲထလိုက်ကာ ဦးဝဏ္ဏလှိုင်၏ နောက်ကျောကို အားဖြင့် တွန်းထည့် လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အား"

ဦးဝဏ္ဏလှိုင်မှာ လျှို့ဝှက်အပေါက်ထဲ ဦးစိုက်ကျွမ်းပြန် ထိုး ကျသွားကာ ကျောက်သားလှေကားထစ်များအတိုင်း တလိမ့်ခေါက်ကွေး ကျသွားတော့သည်။

သို့သော် သူသည် လွန်စွာသန်မာဖျတ်လတ်သူ ဖြစ်သည် အလျောက် မြေအောက်ခန်း၏ကြမ်းပြင်ပေါ်သို့ ပုံပျက်ပန်းပျက် ကျသွား သည့်တိုင် ကပျာကသီ လူးလဲထလိုက်လေ၏။

'တောက်'

သူသည် ခံပြင်းဒေါသထွက်စွာ တက်ခေါက်လိုက်ပြီး မှောင် မှောင်မည်းမည်းမှာပင် ကျောက်သားလှေကားထစ်များအတိုင်း ပြန် လည်ပြေးတက်ကာ အံဖုံးတံခါးကို ဒေါသတကြီးဖြင့် တွန်းမဖွင့်တော့ေ

သို့သော် မင်းဝေက အံဖုံးတံခါးကို ပိတ်ထားပြီးဖြစ်ကာ ယင်းအံဖုံးတံခါးရွက်အပေါ်၌ မှန်များကွဲနေသော သစ်သားဗီရို အပုလေး တစ်လုံးကို တွန်းတင်ထားလိုက်ရာ ဦးဝဏ္ဏလှိုင်မှာ တော်ရုံဖြင့် တွန်းမ ဖွင့်၍မရ ဖြစ်နေတော့သည်။

မင်းဝေက မဲ့ပြုံးပြုံးလိုက်ပြီးနောက် စတိုခန်းထဲမှ ထွက်ခဲ့ကာ စကြံလမ်းအတိုင်း နောက်ဖေးဘက်သို့ လျှောက်လှမ်းခဲ့လျက် နောက် ဖေးပေါက်တံခါးကို ချက်ဖြုတ်ဖွင့်လိုက်လေ၏။

အပြင်ဘက်ဝယ် လရောင်အားနည်းသော ညဥ့်ဝန်းကျင်သည် နှင်းမြူလွှာကို ခြုံကာ အေးစက်ဆိတ်ငြိမ်လျက်ရှိလေသည်။

လေညင်းအေးအေးလေးကမူ ညမွှေးပန်းရနံ့ကို သယ်ဆော လာလျက်ရှိကာ တစ်ချက်တစ်ချက်တွင် ပုရစ်မြည်သံ စိုးစီစီကို ကြားရလေ၏။

မင်းဝေသည် ခြံနောက်ဘက်တွင် စိုက်ထားသည့် ငှက်ပျော



www.burmeseclassic.com

www.burmeseclassic.com



...တို့အကြားမှ ခြေသံလုံလုံဖြင့် ခပ်သွက်သွက်လှမ်းခဲ့ကာ ခြံအစွန်းရှိ ...တောက်ပင်ပျိုပေါ်မှတစ်ဆင့် အုတ်တံတိုင်းအပေါ်သို့ ရောက်ရှိခဲ့ ...ပြီ။

သူသည် အုတ်တံတိုင်းပေါ်တွင် ကိုယ်ကိုထိန်းကာ ထိုင်လိုက် ... စံအိမ်ကြီးဆီ လှည့်ပြန်ကြည့်လိုက်ရာ ညဉ့်အမှောင်ထဲတွင် မီး ...ရောင်မမြင်ရလေသော စံအိမ်နောက်ဘက်ပိုင်းသည် မှောင်မည်းတိတ် ...ဆိတ်နေသည်ကို တွေ့ရလေ၏။

“နေရစ်ပေတော့ ဒေဝီရေ ...မင်းလေးဟာ တစ်ချိန်လုံး ...ကျုပ်နဲ့ မျက်နှာကြောမတည့်၊ တကျက်ကျက်ဖြစ်ခဲ့ပေမယ့် တကယ့် ...တကယ်ကျတော့ မင်းဟာ စိတ်နှလုံးသား အင်မတန်ဖြူစင်သူပါ။ ...ကျုပ်ရဲ့အသက်ကိုလည်း မင်းကယ်လိုက်တာပါပဲ၊ မင်းရဲ့ကျေးဇူးကို ...မေ့ပါဘူး၊ ခုတော့ နေရစ်ခဲ့ပါတော့”

သူက ဒေဝီ့ကို စိတ်ထဲမှနှုတ်ဆက်ပြီးနောက် စံအိမ်ကြီးဆီမှ ...မျက်နှာလွှဲကာ အုတ်တံတိုင်းပေါ်မှနေ၍ မြက်ရိုင်းပင်များ ထူထပ်စွာ ...ပေါက်ရောက်နေသော ခြံအပြင်ဘက်သို့ ခုန်ချလိုက်တော့၏။

ခုနစ်ပေခန့်အမြင့်မှ ခုန်ချရခြင်းဖြစ်သောကြောင့် မြက်ရိုင်း ...တောထဲတွင် သူ ထွေးခနဲ လဲကျသွားတော့သည်။

သို့သော် သူသည် ချက်ချင်းဆိုသလိုပင် လူးလဲထလိုက်ပြီး ...ချင် အမှောင်ထုထဲသို့ ပြေးလွှားဝင်ရောက် ပျောက်ကွယ်သွားတော့၏။

‘ဒုံး ဒုံး ဒုံး’



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးကျိတ်ကျိတ် တံခါးခေါက်သံကို ကြားလိုက်ရ
တည်းက ဦးဝဏ္ဏလှိုင် မအောင်မမြင်ဖြစ်ခဲ့ပြီကို ဒေဝီ ခန့်မှန်းမိပြီးဖြစ်

'ဒုံး ဒုံး'

"ဒေဝီ ဒေဝီ"

ဒေဝီက ခုတင်ပေါ်မှဆင်းလိုက်ကာ တံခါးဆီ လျှောက်လှမ်း
လာပြီး တံခါးရွက်ကို ချက်ဖြုတ်ဖွင့်လိုက်သည်တွင် တံခါးဝ၌ သ
သုန်မှုန်မှုန်ရပ်နေသည့် ဦးဝဏ္ဏလှိုင်ကို တွေ့ရလေသည်။

ဦးဝဏ္ဏလှိုင်၏ မေးစေ့နှင့်နဖူးတို့တွင် သွေးစို့နေသော ဒဏ်
ရာဒဏ်ချက်တို့ကို တွေ့ရပြီး ဆံပင်မှာရော အင်္ကျီမှာပါ ဖုန်များ
ကျံနေကာ သူ၏ခန္ဓာကိုယ်ကြီးတစ်ခုလုံးက ဒေါသကြောင့် တုန်ယ
လျက်ရှိလေ၏။

"ဒေဝီ ... နင် ဟိုကောင့်ကို အိပ်ဆေး သေချာမခတ်လို
ဘူး မဟုတ်လား"

"အို ... ဘာဖြစ်လို့မခတ်ရမှာလဲ၊ ဦးလေးပေးတဲ့ ဆေးပြ
နှစ်ပြားစလုံး သူသောက်တဲ့နွားနို့ခွက်ထဲ ထည့်လိုက်တာပဲဟာ"

"ဒါပေမဲ့ အဲဒီကောင် ခဏပဲအိပ်ပျော်ပြီး စတိုခန်းထဲလည်း
ရောက်ရော နိုးသွားတယ်"

"ဟုတ်လား ... ဒါဆိုရင် ဦးလေးပေးတဲ့ဆေးက မစွမ်း
ဖြစ်မှာပေါ့"

"တောက် ... မြေအောက်ခန်းတံခါးပေါက်ကို ငါဖွင့်နေတုန်း
အဲဒီကောင်က ငါ့ကို နောက်က တွန်းထည့်လိုက်လို့ ငါ မြေအော
ခန်းထဲ ကျွမ်းပစ်ကျသွားခဲ့ရတယ်၊ ဟင်း ... တောက်"

"အို ... ဟုတ်လား၊ ဒါကြောင့် ဦးလေးရဲ့မျက်နှာမှာ ဒဏ်
ရာတွေရပြီး တစ်ကိုယ်လုံး ဖုန်တွေနဲ့ မြင်မကောင်းအောင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဘကိုး၊ ဒါထက် သူရော''

"မသိဘူး ... ဒီအခန်းကို ပြန်လာသေးသလား''

"အို ... မလာပါဘူး''

"တောက် ... ငါ မြေအောက်ခန်းထဲက ချက်ချင်းထွက်ဖို့ ကြိုးစားပေမယ့် အဲဒီကောင်က အံဖုံးတံခါးရွက်အပေါ်မှာ ဗီရို အောင်းလေးနဲ့ ဖိထားခဲ့တယ်လေ၊ ငါ မနည်းအားစိုက်ပြီး အကြိမ်ကြိမ် တွန်းဖွင့်မှ တံခါးပွင့်သွားတော့တယ်''

"သူ ... သူ ဘယ်ရောက်သွားပြီလဲဟင်''

"ငါတော့ အဲဒီကောင် ပြေးပြီထင်တယ်၊ နေဦး ... ဒီခြံကြီး ရဲ့ရှေ့နားမှာ ငါ့ကောင်တွေကို စောင့်ကြည့်ခိုင်းထားတယ်၊ အဲဒီကောင် တွေ ဟိုတိရစ္ဆာန်ကိုတွေ့ပြီး ဖမ်းချင်ဖမ်းထားမှာ၊ ဟင်း ... ပြန်ဖမ်းမိ လို့ကတော့ အဲဒီမိစ္ဆာကောင်လေးကို အရေဆုတ်ပစ်မယ်''

ဦးဝဏ္ဏလှိုင်သည် ဒေါ်သတကြီး ကြိမ်းမောင်းပြီးနောက် အခန်းရှေ့မှ ချာခနဲလှည့်ကာ လှေကားဆီ ပြေးထွက်သွားရာ ဒေဝီမှာ ခဲ့ပြုံးလှောင်ပြုံးပြုံးလျက် ကျန်ရစ်ခဲ့ပါတော့၏။

✺

မင်းဝေကား ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပြီ ဖြစ်၏။

ဦးဝဏ္ဏလှိုင်မှာ ဒေါ်သအကြီးအကျယ်ပေါက်ကွဲကာ သူ့လူ များကို လူခွဲပြီး ရန်ကုန်မြို့အနှံ့ ရှာခိုင်းသော်လည်း ရက်သတ္တပတ်ပတ် ကျော်သည့်တိုင် မင်းဝေ၏သတင်းကို စုံစမ်း၍ မရချေ။

"ဒေဝီ ... ဟိုကြေးပုရပိုက်ကြီးကို မင်းဝေရသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်ယူဆသလား''

တစ်နေ့တွင် ညှော်ခန်းထဲ၌ ဒေဝီတစ်ဦးတည်းရှိနေစဉ် ဦးဝဏ္ဏလှိုင်က မေးလာ၏။ သူ၏ကိုယ်လက်တို့တွင် ဖုန်တွေကပ်နေသဖြင့် ခါတိုင်းနေ့များကဲ့သို့ပင် ဤမြတ်မဟာစံအိမ်ကြီးအနှံ့ရှိ အခန်းလွတ်တိုင်းသို့ မွှေနှောက်ရှာဖွေခဲ့ဟန်တူသည်။

''အဲဒါတော့ ဒေဝီလည်း မသိဘူး''

''အဲဒီကောင်ဟာ မမ,ပြောပြခဲ့လို့ အဲဒီကြေးပုရပိုက်ရဲ့တန်ဖိုးကို ကောင်းကောင်းသိသွားလောက်တယ် ဒေဝီရဲ့၊ ဒီတော့ သူ ဒီအိမ်ကထွက်သွားတဲ့အခါ ကြေးပုရပိုက်ကို တစ်ခါတည်း ယူသွားလောက်တယ်၊ ဒီစံအိမ်ကြီးအနှံ့လည်း ငါ ပိုက်စိပ်တိုက်ရှာပြီးပြီ၊ ကြေးပုရပိုက်ရဲ့ အရိပ်အယောင်တောင် မတွေ့ရဘူး''

''အင်း ...ကြေးပုရပိုက်ကို သူရထားတယ်ဆိုရင်လည်း ဒီအိမ်ကြီးရဲ့အပြင်ဘက် ခြံနောက်ပိုင်းက ငှက်ပျောတောထဲမှာဖြစ်ဖြစ် ကျင်းတူးပြီး သူဝှက်ထားနိုင်တာပဲ''

''အေး ...ငါလည်း နင့်လိုပဲတွေးမိလို့ ငွေမောင်းကို ငှက်ပျောတောထဲအနှံ့ တူးဆွရှာဖွေခိုင်းပြီးပြီ၊ ဒါပေမဲ့ အချည်းနှီးပဲ''

ဦးဝဏ္ဏလှိုင်မှာ စိတ်ယောက်ယက်ခတ်နေဟန်ဖြင့် ညှော်ခန်းထဲတွင် လက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်လျက်ရှိပြီး ဒေဝီကမူ ဆိုဖာဆက်တီကြီးပေါ်တွင် လက်ကလေးပိုက်ထိုင်ရင်း သူ့ကို တစ်ခမ်းလေး မသိမသာမှဲ့ကာ ကြည့်နေလေသည်။

ထိုစဉ် အိမ်ရှေ့တံခါးဝ၌ လူနှစ်ယောက် ပေါ်လာသည်ကို တွေ့ရရာ ဒေဝီက မျက်မှောင်လေးကုတ်လျက် လှမ်းကြည့်လိုက်၏။

ဦးဝဏ္ဏလှိုင်ကလည်း တံခါးဝမှ လူရိပ်တွေ့သဖြင့် လှည့်ကြည့်လိုက်ပြီးနောက် ထိုသူတို့ကို လက်ကာပြလိုက်ရင်း သူတို့ထံ



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကြဲကြီးများဖြင့် လှမ်းလျှောက်သွားလေသည်။

ပြီးလျှင် တံခါးဝမှာပင် ထိုလူနှစ်ဦးအား တိုးတိုး တိုးတိုးဖြင့် အစ်စုံတစ်ခု ပြောကြားပြီးနောက် ငွေစက္ကူတစ်ထပ်ကို ထုတ်ပေးလိုက်လေ၏။

ထိုသူတို့လည်း ဦးဝဏ္ဏလှိုင်အား ဦးညွတ်ကာ အရိုအသေပေးပြီးနောက် ခြံတံခါးဝဆီသို့ လျှောက်လှမ်းသွားတော့၏။

ဦးဝဏ္ဏလှိုင် ဧည့်ခန်းမကြီးထဲ ပြန်ဝင်လာသည့်အခါမှာမူ ဒေဝီသည် ဦးလေးတော်အား ခပ်စူးစူးလေး စိုက်ကြည့်လိုက်ပြီးနောက် ဆတ်ပြတ်ပြောချလိုက်လေသည်။

“ဒီမှာ ဦးလေး ... အခုနောက်ပိုင်း ဦးလေးဆီလာနေတဲ့ သူတွေကြည့်ရတာ ညှိုးသိုးသိုး, ပေစုတ်စုတ်နဲ့ ... လူကောင်းသူကောင်းတွေ ဟုတ်ပုံမရဘူး၊ သူတို့ ဝင်ထွက်သွားလာနေတာကို ဒေဝီ သဘောမကျဘူး”

ဦးဝဏ္ဏလှိုင်က ဒေဝီကို မျက်ထောင့်နီကြီးဖြင့် ပြန်ကြည့်သည်။

“မိဒေဝီ ... ဒီအိမ်ကို နင်ပိုင်သွားပြီဆိုပြီး ဒီလိုမျိုးစကား ပြောတာလား၊ သူတို့ဟာ ငါ့တပည့်တွေ၊ တပည့်ဆိုတာ ဆရာရှိရာ လာကြမှာပဲ၊ အရင်ကတော့ မမ,ရှိလို့ သူတို့မလာရဲတာ၊ မိုးကုတ်ကျောက်တွင်းကို ငါကိုင်ကတည်းက သူတို့ဟာ ငါ့တပည့် ဖြစ်ခဲ့ကြတာ၊ ငါလည်း မကြာခင် ဒီအိမ်က ခွာမှာပါ၊ ကြေးပုရပိုက်ကိစ္စ မပြီးသေးလို့”

“ဦးလေးကို ဒေဝီက ဘာမှမပြောလိုပါဘူး၊ ဦးလေးကို ဒေဝီရဲ့ ဦးလေးအရင်းလို သဘောထားတာပါ၊ ဒီအိမ်မှာ ဦးလေး ကြိုက်သလောက် နေလို့ရပါတယ်၊ စောစောကလို ရုပ်ကြမ်းကြမ်း, စရိုက်ဆိုးဆိုး လူမျိုးတွေ အိမ်ကို တံခါးမရှိ, ဓားမရှိ လာနေတာပဲ မကြိုက်တာပါ”

“သူတို့ကို ငါ့အတွက် အသုံးချစရာရှိတယ် ဒေဝီ၊ အဲဒီကော



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ လူဆိုးလူကြမ်းတွေဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူတို့ဟာ ငါ့ရဲ့စကားကို မိုးကုတ်မှာကတည်းက တစ်သဝေမတိမ်း နားထောင်တတ်သူတွေပါ၊ မိုးကုတ်မှာတုန်းက နိုင်ရာစား လုပ်ချင်ကြတဲ့ လူလိမ်တွေ, လူမိုက်ဆန်ဆန် နိုင်လိုမင်းထက်လုပ်ချင်ကြတဲ့ လူမိုက်ရာဇာလိုလို လူသော့သွမ်းတွေရဲ့ရန်ကနေ ဒီကောင်တွေက ငါ့ကို ကာကွယ်မှုပေးခဲ့ကြဖူးတယ်၊ ဒါကြောင့် ခားပြမှုတစ်ခုနဲ့ ထောင်နှစ်ရှည်ကျပြီး ပြန်လွတ်လာတဲ့အချိန် မြို့ထဲမှာ ငါနဲ့တွေ့တော့ သူတို့လည်း နေစရာကပ်စရာမရှိ ဖြစ်နေတာနဲ့ ငါက သူတို့ကို ကူညီကယ်တင်ထားလိုက်တာပဲ ဒေဝီ''

''အလို ... ဘုရားရေ၊ သူတို့ဟာ ခားပြတွေ ... ဟုတ်လား''

''ဟုတ်တယ် ... ဒါပေမဲ့ သူတို့ဟာ ငါ့အပေါ် အင်မတန်သစ္စာရှိသူတွေပါ၊ သူတို့ရဲ့ရန်ကို ပူစရာမလိုပါဘူး''

''နေပါဦး ... ဦးလေးက သူတို့ကို ဘယ်လိုကူညီကယ်တင်ထားတာလဲ''

''ဘောင်ဒရီဘက်မှာ အိမ်ငှားပေးထားတယ်၊ စားဖို့သောက်ဖို့လည်း ထောက်ပံ့ထားတယ်''

ဒေဝီက စဉ်းစားသလို တွေခနဲဖြစ်သွားပြီးမှ မေးသည်။

''သူတို့ကို ဘယ်လိုနေရာမှာ အသုံးချဖို့ ဦးလေးက ကူညီကယ်တင်ထားတာလဲ''

''ဝါးနက်တောထဲ ဝင်တဲ့အခါ ခေါ်သွားဖို့ပေါ့၊ သူတို့က အဲဒီဒေသမှာ ကျင်လည်ဖူးတော့ ဒေသကျွမ်းတယ်၊ အရေးအကြောင်းကြုံလာရင် လူသတ်နိုင်းရမလား ... ရတယ်''

''ကြေးပုရပိုက်ကို မရဘဲ သွားမလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်၊ ကြေးပုရပိုက်မရရင်လည်း သွားမယ်၊ ဒီအိမ်ကြီးအနှံ့ ဒီလောက်ရှာလို့မှ မတွေ့ပုံထောက်ရင် အဲဒီကြေးပုရပိုက်ဟာတို့ မိစ္ဆာကောင်ရဲ့လက်ထဲ ပါသွားလို့ပဲ ဖြစ်ရမယ်၊ အဲဒီကောင်ဟာကြေးပုရပိုက်ရဲ့တန်ဖိုးကို သိနေသူဆိုတော့ ကြေးပုရပိုက်ထဲက စာသားတွေရဲ့အဓိပ္ပာယ်ကို မရ,ရအောင် ဖော်ပြီး ဝါးနက်တောထဲ လာမှာသေချာတယ်၊ တစ်နေ့နေ့တော့ အဲဒီကောင် လာကိုလာမှာပဲ၊ ဒီတော့ငါတို့က ဝါးနက်တောစပ်နားက သွားစောင့်နေမယ်"

"ဟင် . . . ဦးလေးဟာက မပိုင်ဝက်မွေးပဲ၊ ကိုမင်းဝေ လာဖို့မသေချာတဲ့ဟာကို သွားစောင့်နေရမယ်လို့"

"ဘာပဲဖြစ်ဖြစ် ဥစ္စာရင်လို ဥစ္စာရင်ခဲတဲ့၊ ငါတို့ သွားဖို့ စဉ်းစားထားပြီးပြီ"

ဦးဝဏ္ဏလှိုင်နှင့် တစ်ရပ်တစ်ကျေးထဲ ငယ်စဉ်ကတည်းက နေလာခဲ့သူ၊ လင်ယောကျ်ားနှင့်ပတ်သက်ဖူးသူမို့ ဦးဝဏ္ဏလှိုင်၏အကြောင်းကို ဒေဝီ ကောင်းစွာသိသည်။ ဦးဝဏ္ဏလှိုင်က ဇွဲနပဲကြီးသည်၊ သတ္တိဗျတ္တိရှိသည်၊ ဆုံးဖြတ်ပြီးလျှင် နောက်ဆုတ်တတ်သူ မဟုတ်ချေ။

သည်တော့ မိုးကုတ်ဒေသ ရွှေလီမြစ်ကမ်းစပ် ဝါးနက်တောဆီသို့ သူသွားမှာ သေချာသည်ဟု ဒေဝီ တစ်ထစ်ချ ယုံကြည်မိတော့၏။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်အက္ခရာနှင့် လျှို့ဝှက်နေရာ

ဘာလိုလိုနှင့် ဦးဝဏ္ဏလှိုင်တို့ ရန်ကုန်မှ ထွက်ခွာသွားသည်မှာ ရက်သတ္တပတ်ပင် ကျော်ချေပြီ။

ဒေဝီမှာ အိမ်ဖော်ကောင်မလေးနှစ်ယောက်၊ ဒရိုင်ဘာ တစ်ယောက်နှင့်သာနေရသဖြင့် ပျင်းခြောက်ခြောက် ဖြစ်နေတော့၏။

မက္ကဆင့်ဘဏ်မှ ဘဏ်တိုးကို သူမက ဆက်လက်ခံစားနေရသောကြောင့် စီးပွားရေးလုပ်ငန်းလည်း လုပ်စရာမလိုသဖြင့် အိမ်သားနည်းပါးသွားသော ဤစံအိမ်ကြီးထဲတွင် ပျင်းရိစွာနေထိုင်ရင်း ရင်ထဲ၌ ဟာတာတာဖြစ်နေရတော့သည်။

ထိုအခါ သူမသည် ကွယ်လွန်သွားပြီဖြစ်သည့် လင်သားဖြစ်သူ ခွန်မြတ်ညီအား သတိရမိသလို မင်းဝေကိုလည်း ထူးထူးခြားခြား အမှတ်ရနေမိလေ၏။

မင်းဝေသည် အတော်ထူးခြားသော ယောကျ်ားတစ်ယောက်ဖြစ်သည်ဟု ဒေဝီ ယူဆမိသည်။ သူသည် လွန်စွာထိန်းချုပ်စောင့်

www.burmeseclassic.com

www.burmeseclassic.com



ည်းနိုင်သော ယောက်ျားတစ်ဦးဖြစ်၏။

အမှန်တော့ မင်းဝေသည်လည်း အိမ်ထောင်ရှင်တစ်ဦးပင် ခဲ့သဖြင့် အိမ်ထောင်ရေးအတွေ့အကြုံရှိသူ ဖြစ်သည်။ မိန်းမနှင့် တ်သက်ပြီး အတွေ့အကြုံရှိသူ ဖြစ်သည်။ အာသဝေါကုန်ခန်းနေသူ ဟုတ်။

မိမိသည်လည်း အရုပ်ဆိုး အကျည်းတန် ရွတ်တွနေသူ ဟုတ်။ မှန်သားပြင်ပေါ်တွင် ဘယ်အချိန်ကြည့်ကြည့် နုပျိုလှပသော မိခါရုပ်သွင်သည် ပုရိသယောက်ျားတို့အား အဘယ်မျှလောက် စွဲ ဆောင်နိုင်စွမ်းရှိသည်ကို သိပြီးဖြစ်၏။

ယင်းသို့ လှပချောမောလျက် စွဲဆောင်မှုအပြည့်ရှိသော မိမိနှင့် တစ်အိပ်ရာတည်း အတူအိပ်စက်ခဲ့သော်လည်း မင်းဝေသည် အံ့သြ လောက်အောင် စည်းစောင့်ခဲ့သူဖြစ်သည်။

သူစည်းဖောက်မိပါက အလုပ်ပြုတ်မည်စိုးသောကြောင့်လား သူ၏ဖနီးသည်အပေါ် သစ္စာဖောက်ရာ ရောက်မှာစိုးသောကြောင့်လား သိ။ ဖဲမွေ့ရာကြီးပေါ်တွင် ဖက်လုံးတစ်လုံးခြားထားသည့် မိမိကို သူ လက်ဖျားဖြင့်ပင် မတို့ခဲ့ချေ။

သူနှင့်မိမိကလည်း တည့်သည်မဟုတ်။ မျက်နှာချင်းဆိုင် တိုက်တိုင်း ဘုနှင့်ဘောက်ပင်။ ထိုသို့မတည့်အောင်ပင် သူ တမင်ဖန်တီး ခဲ့သည်လား မပြောတတ်ပေ။

မည်သို့ဖြစ်စေ မင်းဝေသည် အံ့သြဖွယ်ကောင်းသော ယောက်ျားတစ်ဦးဖြစ်သည်ကတော့ အမှန်ပင်။ အံ့သြဖွယ်ကောင်းသလို လေးစားစရာလည်း ကောင်းသူဖြစ်၏။

နောက်ဆုံးဝယ် ဒေဝီသည် သူမ၏ သွားလေသူယောက်ျား နှင့် ရုပ်ချင်းအတော်ဆင်သော မင်းဝေအား နေ့စဉ်လိုလို ဒိရလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့သည်။

"အင်း ... သူ့ခမျာ သနားပါတယ်၊ သူ့ရဲ့မိန်းမကို ဆေးကုဖို့ ငွေလိုလို့ အလုပ်လုပ်ပြီး ငွေလာရှာခါမှ မိန်းမက သေသွားရတယ်လို့

ကြေးပုရပိုက်ကြီးကို သူရသွားပြီး ... သူ ဘာဆက်လုပ်မှာ ပါလိမ့် ...၊

ပြောသာပြောရတယ် ... ကြေးပုရပိုက်ထဲက စာတွေရဲ့ အဓိပ္ပာယ်ကို ဖော်ဖို့ဆိုတာ လွယ်မှမလွယ်ဘဲ၊ သူတော့ မျောက် အုန်းသီးရသလို ဖြစ်နေပြီထင်ပါရဲ့"

မင်းဝေအား ဒေဝီ သတိတရ ရှိနေစဉ်မှာပင် တစ်နေ့သော ညနေစောင်းတွင် စာတိုက်မှ ဒေဝီ၏နာမည်လိပ်မူလျက် စာတစ်စောင် ရောက်လာပါတော့၏။

❋

ဒေဝီသည် စိတ်ဝင်စားစွာဖြင့် စာအိတ်ကို ဖောက်လိုက် လေသည်။

အတွင်းမှ စာကိုထုတ်လိုက်ပြီး စာ၏အောက်ဆုံးမှ ရေးသား ပေးပို့သူ၏ အမည်ကိုကြည့်လိုက်၏။

"ဟင် ... မင်းဝေဆိုပါလား၊ ဩော် ... လက်စသတ်တော့ ကိုမင်းဝေက ငါ့ဆီ စာရေးလိုက်တာပါလား"

သူမက စိတ်လှုပ်ရှားစွာဖြင့် စာကို ဖတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦး

ဆင် ...

ကျွန်တော် စာရေးမြို့ကလေးဆီ ပြန်သွားခဲ့တယ်။ ကျွန်တော့်မိန်းမ မစန်းနွဲ့ရဲ့မြေပုံကို သွားကြည့်ခဲ့တယ်။ သူ့ရဲ့မြေပုံလေးကိုကြည့်ရင်း ကျွန်တော် မျက်ရည်လည်ခဲ့မိတယ် ဒေဝီ။

သူ့အတွက် ငွေသွားရှာခဲ့ပေမယ့် သူကွယ်လွန်တဲ့အချိန် သူ့နားမှာ ကျွန်တော်မရှိခဲ့တာကို စိတ်မကောင်းဖြစ်ရသလို ကိုယ့်ကိုယ်ကိုယ် တာဝန်မကျေသလိုလည်း ခံစားရတယ်ဗျာ။

ဒါပေမဲ့ ကျွန်တော်ပို့ပေးတဲ့ငွေနဲ့ သူ စိတ်ချမ်းချမ်းသာသာနဲ့ ဆေးဝါးကုသနိုင်ခဲ့တယ်။ ကောင်းကောင်းလည်း စားခဲ့ရရှာတယ်လို့ သူ့ကို အနီးကပ်ပြုစုစောင့်ရှောက်ခဲ့တဲ့ သူ့ရဲ့ အဒေါ် ဒေါ်နှင်းမှုံကပြောပြလို့ စိတ်ဖြေသိမ့်နိုင်ခဲ့ပါတယ်။

သူမရှိတော့တဲ့နောက် စာရေးမှာ ကျွန်တော် မနေချင်တော့ဘူး။ ဘယ်သွားပြီး ဘာလုပ်ရမှန်းမသိတာနဲ့ တစ်နေ့မှာ စစ်ကိုင်းဘက်ကို စိတ်ပြေလက်ပျောက်သွားရင်း စစ်ကိုင်းက ချောင်တစ်ချောင်မှာ တရားအားထုတ်နေတဲ့ မိတ်ဆွေဟောင်း ဦးပဥ္စင်းတစ်ပါးဆီမှာ ခဏတည်းခိုနေခဲ့တယ်။

တစ်နေ့မနက်မှာတော့ ဧရာဝတီမြစ်ကမ်းပါးက သဲသောင်ပြင်ထဲ ခြေညောင်းလက်ဆန့်လျှောက်ရင်း သဲသောင်ပြင်ရဲ့ တစ်နေရာမှာ မြစ်ဘက်မျက်နှာမူပြီး တင်ပျဉ်ခွေထိုင်နေတဲ့ ကုလားအဘိုးကြီးတစ်ယောက်ကို တွေ့ရတယ်။

ဝါကြင်နေတဲ့ ပိတ်ဖြူနံ့ငယ်ပိုင်းကိုသာ ဝတ်ထားတဲ့ အဲဒီကုလားအဘိုးကြီးဟာ ပိန်လှီနေပြီး ဆံပင်အပေါ်လှန်စုစည်းထုံးဖွဲ့ထားတယ်။ မုတ်ဆိတ်ကျင်စွယ်တွေက အဘိုးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားလှတယ်။ သူဟာ သဲပြင်ပေါ် မလှုပ်မယှက် တောင့်တောင့်ကြီးထိုင်ရင်း ဧရာဝတီမြစ်တစ်ဖက်ကမ်း ဟိုးအဝေးတောင်တန်းတွေနောက်ကနေ တရွေ့ရွေ့ထွက်ပြူလာတဲ့ နေမင်းကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေတာကို တွေ့ရတယ်။

ကျွန်တော်ဟာ ထူးဆန်းလှတဲ့ အဲဒီကုလားအဘိုးကြီးကို စိတ်ဝင်စားလွန်းလို့ သူ့ရဲ့အနားမှာထိုင်ပြီး စောင့်ကြည့်နေမိခဲ့တယ်။

နေဟာ စူးလက်တောက်ပစွာ မြင့်တက်လာတဲ့အထိ သူဟာ မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်နေတယ်။

ဒါပေမဲ့ သူ့ရဲ့မျက်လုံးထဲကနေ မျက်ရည်ကျတာ မျက်လုံး ဝေသီမှုန်ဝါးသွားတာ မရှိဘူး။ သူကြည့်ရတာ အေးအေးဆေးဆေးပဲ။ အဲဒီနောက် သူ့ရဲ့အလုပ် ပြီးသွားပုံရတယ်။

ကျွန်တော်က အဲဒါဘာလုပ်တာလဲလို့မေးတော့ နေကသိုဏ်းရှုတာလို့ ပြောတယ်။

ခင်ဗျားက ဘယ်သူလဲ။ ကုလားဘုန်းကြီးလားလို့ မေးတော့ သူဟာ ဆာဒူးတစ်ဦးပဲလို့ ပြောတယ်။

သူက ဟိမဝန္တာတောင်တန်းဘက်ကနေ အရှေ့ဘက်ကို ခရီးဆန့်ရင်း ဒီနေရာကို ရောက်လာတာလို့ ပြောတယ်။

အဲဒီလိုနဲ့ ကျွန်တော်နဲ့ ဆာဒူးကြီးဆွာမိတို့ဟာ စကားလက်ဆုံကျသွားခဲ့ပြီး သူတည်းခိုရာ စစ်ကိုင်းတောင်ခြေက သာလာယံဇရပ်ဆီ ခေါ်သွားခဲ့တယ်။

ကျွန်တော်ဟာ ဇရပ်နဲ့ အတော်လှမ်းလှမ်းမှာရှိတဲ့ ဈေးဆိုင်တစ်ဆိုင်က ငှက်ပျောသီးနဲ့ သစ်သီးတွေဝယ်ပြီး သူ့ကို ကပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောသီး တစ်လုံးပြီးတစ်လုံးစားရင်း ဆာဒူးကြီး အွာမိဟာ ကျွန်တော့်ကို စိုက်ကြည့်နေရာက ပြုံးလိုက်တယ်။

ဆာဒူးကြီး ဘာပြုံးတာလဲလို့ မေးလိုက်တော့ နင် သော့တွေ့ပြီလားလို့ မေးတယ်။ သူ ဘာမေးလိုက်ပါလိမ့်လို့ နားမလည်နိုင်အောင် ဖြစ်သွားရတယ်။ ဆာဒူးကြီး ဘာပြောတာလဲလို့ မေးတော့ အပူတောက ထလာတဲ့ကောင်လေး နင့်လက်ထဲမှာ ရတနာသေတ္တာရှိပေမယ့် ဖွင့်ဖို့သော့ မရှိဘူးမဟုတ်လားလို့ ပြန်ဖြေတယ်။

ကျွန်တော်လည်း ခေါင်းရှုပ်သွားပြီး ခေါင်းကိုသာ တွင်တွင်ကုတ်လိုက်မိတော့တယ်။

အဲဒီမှာပဲ ဆာဒူးကြီးက ကောင်လေး နင်နားမလည်သေးဘူးလား။ နင် ဖွင့်မရတဲ့သော့ကို ငါဖွင့်ပေးမယ်လို့ ပြောပြီး တရားမှတ်သလို မျက်လုံးကို စုံမှိတ်ထားတော့တယ်။

ကျွန်တော်လည်း ဆာဒူးကြီးပြောတဲ့စကားကို အပြန်ပြန် အလှန်လှန် စဉ်းစားတွေးတော အဖြေထုတ်ကြည့်နေမိတယ်။

အဲဒီမှာပဲ ကျွန်တော်ဟာ ကြေးပုရပိုက်ကြီးကို သတိရသွားတော့တယ်။

အဲဒီ ကြေးပုရပိုက်ထဲက စာအက္ခရာတွေဟာ ကုလားစာအက္ခရာတွေနဲ့ ဆင်ဆင်တူတာကို အမှတ်ရသွားပြီး ကျွန်တော် တည်းခိုနေတဲ့ကျောင်းဆီ ပြန်ပြေးခဲ့တယ်။ အဲဒီနောက် ကျွန်တော့်ရဲ့ ကျောပိုးအိတ်ထဲက ကတ္တီပါအထုပ်ကိုယူပြီး ဆာဒူးကြီးဆီ ပြန်ပြေးခဲ့တယ်။

ကျွန်တော်ဟာ ဆာဒူးကြီးရဲ့ရှေ့မှာ ကတ္တီပါအထုပ်ကို ဖြည်လိုက်ပြီး၊ ဆာဒူးကြီး ဒါဟာ ကျွန်တော်ရဲ့ ရတနာသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ သော့ဖွင့်ပေးပါတော့လို့ တောင်းပန်လိုက်မှ ဆာဒူး ကြီးဟာ ပိတ်ထားတဲ့မျက်လုံးတွေကို ဖွင့်လိုက်ပြီး ကြေးပုရပိုက် ကို လက်နှစ်ဖက်နဲ့ သေချာကိုင်ကြည့်တော့တယ်။

ဆာဒူးကြီး ကြေးပုရပိုက်ကို စေ့စေ့စူးစူး ကြည့်နေပုံဟာ ပုရပိုက်အပေါ်က စာအက္ခရာတွေကို ဖတ်တတ်တဲ့အသွင်မျိုးမို့ ကျွန်တော်ဟာ စိတ်အားထက်ထက်သန်သန်နဲ့ စောင့်ကြည့်နေ ခဲ့တယ်။

အတော်လေးကြာတော့ ဆာဒူးကြီးဟာ ကြေးပုရပိုက်ကို လက်ကချလိုက်ပြီး စကားတစ်လုံးချင်း ခပ်ဖြည်းဖြည်းပြောတယ်။

"ကောင်လေး ... ရွှေလီလို့ အမည်ရတဲ့မြစ်ရဲ့ အရှေ့ ဘက်ကမ်းက ဝါးနက်တောလို့ခေါ်တဲ့ တောထဲမှာ ရေတံခွန်ကြီး တစ်ခု ရှိတယ်၊ အဲဒီ ရေတံခွန်ရဲ့နောက်မှာ ကျောက်ပြားကြီး တစ်ချပ် ရှိတယ်၊ အဲဒီကျောက်ပြားကြီးပေါ်က စာသွန်းကို ဆက် ဖတ်ပါ ... လို့ ရေးထားတာပဲကွဲ့"

"ဟင် ... ဒါပဲလား"

"ဟုတ်တယ် ကောင်လေး"

"ဆာဒူးကြီး ဘာသာပြန်ပြတာကလည်း တိုတိုလေး ပါလား၊ ဒီပုရပိုက်ပေါ်မှာ ရေထိုးထားတဲ့ စာအက္ခရာတွေက အများကြီးပါ"

ကျွန်တော်က အဲဒီလိုလည်း စောဒကတက်လိုက်ရော ဆာဒူးကြီးက ပြုံးလိုက်ပြီး ...

"ကောင်လေး ... ကျွန်ုပ်က အကျဉ်းချုပ်ပြီး ပြောပြ တာလေ၊ ဒီပုရပိုက်ပေါ်မှာ စာအက္ခရာတွေ များနေတာက တခြားစာတွေပါ၊ လွှမ်းဆွတ်သတိရတာတွေ, သစ္စာစောင့်သိတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ပြီးတော့ ရတနာတွေရဲ့စာရင်းတွေ ရေးထိုးမှတ်တမ်းတင်ထားတာပါကွယ်''

လို့ ပြောတယ် ဒေဝီ။ ကျွန်တော်က ...

''ဒါဆို ဆာဒူးကြီးရဲ့ ... ကျွန်တော် အဲဒီ ဝါးနက်တောကြီးထဲက ရေတံခွန်ဆီရောက်သွားပြီ ဆိုပါတော့၊ အဲဒီကျောက်ပြားပေါ်က စာသွန်းတွေကို ဘယ်လိုဖတ်လို့ ဖြစ်မှာလဲ''

လို့ ပြောလိုက်တယ် ဒေဝီ။ အဲဒီအခါ ဆာဒူးကြီးက ပြုံးလိုက်ပြီး ...

''နေပါဦး ကောင်လေးရဲ့ ... ရတနာတွေရရင် မင်းက ဘာလုပ်မှာတုံး၊ အဲဒီရတနာတွေဟာ မင်းမျိုးမင်းနွယ်တွေရဲ့ နန်းစဉ်ရတနာတွေကွဲ့၊ အဲဒီလို နန်းစဉ်ရတနာတွေကို သာမန်လူတွေ မသုံးသင့်ဘူး၊ နန်းစဉ်ရတနာ အတော်များများဟာ ကျိန်စာတိုက်ထားတတ်တယ်ကွဲ့၊ တကယ်လို့ အဲဒီရတနာတွေကို ရသည့်တိုင်အောင် ကိုယ်ကျိုးအတွက် အကုန်မသုံးသင့်ဘူး၊ လှူဒါန်းမှု ပြုလုပ်သင့်တယ်''

လို့ပြောတယ်။ ကျွန်တော်ကလည်း ...

''ဆာဒူးကြီးရယ် ... ကျွန်တော်သာ အဲဒီ ရတနာတွေရရင် ဆာဒူးကြီးပြောသလိုပဲ ကိုယ်ကျိုးအတွက်ချည်း မသုံးပါဘူး၊ လှူဒါန်းမှုပြုမှာပါ''

လို့ ပြောလိုက်တယ် ဒေဝီ။

''ခက်တာက ရေတံခွန်နောက်က ကျောက်ပြားကြီးကို တွေ့ရင်တောင် အဲဒီကျောက်ပြားပေါ်က စာအက္ခရာတွေကို မဖတ်တတ်တော့ ခက်ပြီဗျ''

လို့ ပြောလိုက်တယ်။ အဲဒီအခါ ဆာဒူးကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှမပူပါနဲ့ကွာ၊ အဲဒီနေရာကို ငါလာခဲ့မှာပေါ့"

လို့ ပြောတယ်ဒေဝီ။ ကျွန်တော်က ...

"ဒါဆို ကျွန်တော်နဲ့အတူ လိုက်မှာလား"

လို့ မေးလိုက်တယ်။ ဆာဒူးကြီးက ...

"ကျွန်ုပ် မင်းနဲ့အတူ မလိုက်ပါဘူး၊ ဒါပေမဲ့ မင်းသာ အဲဒီကို အရောက်သွားပါ၊ ကျွန်ုပ် လာခဲ့မှာပေါ့"

လို့ ပြောပြီး မျက်လုံးနှစ်လုံးကို ပိတ်ထားလိုက်တာ လုံးဝကို ပြန်မဖွင့်တော့ဘူး ဒေဝီ။ ဒါနဲ့ ကျွန်တော်လည်း ကြေးပုရပိုက်ကိုယူပြီး တည်းခိုရာကျောင်းဆီ ပြန်လာခဲ့လိုက်တယ်။

အဲဒီနောက် ကျွန်တော်ဟာ စဉ်းစားတယ်။ အဲဒီ ဝါးနက်တောဆီ သွားသင့်မသွားသင့်ဆိုတာကို စဉ်းစားတယ်။

နောက်ဆုံးမှာ သွားဖို့ဆုံးဖြတ်လိုက်တယ် ဒေဝီ။

စာရေးက အိမ်ပိုင်းလေးကို ရောင်းထားတဲ့ငွေလေးလည်း ရှိနေတော့ အဲဒီငွေကို စရိတ်လုပ်ပြီး သွားဖို့ဆုံးဖြတ်လိုက်တယ်။ အဖော်အဖြစ် စာရေးမြို့က ငယ်သူငယ်ချင်းတစ်ဦးဖြစ်တဲ့ သာဒွန်းကို ခေါ်သွားမယ်။ သာဒွန်းဟာ မက်ဆိုပိုတေးမီးယား စစ်မြေပြင်က ပြန်လာတဲ့ ဂျမဒါဟောင်းတစ်ဦးပဲ ဒေဝီ။ ရိုးသားဖြောင့်မတ်ပြီး တိုက်ပွဲအတွေ့အကြုံ၊ တောလမ်းခရီး အတွေ့အကြုံ ရင့်ကျက်သူပါပဲ။ သူ့ကို အကျိုးအကြောင်းပြောပြပြီး ခေါ်တာပါ။ သာ့ဒွန်းကလည်း ရှေးဟောင်းနန်းစဉ်ရတနာတွေမှာ စိတ်ဝင်စားတယ်။ လောဘကြောင့် မဟုတ်ဘူး။ သူက အဲဒါမျိုးကို စိတ်ကိုဝင်စားတာ။ ဒါကြောင့် တက်တက်ကြွကြွနဲ့ လိုက်ဖို့ သဘောတူထားတယ်။

မနက်ဖြန်ဆို ကျွန်တော်တို့ သွားတော့မယ် ဒေဝီ။ ဝါး



www.burmeseclassic.com

www.burmeseclassic.com



တောဆီသွားမယ့်အကြောင်း ဒေဝီကို အသိပေးသင့်တယ်လို့ ...ဘာနဲ့ ခုလို စာရေးအသိပေးလိုက်တာပါ။

ဝါးနက်တောကနေ ဘေးရန်ကင်းကင်းနဲ့ ပြန်လာဖြစ်ရင် ... ကျွန်တော် ရန်ကုန်ဆင်းလာပြီး ဒေဝီ့ကို လာတွေ့ပါဦး ... ဦးဝဏ္ဏလှိုင်ရဲ့ရန် ကင်းရင်ပေါ့။ သူကတော့ ကျွန်တော့်ကို ...နဲ့ချောချင်နေမှာပဲနော်။

ဘာပဲဖြစ်ဖြစ် ဒေဝီရယ် . . . လောကကြီးမှာ ကျွန်တော် ...နိုးမရယ်၊ ကျွန်တော်သိပ်ချစ်မိတဲ့ မိန်းကလေးရယ်နဲ့ ဝေးရ ...ဘဝမှာ စွန့်စားရင်းသေရင် သေပါစေတော့ဗျာ။

တကယ်လို့များ ကျွန်တော် တစ်ခုခုဖြစ်ခဲ့ရင်တော့ ဒီစာ ... ဒေဝီ့ကို နှုတ်ဆက်ခဲ့ပါတယ် ဒေဝီ။

မင်းဝေ

မင်းဝေ၏စာကို ဖတ်ပြီးနောက် ဒေဝီသည် ငေးငိုင်တွေဝေ ...တော့၏။

စာ၏နောက်ဆုံးပိုင်းမှ 'ကျွန်တော်သိပ်ချစ်မိတဲ့ မိန်းကလေး' ...သောစကားကို အထပ်ထပ်ဖတ်ရင်း သူမ၏ရင်ဝယ် ဇဝေဇဝါဖြစ် ...တော့သည်။

"ကိုမင်းဝေရေးထားတဲ့ ကျွန်တော်သိပ်ချစ်မိတဲ့ မိန်းကလေး ...ဟာ ဘယ်သူများပါလိမ့်"

ဒေဝီသည် စဉ်းစားရင်း ရင်ခုန်လာမိ၏။

"အို . . . အဲဒီမိန်းကလေးဟာ ငါမဖြစ်နိုင်ပါဘူးလေ၊ ဘာ ...လို့လဲဆိုတော့ သူ့ရဲ့မျက်လုံးတွေထဲမှာ ငါ့ကိုနှစ်သက်စွဲလမ်းတဲ့ ...ယ်လိုအရိပ်အယောင်မျိုးကိုမှ ငါမတွေ့ခဲ့ဘူး၊ မိန်းကလေးတွေက



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေရဲ့မျက်လုံးတွေအထဲက ချစ်ရိပ်ချစ်ငွေ့ကို အကဲခတ်တတ်စပြုပြီ။ ငါ အဲဒါမျိုး သူ့ဆီမှာ မတွေ့ခဲ့ရဘူး၊ ဒါကြောင့် သူ့ထဲက မိန်းကလေးဟာ ငါမဖြစ်နိုင်ဘူး''

''အင်း ...ဒါဆို ငါ့ဘက်ကရော''

ဒေဝီမှာ တွေးရင်း ဇဝေဇဝါဖြစ်လျက်ရှိတော့သည်။ သူမသည် အပျိုစင်တစ်ဦး မဟုတ်ပါ။ အိမ်ထောင်ကျဖူးသူ အမျိုးသမီးတစ်ဦးသာဖြစ်၏။ သို့သော် ခွန်မြတ်ညီခေါ် ညီညီကို သူမ ချစ်၍ယူခဲ့ခြင်းမဟုတ်ချေ။ ခွန်မြတ်ညီကသာ သူမကို တစ်ဖက်သတ်စွဲမက်ပြီး မိဘများထံတောင်းရမ်းယူခဲ့ခြင်းဖြစ်၏။

သူ ခွန်မြတ်ညီကို ချစ်ခဲ့သလားဆိုတာ မသေချာပါ။ အရာရာအတ္တကို ရှေ့တန်းတင်တတ်သော၊ မိမိ၏စိတ်ဆန္ဒကိုသာ သိပြီး သူတစ်ပါး၏ခံစားမှုကို စာနာပေးရကောင်းမှန်း မသိသော ခွန်မြတ်ညီအားသူမ ချစ်ခဲ့သလားဆိုတာ မသေချာပါ။

ဆိုရလျှင် သူမသည် ယောက်ျားတစ်ယောက်နှင့် လက်ထပ်ခဲ့ရသည် အချစ်ဆိုသောအရာကိုမူ ရှာမတွေ့ခဲ့ချေ။

တကယ်ဆိုတော့ အချစ်ဆိုသောအရာမှာ မိမိက ချစ်သော အချစ်ကိုသာ ဆိုလိုပါသည်။ သူတစ်ပါးက မိမိကိုချစ်သောအချစ်မှာ မိမိအတွက်မူ အချစ် မဟုတ်ချေ။

သို့ဆိုလျှင် သူမသည် အချစ်ကို ရှာဖွေတွေ့ရှိခြင်း မရှိသေးသော မိန်းကလေးသာ ဖြစ်သည်ဟု ဆိုရမည်လား။

တွေးရင်း ဒေဝီ ရင်မောလာသည်။

မည်သို့ဖြစ်စေ မင်းဝေ၏စာကို ရင်လွှာပေါ်တင်ထားရင်း သူနှင့်အတူ ယှဉ်တွဲအိပ်စက်ခဲ့ဖူးသော ဒဏ္ဍာရီဆန်လှသည့်ညများစွာကို ပြန်လည်သတိရသောအခါ သူမ၏ရင်မှာ လွမ်းမောဖွတ်ပျံ့စွာ ခံစား

www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာမူ အမှန်ပင်ဖြစ်ပါသည်။

ပြီးတော့ သူ့ကို နေ့စဉ်လိုလို သတိတရ ဖြစ်နေမိသည်။

ဒါဆို သူ့ကို မိမိ ချစ်နေမိပြီလား။

မင်းဝေကို သူမ ချစ်နေမိပြီလား။ တွေးရင်း သူမ၏တစ်ကိုယ်လုံး နွေးထွေးလို့သွားသည်။

"အင်း . . . သူ့အကြောင်း တွေးမိတိုင်း ငါ့ရင်ဟာ နွေးခနဲနွေးခနဲ ဖြစ်သွားလေ့ရှိတယ်၊ အဲဒါ သူ့ကို ချစ်မိနေလို့များလား"

ဒေဝီသည် အိပ်ရာပေါ်တွင် လူးလိမ့်ရင်း ဒဏ္ဍာရီဆန်သော ညများကို ရင်ခုန်နွေးထွေးစွာ သတိရလျက်သာ ရှိပါတော့သတည်း။

☼

"ရှင် . . . ခင်တင့်တို့ ရွာပြန်ရမယ် . . . ဟုတ်လား မမလေး"

"အေး . . . ဟုတ်တယ်၊ ဒါပေမဲ့ နင်တို့ကို အလုပ်က အ[illegible] ထုတ်ပစ်လိုက်တာ မဟုတ်ပါဘူး၊ ခွင့်တစ်လ ပေးလိုက်တာပါ၊ လ[illegible] လည်း ကြိုထုတ်ပေးလိုက်မယ်၊ တစ်လပြည့်တော့ ဒီကိုပြန်လာကြ[illegible]"

"တော်ပါသေးရဲ့ . . . မမလေးက ခင်တင့်တို့ကို အ[illegible] ဖြုတ်ပစ်လိုက်ပြီလားလို့ စိုးရိမ်သွားတာ၊ ရွာမှာ တစ်လပြန်နားရ[illegible] ဆိုတော့ ပျော်စရာကြီး၊ ရွာမရောက်တာလည်း ကြာပြီလေ . . . ၊ ဟင်း"

"ကိုငွေမောင်းကိုတော့ အိမ်စောင့်အဖြစ် ထားခဲ့မယ်၊ ရော ကားတွေပါ အပ်ခဲ့မယ် . . . ဟုတ်ပြီလား"

"ရပါတယ် မမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီ စိတ်ချမယ်နော်"

"စိတ်ချပါခင်ဗျာ ... ငွေမောင်းအကြောင်းလည်း မမသော အသိပဲ"

ဒေဝီ ခရီးရှည်ထွက်ရန် ချက်ချင်းစိစဉ်ရာ ခင်တင့်၊ မလုံးနှင့် ကားဒရိုင်ဘာငွေမောင်းတို့ အံ့အားတသင့် ဖြစ်ရသည်။

ဘယ်ကိုသွားမှာလဲ၊ ဘယ်သူတွေနဲ့ သွားမှာလဲဟု မေး၍ မရချေ။ အထက်မြန်မာပြည်ကို ဘုရားဖူးသွားမည်၊ ဘုရားဖူးအဖွဲ့ တစ်ခုနှင့် လိုက်သွားမှာဖြစ်ကြောင်းသာ သိရ၏။ သိပ်လည်း မမေးဝံ့ ကြသဖြင့် ထပ်မမေးဝံ့ကြချေ။

ဒေဝီသည် တစ်ရက်ထက်တစ်ရက် မင်းဝေကို ပိုသတိရ ဖြစ်လျက်ရှိသည်နှင့်အမျှ မင်းဝေအတွက် စိုးရိမ်ပူပန်သည်ထက် ပူပန် လာမိသည်။

မင်းဝေသည် သူ၏စာအရဆိုလျှင် ရွှေလီမြစ်ကမ်းပါးမှ ဝါး နက်တောဆီ ဧကန် သွားတော့မည် ဖြစ်၏။

သို့သော် သူသည် ဝါးနက်တောဝန်းကျင်၌ ဦးဝဏ္ဏလိူင် တို့အဖွဲ့ စောင့်နေကြသည်ကို မသိချေ။ သူ့ထံ ကြေးနန်းရိုက်အကြောင်း ကြားရန်မှာလည်း မဖြစ်နိုင်ချေ။ စာထဲ၌ လိပ်စာမပါသဖြင့် သူ့ထံ မည်သို့မှ ဆက်သွယ်၍မရချေ။

သို့ကြောင့် ဒေဝီက သူမကိုယ်တိုင် လိုက်သွားရန် ဆုံးဖြတ် လိုက်ခြင်းဖြစ်၏။

မိုးကုတ်သူတစ်ဦးဖြစ်သော ဒေဝီအနေဖြင့် မိုးကုတ်ဒေသ ဝန်းကျင်သို့ ပြန်သွားရန် ဝန်လေးခြင်းမရှိပါ။

သူမအနေဖြင့် ဤသို့ဆုံးဖြတ်ရခြင်းမှာ မင်းဝေအတွက် စိုး ရိမ်ပူပန်မှု စေတသိက်တစ်ခုတည်းကြောင့်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ ထိုစိတ်ကို သူမ မည်သို့မျှ ချိုးနှိမ်၍
...ချ

"ကိုမင်းဝေဟာ သူ့ရဲ့အန္တရာယ်ကို ကြိုမြင်မှာ မဟုတ်ဘူး၊
...ဒီလည်း အကြောင်းကြားလို့မရတော့ ငါကိုယ်တိုင် လိုက်သွားမှ
...မယ်၊ ခုအချိန်လောက်ဆို သူ စာရေးကနေ ထွက်သွားလောက်ပြီ
...ည်"

အမှန်တော့ မင်းဝေအပေါ်တွင် သံယောဇဉ်တွယ်မိပြီ ဖြစ်သော
...အနေဖြင့် ယင်းသံယောဇဉ်ကြောင့်ပင် ဤခရီးကို ထွက်ရန် ဆုံး
...မိခြင်း ဖြစ်ပါလိမ့်မည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ပြန်လမ်းမဲ့တောသို့

တောတွင်းတိုက်ပွဲ

လျှို့ဝှက်ဂူကိုတွေ့ရှိခြင်း

အသက်လုပွဲ

ချစ်ခြင်း၏နေရာ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ပြန်လမ်းမဲ့တောသို့

မင်းဝေသည် သူငယ်ချင်းဖြစ်သူ စစ်ပြန်ကြီး ဂျမဒါသာဒွန်းအား အဖော်အဖြစ်ခေါ်ကာ စာရေးမြို့ကလေးမှသည် စစ်ကိုင်းသို့သွားပြီး စစ်ကိုင်းတံတားကြီးကိုကူးလျက် မန္တလေးသို့ လာခဲ့ကြလေသည်။

မန္တလေး၌ ဂျမဒါသာဒွန်း၏ မိတ်ဆွေဟောင်း အင်္ဂလိပ်စစ်တပ်မှ ဆာဂျင်ကောလင်းနှင့် သွားရောက်တွေ့ဆုံပြီး ဆာဂျင်ကောလင်း၏ကူညီပေးမှုကြောင့် စစ်သုံးပစ္စတို ၄၅ ဗို့သေနတ်အဟောင်းတစ်လက်နှင့် ကျည်ခြောက်တောင့်ကို ဝယ်ယူရရှိခဲ့လေသည်။

ထို့နောက် သူတို့နှစ်ဦးသည် နောက်နေ့မနက်မှာပင် မန္တလေး–မြစ်ကြီးနား ရထားစီးခဲ့ကြကာ လမ်းခရီး၌ ခရီးလမ်းပန်းမသာသဖြင့် ရထားပေါ်မှာပင် နှစ်ညအိပ်ခဲ့ရလေ၏။

သုံးရက်မြောက်နေ့ညနေမှာမှ ကျောက်မဲဘူတာသို့ ရထားဆိုက်ရာ သူတို့နှစ်ဦးမှာ ရထားပေါ်မှ ဆင်းခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဘူတာအနီးမှ ထမင်းဆိုင်လေးတစ်ဆိုင်တွင် တောင်းတောင်းပန်ပန်ဖြင့် ညအိပ်ခိုနားခဲ့ကြရကာ နောက်နေ့မနက် ကျမှ မိုးကုတ်သို့သွားသော ခရီးသည်တင်လော်ရီကားကြီးဖြင့် လိုက်ပါခဲ့ကြလေသည်။

လမ်းခရီးမှာ မြေသားလမ်းကျောက်ကြမ်းလမ်းဖြစ်ရာ ကားကြီးက တောလမ်းခရီးကို တအိအိဖြတ်သန်းခဲ့ရလေ၏။

သဲချောင်းများကိုလည်း ခဲခဲယဉ်းယဉ်း ဖြတ်သန်းခဲ့ကြရလေသည်။

သို့ဖြင့် မိုးကုတ်မြေသို့ ရောက်ရှိလာကြသည်တွင် သူတို့နှစ်ဦးသည် မြို့လယ်ပိုင်းမှ တည်းခိုခန်းတစ်ခု၌ တည်းခိုလိုက်ကြလေတော့၏။

မိုးကုတ်မြို့သည်ကား တောင်တန်းတောင်စွယ်များ ပတ်လည်ဝိုင်းထားသည့် ဒယ်အိုးသဏ္ဌာန် ရတနာမြေဖြစ်သည်။

ကျောက်တွင်းသူဌေးများ၊ ကျောက်ကုန်သည်များ၊ ပွဲစားများ ကျောက်တူးသမားများဖြင့် ရှုပ်ထွေးစည်ကားသောမြို့ဖြစ်၏။

အနယ်နယ်အရပ်ရပ်မှ လာကြသဖြင့် လူမျိုးစုံ၊ စရိုက်မျိုးစုံ ဖြစ်သည်။

မင်းဝေတို့သည် တည်းခိုခန်းမှာ တည်းခိုရင်း ရှေ့ဆက်ရမည့် ခရီးလမ်းပန်းအတွက် မသိမသာ မေးမြန်းစုံစမ်းကြရလေ၏။

ရွှေလီမြစ်ကမ်းအနီးမှ နဂါးနက်တောကြီးသည်ကား မိုးကုတ်မြို့မှ မိုင် (၅၀) ကျော်ခန့် ဝေးလေသည်။

မိုးကုတ်မှသည် မိုးမိတ်သို့သွားပြီး မိုးမိတ်မှ တောလမ်းကြမ်းကို ဖြစ်သလိုဆက်နှင်ရမည် ဖြစ်၏။

ဝါးနက်တောဒေသသည်ကား လူသူအရောက်အပေါက် လွန်



www.burmeseclassic.com

www.burmeseclassic.com



ဗွာနည်းကြောင်း၊ ငှက်ဖျားထူထပ်ကြောင်း၊ တောနက်ပိုင်းတွင် ထူးဆန်းသည့် ရောမတောတွင်းတိရစ္ဆာန်ကြီးတို့ ရှိသည်ဟု ကြားဖူးကြောင်းသာ မိုးကုတ်သားတို့ထံမှ စုံစမ်းသိရှိကြရလေသည်။

ထို့ကြောင့် မင်းဝေတို့သည် လိုအပ်သောဆေးဝါးနှင့် ရိက္ခာခြောက်တို့ကို ဝယ်ယူဖြည့်တင်းရင်း ဂျမဒါသာဒွန်းက တောပစ်သေနတ်တစ်လက် ဝယ်ယူရရှိရန် စုံစမ်းမှုပြုလေ၏။

မိုးကုတ်သို့ရောက်ရှိပြီး လေးရက်ခန့်ကြာမှ အမဲပစ်သေနတ်တစ်လက်ရရာ ထိုအခါမှ သူတို့လည်း ခရီးဆက်လက်ထွက်သွားရတော့သည်။

မိုးကုတ်မှ မိုးမိတ်သို့ ခရီးသည်တင် လော်ရီကားကြီးတစ်စီးဖြင့် လိုက်ခဲ့ကြရပြန်၏။

ထိုခရီးလမ်းမှာ ပိုမိုကြမ်းတမ်းပြီး ဓားပြများ၏ရန်က ရှိသဖြင့် ကားတစ်စီးတည်း မသွားဝံ့ဘဲ ခရီးသည်တင်နှင့် ကုန်တင်ကား သုံးလေးစီးတန်းစီကာ သွားကြရလေသည်။

အရေးထဲ အတူပါလာသည့် ကုန်ကားတစ်စီးက ပျက်ပျက်နေသဖြင့် မဝေးကွာလှသော ခရီးဖြစ်သော်လည်း လမ်းမှာ တစ်ညအိပ်ခဲ့ရသေး၏။

မိုးမိတ်သို့ရောက်သည့်တွင် ကားလမ်းခရီးမှာ ဆုံးသွားရာ မင်းဝေတို့နှစ်ဦးသည် မိုးမိတ်မှာ တည်းခိုရင်း မြင်းနှစ်စီးဝယ်ယူရန် ကြိုးစားကြရပြန်လေသည်။

ထမင်းဆိုင်ရှင်က သူတို့ကို မြင်းပွဲစားတစ်ဦးနှင့် ဆက်ပေးလေ၏။

သို့ဖြင့် သူတို့သည် မိုးမိတ်မြို့လယ်မှ ထမင်းဆိုင်တွင် နှစ်ရက်မြောက်တည်းခိုနေစဉ် ပွဲစားက လာရောက်ခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မြင်းကြည့်ရန် မိုးမိတ်မြောက်ဘက်ပိုင်းရှိ မြင်းမွေးမြူရေးခြံတစ်ခြံသို့ ရောက်ရှိသွားကြတော့၏။

မြင်းမွေးမြူရေးခြံပိုင်ရှင်ကား သဘောမနောကောင်းသော လူဝကြီးတစ်ဦးဖြစ်လေသည်။

"နေပါဦး ... ခင်ဗျားတို့က ဘယ်ကိုဆက်သွားကြမှာမို့ မြင်းဝယ်ချင်ကြတာလဲဗျ"

"ဝါးနက်တောဆီ သွားချင်လို့ပါ"

ဤတွင် မြင်းခြံပိုင်ရှင်က ဂျမဒါသာဒွန်းလွယ်ထားသော နှစ်လုံးပြူး အမဲပစ်သေနတ်ကြီးကိုကြည့်ကာ သဘောကျစွာ ပြုံးလိုက်ပြီး ...

"ခင်ဗျားတို့က နယ်လှည့်မုဆိုးတွေနဲ့တူတယ်၊ အေးဗျာ ... ခုတစ်လောမှ ဘယ်လိုဖြစ်တယ်မသိဘူး ... အဲဒီ ဝါးနက်တောဘက်သွားဖို့ ကျုပ်ဆီမှာ မြင်းလာဝယ်တာ ခင်ဗျားတို့နဲ့ဆိုရင် အဖွဲ့သုံးဖွဲ့ရှိပြီဗျ"

"ဟင် ... ဟုတ်လား၊ သူတို့က ဘယ်သူတွေလဲ"

"သူတို့လည်း မိုးကုတ်ကပဲဗျ၊ ပထမအသုတ်က ယောကျ်ားကြီး သုံးယောက်ဗျ၊ သူတို့မှာလည်း သေနတ်ကိုယ်စီ ဆောင်ထားတာတွေ့ရတယ်၊ ဓားပြတွေလားတော့ မသိဘူး"

"ဒုတိယအသုတ်ကရော ဘယ်သူတွေလဲဗျ"

"ဒုတိယအသုတ်က အမျိုးသမီးချောချောလေး နှစ်ယောက်နဲ့ လူငယ်တစ်ယောက်ပဲဗျ"

"ဟင် ... ဟုတ်လား၊ သူ သူတို့တွေက ဝါးနက်တောဘက် ဘာလုပ်ဖို့ သွားကြတာတဲ့လဲဗျ"

"သူတို့ပြောတာကတော့ ဝါးနက်တောမှာ သူတို့ရဲ့ဘကြီး

www.burmeseclassic.com



တစ်ယောက် ရသေ့ဝတ်နေတယ်လို့ ပြောတယ်ဗျ။ အဲဒါ ဘာသာတင်း မှ မကြားရတာ လေးငါးနှစ်ကြာပြီဖြစ်လို့ နေထိုင်မှုကောင်းရဲ့လား၊ ရှိမှရှိသေးရဲ့လားလို့ သိချင်တာနဲ့ လာခဲ့ကြတာလို့ ပြောတာပဲဗျ"

"ဩော် ... ဟုတ်လား၊ ကျွန်တော်တို့ကတော့ အမဲလိုက်ဖို့ သက်သက်ပါ"

ဤတွင် မြင်းခြံပိုင်ရှင်လူဝကြီးက တွေးတွေးဆဆဖြင့် ပြော လေသည်။

"အေးဗျာ ... ကျုပ်တော့ အဲဒီဘက် မရောက်ဖူးပါဘူး။ ကျုပ်တို့မိုးမိတ်ဘက်က မုဆိုးတွေတောင် ဝါးနက်တောကို ရှောင်ကြ တယ်ဗျ"

"ဟုတ်လား ... ဘာဖြစ်လို့လဲ"

"အဲဒီတောကို ပြန်လမ်းမဲ့တောလို့တောင် မုဆိုးတွေကြားမှာ ပြောစမှတ်တွင်နေတယ်ဗျာ၊ အရင်တုန်းကတော့ ဝါးနက်တောမှာ တော လိုက်တာတွေ၊ ကျောက်ရှာတာတွေ လုပ်ကြသေးတယ်ဗျ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကစပြီး ဘယ်ကဘယ်လို ဖွတ်သတ္တဝါကြီးတွေ ရောက်လာမှန်း မသိပါဘူးဗျာ၊ တော်တော်ကြောက်စရာကောင်းတဲ့ ရောမ ဖွတ်ကြီးတွေဗျ"

"ဖွတ်ကြီးတွေ ... ဟုတ်လား"

"ဟုတ်တယ်ဗျ ... တကယ့် ရောမအကောင်ကြီးတွေ ပြောတယ်၊ အရင်တုန်းက ရွှေလီမြစ်ဒီဘက်ပိုင်းက တောတွေ အဲဒီလိုသတ္တဝါမျိုးကြီးတွေကို တွေ့ရလေ့မရှိဘူးဗျ၊ နောက်မှ ဘယ်က ဘယ်လို ရောက်လာကြမှန်း မသိပါဘူးဗျာ၊ မြစ်ညာပိုင်းတောင်ကြ တွေကနေ ရွှေပြောင်းလာကြတာနဲ့ တူရဲ့ဗျ"

ဂျမဒါသာဒွန်းက စိတ်ဝင်စားစွာဖြင့် ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဟိမဝန္တာဘက် စစ်ရေးစီမံချက်တစ်ခုနဲ့ လိုက်ခဲ့ဖူးတယ်ဗျ၊ အဲဒီတုန်းက တောင်တန်းတောင်စွယ် တောင်ကုန်းမြင့်တွေအပေါ်မှာ ဟိမဝန္တာဖွတ်ကြီးတွေနဲ့ ကြုံဆုံဖူးတယ်ဗျ၊ တောင်အမေရိကတိုက်မှာ တွေ့ရတတ်တဲ့ Alligator လို့ခေါ်တဲ့ မိကျောင်းခေါင်းမျိုးထက် ကြီးမားတဲ့ ရောမဖွတ်ကြီးတွေပဲ ...၊

သူတို့ရဲ့ ကြောက်စရာ အကောင်းဆုံးလက်နက်ကတော့ သူတို့ရဲ့ အမြီးတုတ်တုတ်ကြီးတွေပဲဗျ၊ သူတို့ရဲ့ အမြီးရိုက်ချက်မိရင် ဆင်လိုအကောင်မျိုးတောင် တစ်ချက်တည်းနဲ့ ဘုံးဘုံးလဲသွားတာ ...၊

နောက်ထပ် ကြောက်စရာကောင်းတာက သူတို့ဟာ ကျောက်တုံး၊ ကျောက်သား၊ ကျောက်ဆောင်တွေမှာ ကပ်နေ၊ ဝပ်နေရင် ကျောက်သားတည်းဖြစ်နေပြီး သူတို့ရှိနေမှန်း တော်ရုံသတိမထားရင် မသိနိုင်ဘူးဗျ၊ သူတို့အနားရောက်မှ သူတို့ရဲ့အမြီးနဲ့ ဖြန်းခနဲ ရိုက်ချလိုက်ကတော့ လူကို အရိုးတခြား အသားတခြားဖြစ်ပြီးသာ မှတ်တော့

"အတော်ကြောက်စရာကောင်းပါလား"

"ဟာ ... ကြောက်စရာကောင်းတာတော့ မပြောနဲ့၊ သူတို့ကို တောတောင်ထဲက ကိုယ်ပျောက်မရဏသေမင်းတွေလို့ ခေါ်ကြတာဗျ၊ ဟိမဝန္တာမြောက်ဘက်အခြမ်းမှာ တာဝန်ကျတဲ့ စစ်တပ်တွေဟာ သင်းတို့ရန်ပဲ ကြောက်နေရတာ၊ သူတို့နဲ့ ရင်ဆိုင်တွေလို့ကတော့ ကိုယ်က ဦးအောင်ပစ်သတ်နိုင်မှ၊ သူတို့ လက်ဦးသွားလို့ကတော့ ကျားကိုက်၊ ဆင်နင်းတာထက် ဆိုးတယ်"

"ဟုတ်တယ် ... အဲဒီဖွတ်ကြီးတွေရဲ့ရန်ကြောင့် ... တောကို ပြန်လမ်းမဲ့တောလို့ ခေါ်တာ၊ အင်း ... ခင်ဗျားတို့က ... တောမှာမှ အမဲသွားပစ်ကြမယ်ဆိုတော့ သေမင်းတမန်ဖွတ်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြိုတဲ့ သူယောင်မယ်လေးတွေနဲ့ပဲ ဖူးစာဆုံပါစေလို့ ဆုတောင်းပေး လိုက်ပါတယ်ဗျာ ...ဟဲ ဟဲ ဟဲ''

မည်သို့ဖြစ်စေ မင်းမဝေကမူ ဝါးနက်တောဆီသွားရန် ဆုံးဖြတ် ထားပြီးဖြစ်သဖြင့် နောက်နေ့မနက်စောစောမှာပင် ခရီးနှင်ရန် ပြင်ဆင် တော့၏။

ဂျမဒါသာဒွန်းမှာလည်း တစ်ကိုယ်ရေတစ်ကာရသမား လူစွန့် အဖြစ်သောကြောင့် သေမင်းတမန် ဖွတ်ကြီးတို့၏သတင်း ကြားက တည်းက စွန့်စားရင်ဆိုင်ရန် စိတ်အားတက်ကြွလျက် ရှိပါတော့သ တည်း။


❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## တောတွင်းတိုက်ပွဲ



မိုးမိတ်မှ ရွှေလီမြစ်ကမ်းခြေသို့ သွားရသောခရီးသည် တောလမ်းခရီးသက်သက် ဖြစ်၏။

မိုးမိတ်မှလွန်လျှင် ရှမ်းရွာငယ်နှစ်ရွာကိုသာ လမ်းမှာတွေ့ရပြီး တောတောင်လျှိုမြောင်ထူထပ်သော ရှေ့ခရီးတွင် ရွာဆက်မရှိတော့ကြောင်း သိရလေသည်။

ဒုတိယရွာဖြစ်သော ပန်လုံရွာလေးထဲ ဝင်လာခဲ့ကြစဉ်က ရွာသူကြီး၏အိမ်ကို မေးစမ်းကာ ရွာလူကြီးကိုတွေ့ရသည်၌ အကျိုးအကြောင်းပြောပြလျက် တစ်ညတာတည်းခိုခွင့် တောင်းခဲ့ကြရလေသည်။

မင်းဝေတို့က မြို့မှဝယ်လာသည့် ဘီစကစ်၊ ချော့ကလက်၊ သကြားလုံး ...စသော စားသောက်ဖွယ်ရာလက်ဆောင်ပစ္စည်းများ ရွာလူကြီးမိသားစုအား ပေးအပ်ပြီး ဝါးနက်တောဆီသွားသည့် အခြားခရီးသွားများရော ဤရွာမှာ တည်းခိုကြသေးသလား ...ဟု မေးမြန်း

www.burmeseclassic.com

www.burmeseclassic.com



...ကြည့်ကြလေသည်။

"ကောင်မလေးနှစ်ယောက်နဲ့ ကောင်လေးတစ်ယောက်တော့ ...ာက်လာကြပြီး သူတို့ကလည်း ဘယ်သူတွေ ဒီရွာမှာ တည်းခဲ့ကြ ...သလဲလို့ မေးကြတယ်၊ သူတို့ရဲ့ရှေ့က ဘယ်သူမှ ရွာဆီ ရောက်မ ...ကြပါဘူး"

"အဲဒီမိန်းကလေးတွေရော ဒီအိမ်မှာ တည်းသွားကြတာလား ...ဗျ"

"ဟုတ်တယ် ... ဒီမှာ တစ်ညတည်းပြီး မနက်ကပဲ ထွက် ...သွားကြတယ်"

"သူတို့က ဘယ်သူတွေလဲ၊ နာမည်ရော သိသလားခင်ဗျ"

"နာမည်ကတော့ ဝါဝါနဲ့ဖြူဖြူတဲ့၊ ကောင်လေးက မောင်ထွေး ...လားပဲ"

"ဩော်"

မင်းဝေတို့လည်း ပန်လုံရွာလေးတွင် တစ်ညတာ တည်းခိုပြီး ...ောက် ရွာလူကြီးနှင့် အိမ်သူအိမ်သားတို့ကို နှုတ်ဆက်ကာ ဝါးနက် ...တောဆီ ခရီးဆက်ခဲ့ကြတော့၏။

လမ်းခရီးတွင် ဖုန်းဆိုးတောများ၊ လျှိုမြောင်များ၊ တောင် ...ယ်တောင်လက်မောင်းများကို ဖြတ်သန်းရင်း ဂျမဒါသာဒွန်းက ...

"မင်းဝေ ... ဒီအတိုင်းဆို ဟိုအမျိုးသမီးအဖွဲ့နဲ့ လမ်းမှာ ...နိုင်တယ်၊ ယောကျ်ားသုံးယောက်အဖွဲ့ကတော့ တခြားတစ်နေရာပဲ ...က်သွားကြသလား၊ ဒါမှမဟုတ် တခြားလမ်းကပဲ ဝါးနက်တောဆီ ...သွားကြသလား မသိဘူး"

ဟု မှတ်ချက်ချစကားဆိုလေသည်။

"ဟုတ်တယ် ... ဘာပဲဖြစ်ဖြစ် ဘယ်သူနဲ့ပဲဆုံဆုံ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ လာရောက်ရတဲ့ ရည်ရွယ်ချက်အမှန်ကို ပြောလို့မဖြစ်ဘူး''

''ဒါထက် မင်း ပစ္စတို ပစ်တတ်ရဲ့လား၊ အရေးကြုံရင် အဲ့ သေနတ်ကို မင်း အသုံးချတတ်မှ ဖြစ်မယ်''

''ပစ္စတိုတော့ တစ်ခါမှ မကိုင်ဖူးဘူးဗျ''

''ရှေ့မှာ စခန်းချနားတဲ့အခါ မင်းကို သေနတ်ပစ်သင်ပေး ဦးမှာပေါ့ကွာ''

သို့ဖြင့် စမ်းချောင်းငယ်တစ်ခုသို့အရောက်တွင် စခန်းချ နားရင်း ၄၅ မို့ပစ္စတိုကြီးအား ကိုင်တွယ်ပစ်ခတ်တတ်ရန် မင်းဝေ ဂျမဒါသာဒွန်းက သင်ပြပေးလေသည်။

ထိုနေ့ နေ့လယ်ပိုင်းတွင်မူ မင်းဝေတို့သည် မြင့်မားမတ်စောက် သော တောင်ကုန်းတစ်ခုကို တက်ကြရမည်ဖြစ်သဖြင့် မြင်းများပေါ်မှ ဆင်းပြီး မြင်းတို့ကို တောင်ခြေမှ မြက်ခင်းမှာပင် လှန်ထားခဲ့ကြရလေ သည်။

တောင်ကုန်းမြင့်ထက်ရောက်သည့်တွင်မူ လေက ဟူးဟူးရား ရား တိုက်ခတ်လျက်ရှိပြီး ဟိုအဝေးမှ တောင်စွယ်တောင်တန်းတို့ နောက်တွင် ရွှေလီမြစ်ကြောင်းကိုပင် လှမ်းတွေ့ရလေသည်။

''ဒီဝါးနက်တောက သိပ်တော့မကျယ်ပြန့်လှဘူးကွ၊ ဒါပေမဲ့ နက်ရှိုင်းတဲ့ လျှိုမြောင်တွေ, မတ်စောက်တဲ့ ကျောက်ဆောင်တွေနဲ့ သစ်ကြီးဝါးကြီးတွေ ထူထပ်လို့ တောကြီးမျက်မည်း ဖြစ်နေတာ''

ဂျမဒါသာဒွန်းက တောင်ကုန်းထိပ်တွင် ခေတ္တရပ်နားရင်း မှတ်ချက်စကားဆိုသည်။

''ဟုတ်တယ် ကိုသာဒွန်းရဲ့ ... အရေးကြီးတာက ရေဝင်္ကွန် ကြီးကို ရှာတွေ့ဖို့ပဲဗျ''

''အေးကွာ ... တောင်ကုန်းလျှိုမြောင်တွေ ဒီလောက်ပေါမှ



www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်တွေရှိမှာပါ၊ ခုထိတော့ မတွေ့သေးဘူး၊ နေဦး ...
ချောင်းရေတံခွန်တွေကို ဒီတောင်ကုန်းပေါ်ကနေ ရှာဖွေကြည့်ဦး

ဂျမဒါသာဒွန်းက တောင်ကုန်းအစွန်တစ်နေရာမှနေ၍ စစ်သုံး
မှန်ပြောင်းကြီးဖြင့် ချိုင့်ဝှမ်းလျှိုမြောင်များဆီသို့ လှည့်ပတ်ကြည့်တော့

"ဟာ ... ဟော့ မင်းဝေ ... ဟိုးအောက်က ကျောက်တောင်
ကြားမှာ ရွက်ဖျင်တဲနှစ်လုံးကို တွေ့ရတယ်ကွ"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ် ... ရော့ ကြည့် ... ဟောဟိုတည့်တည့်ကို"

ဂျမဒါသာဒွန်းပြသည့် လျှိုမြောင်ထဲသို့ မင်းဝေက မှန်ပြောင်း
ဖြင့်ချောင်းကြည့်လိုက်ရာ ကျောက်တောင်နှစ်လုံး၏အကြား လျှိုမြောင်
တစ်ခြေတစ်နေရာတွင် ရွက်ဖျင်တဲနှစ်လုံးကို တွေ့ရသည့်အပြင်
လျှိုမြောင်ကြားမှ မီးခိုးငွေ့တို့ တငွေ့ငွေ့ထွက်နေသည်ကိုပင်
တွေ့ရလေသည်။

"အဲဒီရွက်ဖျင်တဲတွေဟာ ဟိုလူတွေရဲ့ တဲတွေပဲလား၊ ဟို
တောသမီးအုပ်စုရဲ့ တဲတွေပဲလားမသိဘူးဗျ၊ ကျွန်တော်တို့ အဲဒီတောင်
အောက်အောင် သွားကြည့်ရအောင်"

"အေး ... အဲဒီနားအထိ သွားပြီး ခပ်လှမ်းလှမ်းကနေ အခြေ
အနေ စောင့်ကြည့်အကဲခတ်ကြတာပေါ့ကွာ"

မင်းဝေတို့သည် တောင်ကုန်းမြင့်၏တစ်ဖက်သို့ ခဲခဲယဉ်းယဉ်း
ဆင်းခဲ့ကြပြီးနောက် လျှိုမြောင်ကြီးကိုဖြတ်သန်းကာ ချုံနွယ်ပိတ်
ပေါင်းများ၊ နွယ်များကို ဖယ်ရှားတိုးဝှေ့လျက် တောင်စောင်းတစ်ခုကို
တက်ကြရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူတို့သည် တောင်စောင်းပေါ်ရောက်ရှိသွားကြပြီး ယင်းတောင်စောင်းအတိုင်း ကွေ့ပတ်လာခဲ့ကြသည်တွင် ကျောက် တောင်နှစ်လုံးအကြားမှ မြေပြန့်ကွက်လပ်ကို အပေါ်စီးမှ မြင်ရသည့် အငူစွန်းသို့ ရောက်ရှိသွားကြတော့၏။

မင်းဝေတို့နှစ်ယောက် အငူစွန်းပေါ် အားလျားမှောက်လျှက် မှန်ပြောင်းဖြင့် ရွက်ဖျင်တဲများအား တစ်ယောက်တစ်လှည့် အနီးကပ် ဆွဲယူကြည့်နေကြစဉ် ...

သူတို့၏ကုပ်ပိုးများပေါ်သို့ အေးစက်မာကျောသော အရာဝတ္ထု တို့ဖြင့် ထောက်လာခြင်း ခံလိုက်ရတော့၏။

"လုံးဝမလှုပ်ကြနဲ့ ... လက်နှစ်ဖက်ကို ဇက်ပိုးနောက်မှာ ယှက်ထားလိုက်ကြစမ်း"

မာကျောခက်ထန်သည့် အမိန့်ပေးသံကလည်း သူတို့နောက် ဘက်ဆီမှ ထွက်ပေါ်လာရာ မင်းဝေတို့မှာ အငိုက်မိခံလိုက်ရပြီဖြစ် ကြောင်း သိလိုက်ကာ မလွှဲမရှောင်သာစွာ လက်တို့ကို ဇက်ပိုးနောက် ဝယ် ယှက်ထားလိုက်ကြရတော့သည်။

သူတို့၏ကျောပေါ်သို့ သေနတ်သမားတို့က သေနတ်ပြောင်း တို့ကို ဖွေ့ထောက်လိုက်ကြရင်း သူတို့၏သေနတ်များကို သိမ်းဆည်း လိုက်ကြတော့၏။

"ဟုတ်ပြီ ... ဒီအတိုင်း မတ်မတ်ရပ်လိုက်ကြစမ်း"

မင်းဝေတို့မှာ သူတို့ကို အဘယ်သူတွေက လက်ဦးမှုရယူ ဖမ်းဆီးမှန်း မသိသော်လည်း အခြေအနေအရ အမိန့်ပေးသည့်အတိုင်း လိုက်နာရန်သာရှိသဖြင့် လက်ဖဝါးတို့ကို ဇက်ပိုးနောက်တွင် ယှက်ထား လျက်ပင် လူးလဲထရပ်လိုက်ရလေသည်။

သူတို့က ရပ်ရင်း သူတို့ကို ဖမ်းဆီးသူများအား ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြရာ မုတ်ဆိတ်ပါးမြိုင်းမွေးများနှင့် ခက်ထန်ကြမ်းတမ်းသော ရုပ်ပြည့်ရှိသည့် ရုပ်ကြမ်းကြမ်းနှင့် လူနှစ်ဦးက ခြောက်လုံးပြူးသေနတ်ကိုယ်စီဖြင့် သူတို့ကိုချိန်ထားကြောင်း တွေ့ရလေ၏။

ထိုသူတို့သည် ဂျပ်ခုတ်ထည်တို့ကို ဝတ်ထားပြီး ဦးခေါင်း၌ သက္ကလတ်ဦးထုပ်ကိုယ်စီ ဆောင်းထားကာ ဘောင်းဘီရှည်များနှင့် ဆယ်သာတောစီးလည်ရှည်ဖိနပ်များ စီးထားရာ အနောက်တိုင်း ဘိုင်စကုတ်ကောင်းဘွိုင်ကားတို့ထဲမှ နွားကျောင်းသားကောင်းဘွိုင်များပုံပေါက်နေကြလေသည်။

"ဟိုဘက်လှည့်ပြီးရင် လက်တွေကို ဖြည်းဖြည်းပြန်ချ၊ ဟုတ်ပြီ ... ခါးနောက်မှာ လက်တွေ ယှက်ထားလိုက်ကြစမ်း"

မင်းဝေတို့မှာ ခိုင်းသည့်အတိုင်း လိုက်လုပ်နေရရင်း ထိုသူတို့သည် မည်သည့်အဖွဲ့နည်း၊ တောတွင်းဓားပြအဖွဲ့ကလား စသည်ဖြင့် တွေးဆလျက်ရှိလေသည်။

ထိုစဉ် သေနတ်သမားတစ်ဦးက ကြိုးတစ်ချောင်းစီဖြင့် မင်းဝေတို့၏လက်တို့ကို တစ်ဦးစီ ပူးချည်လိုက်ကြလေ၏။

ပြီးလျှင်မူ သူတို့နှစ်ဦးအား တောင်စောင်းအောက်သို့ ပတ်ဆင်းစေလျက် ဘသာချောတို့က သေနတ်ဖြင့်ချိန်ရင်း နောက်မှ ထက်ကြပ်လိုက်ပါလာကြလေသည်။

ချုံနွယ်ပိတ်ပေါင်းများကြားမှ တိုးဝှေ့ကာ ကျောက်စိုင်ကျောက်တုံးကြီးများကို ကွေ့ပတ်လာခဲ့ကြရာ နာရီဝက်ခန့် လျှောက်လာပြီးလျှင်မူ ရွက်ထည်တဲများနှင့် ကိုက်သုံးလေးဆယ်ခန့်သာ ဝေးကွာသည့် ကွက်လပ်၏အစပ်သို့ ရောက်ရှိသွားတော့၏။

ထိုကွက်လပ်ဆီ တန်းစီလျက် လျှောက်လှမ်းသွားကြသည်တွင် ရွက်ဖျင်တဲများအနီးရှိ မီးဖိုဝယ် ဟင်းအိုးတည်နေသော



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တစ်ဦးက မော့ကြည့်နေသလို ရွက်ဖျင်တဲတစ်လုံးထဲမှ ထွက်လာသည့် ဦးဝဏ္ဏလှိုင်ကလည်း ခါးထောက်ကာ သရော်ပြုံးပြုံးရင်း စောင့်ကြည့်နေလေသည်။

"ဟား ဟား ဟား . . . မင်းဝေ . . . မင်း လာမှလာပါ့မလား လို့ကွာ . . . စောင့်နေလိုက်ရတာ၊ လာမယ့်လာတော့ သက်တော်စောင့်တွေ ဘာတွေနဲ့ပါလား"

"ကဲဟေ့ . . . သူတို့ကို ဟိုအပင်နှစ်ပင်မှာ ကြိုးတုပ်ထားလိုက်ကြစမ်း စိန်ကြီးနဲ့ကြာဝင်း"

ဦးဝဏ္ဏလှိုင်၏လူများက မင်းဝေနှင့် ဂျမဒါသာဒွန်းတို့အား ပင်စည်လုံးပတ် မကြီးလှသေးသော တောင်မရိုးပင်ပျိုနှင့် ခွေးတောက်ပင်တို့တွင် လက်ပြန်ကြိုးတုပ်လိုက်ကြလေသည်။

ဦးဝဏ္ဏလှိုင်က ဆေးတံကိုခဲလျက် ခပ်ပြုံးပြုံးအမူအရာဖြင့် မင်းဝေ၏ရှေ့သို့ လျှောက်လှမ်းလာပြီးလျှင် လက်တစ်ဖက် ခါးထောက်ကာ ခြေကို ကားကားရပ်လိုက်လေသည်။

"ဘယ်လိုလဲ မင်းဝေ . . . မင်း ခိုးယူသွားတဲ့ ကြေးပုရပိုက်ထဲက စာသားတွေရဲ့ အနက်အဓိပ္ပာယ်ကို ဖော်လို့ရပြီမဟုတ်လား၊ အဲဒီအထဲက အနက်အဓိပ္ပာယ်တွေကို ဖော်လို့မရဘဲ မင်း ဒီရောက်မလာဘူးဆိုတာ ငါသိပြီးသား၊ ဒီတော့ အဲဒီအနက်အဓိပ္ပာယ်တွေကို ပြောပြပေတော့၊ ကွယ်ဝှက်ဖို့တော့ မကြိုးစားနဲ့နော်၊ ထိမ်ချန်ကွယ်ဝှက်ရင်တော့ ဟောဒီဓားနဲ့ မင်းရဲ့ခြေဆစ်လက်ဆစ်တွေကို တစ်ခုချင်း ဖြတ်ပြီသာမှတ်"

ဦးဝဏ္ဏလှိုင်က ခါးကြားတွင်ထိုးထားသည့် ဓားမြှောင်ကို ဆွဲထုတ်ကာ နေရောင်တွင် ထောင်ပြလိုက်လေသည်။

မြည့်နေသော ဓားသွားက နေရောင်တွင် စင်း်လ်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ထက်လက်ထသွားတော့၏။

"ကဲ ဟော့ကောင် ... ကြေးပုရပိုက်ထဲမှာ ဘာတွေရေးထား သလဲ ... ပြောစမ်း"

ဦးဝဏ္ဏလှိုင်က သူ့တပည့်စိန်ကြီးအား မင်းဝေ၏ကျောပိုးအိတ် ထဲမှ ကြေးပုရပိုက်ကို ထုတ်ယူစေကာ ပုရပိုက်ကိုကြည့်ရင်း မင်းဝေကို ထပ်မေးတော့သည်။

ဦးဝဏ္ဏလှိုင်က ခေါ်းကိုဝင့်ကာ မင်းဝေ၏အနီးသို့ ချဉ်းကပ်လာ သည့် အခြားရွက်ဖျင်တဲအတွင်းမှ အမျိုးသမီးတစ်ဦး ထွက်လာသည်ကို မင်းဝေ လှမ်းတွေ့လိုက်ရ၏။

"ဟင် ... ဒေဝီ"

မင်းဝေက ကောင်းဘွိုင်မလေးလို လယ်သာဂျာကင်၊ ဘောင်း ဘီရှည်နှင့် တောစီးဖိနပ်လည်ရှည်တို့ကို ဝတ်ထားသော ဒေဝီအား အံ့အားသင့်စွာ ကြည့်နေလေသည်။

ဒေဝီကိုမြင်မှ ဒေဝီထံ သူစာရေးပို့လိုက်မိခြင်းအတွက် နောင် တကြီးစွာ ရသွားတော့၏။

ထိုစာထဲတွင် ကြေးပုရပိုက်ထဲမှ စာသားတို့၏ အဓိပ္ပာယ်ကို ဆရာကြီးတစ်ဦး၏ကူညီမှုကြောင့် ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်းနှင့် ဝါး ခက်တောဆီ သွားမည့်အကြောင်း ရေးခဲ့မိသည်။

ဒေဝီက ဦးဝဏ္ဏလှိုင်နှင့်ပေါင်းလိုက်တော့ သူ့အတွက် ခုက္ခ ရောက်ခြင်းဖြစ်၏။ သူမက ဦးဝဏ္ဏလှိုင်လက်မှ လွတ်စေရန် သူ့ကို ကူညီကယ်တင်ခဲ့သဖြင့် ယုံပြီး ယင်းစာရေးပို့မိခြင်း ဖြစ်သည်။

"ဩော် ... မိန်းမတို့ရဲ့သဘောဟာ မြစ်လိုကွေ့ကောက် တယ်ဆိုတာ တယ်မှန်ပါလား၊ တကယ်တော့ ဒေဝီက ငါ့ကို အယုံ သွင်းခဲ့တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေမှာ သူ့ဘာသာစိတ်ထဲမှပြောရင်း ဒေဝီ့ကို နာကျင်စွာ စိုက်ကြည့်လိုက်သည်။

ဒေဝီက မဲ့ပြုံးလေးပြုံးရင်း သူတို့အနီးသို့ ဟန်ပါပါဖြင့် ကနွဲ့ကလျ လျှောက်လှမ်းလို့လာသည်။

"ဟင်း ဟင်း ဟင်း ... ဒေဝီမပြောဘူးလား ဦးလေး၊ ဒီလောဘသားကောင်ဟာ ဒီတောဆီ လာမှာပါလို့"

"ဟုတ်တယ် ဒေဝီ ... ကျုပ်လည်း အဲဒီအတိုင်း တွက်ထားပြီး ကတွတ်ပေါက်ကနေ ငါးစောင့်တဲ့ဗျိုင်းလို လာစောင့်နေတာပဲလေ၊ ဒေဝီက ဒီကောင့်ဆီက စာရတယ်၊ ဆာဒူးကြီးတစ်ယောက်ရဲ့ အကူအညီနဲ့ ကြေးပုရပိုက်ထဲကစာသားတွေရဲ့အဓိပ္ပာယ်ကို ဒီကောင်သိသွားပြီ ဒါကြောင့် ဒီကိုလာမှာ ကျိန်းသေတယ်လို့ သူငယ်ချင်းမောင်နုမကို ခေါ်ပြီး ကျုပ်တို့ကို လိုက်ပြောတာမဟုတ်လား၊ ကျုပ်တို့တွက်ထားတဲ့ အတိုင်း ဒီကောင်လာတာပဲလေ ... ဟင်း ဟင်း ဟင်း"

ထိုစဉ် ဒေဝီထွက်လာသည့် ရွက်ဖျင်တဲထဲမှ ခပ်ချောချော အမျိုးသမီးတစ်ဦး ထပ်ထွက်လာပြီး ခပ်လှမ်းလှမ်းတွင်ရပ်ကာ သူတို့ဆီသို့ လှမ်းကြည့်နေသည်။

ဒေဝီက ခပ်ပြုံးပြုံးအမူအရာဖြင့် မင်းဝေ၏အနီးသို့ တစ်လှမ်းချင်း လျှောက်လှမ်းလာပြီး ...

"ဟင်း ဟင်း ... ရှင်က ညီညီအဖြစ် ဟန်ဆောင်နေရတုန်းကတည်းက လူပါးဝခဲ့တာ၊ အဲဒီလို လူပေါ်လူဇော်လုပ်ရင်း မယ်မယ်ကြီးကို စည်းရုံးပြီး မယ်မယ်ကြီးဆီက ကြေးပုရပိုက်ကို မရ ရအောင် နှုးနှပ်ယူနိုင်ခဲ့တယ်နော်၊ တော်တော်လည်း တော်ပါပေရဲ့ရှင်၊ လူတော်ကြီးပေါ့ ... ဟုတ်လား ... ဟင်း ဟင်း ဟင်း"

ဟု အမြင်ကတ်လောက်အောင် ခနိုးခနဲ့ ရယ်သွမ်းသွေးလျက်



www.burmeseclassic.com

www.burmeseclassic.com



တောင်မရှိးပင်ကို ပတ်လျှောက်ရင်း သူမ၏လက်တစ်ဖက်က တောင်မရှိးပင်နောက်မှ မင်းဝေ၏လက် ချောင်းလေးများကို လာကိုင်လေသည်။

မင်းဝေ၏စိတ်ထဲတွင် သူမအပေါ် စက်ဆုပ်ရွံရှာခံပြင်းစွာ ဖြစ်သွားပြီး မြေပြင်ပေါ်သို့ ထွီခနဲ တံတွေးထွေးလိုက်မိလေသည်။

ဦးဝဏ္ဏလှိုင်နှင့်တပည့်နှစ်ဦးက မင်းဝေ၏အမူအရာကို ကြည့်ကာ တဟားဟား အော်ရယ်လိုက်ကြ၏။

ထိုစဉ်မှာပင် ဒေဝီက မင်းဝေ၏လက်ချောင်းများထဲသို့ တစ်စုံတစ်ရာကို ထည့်ပေးလိုက်ပြီးလျှင် တောင်မရှိးပင်ကို ပတ်ကာ ဟန်မပျက် ဆက်လျှောက်သွားလေသည်။

မင်းဝေမှာ ဒေဝီ လျှို့ဝှက်ထည့်ပေးလိုက်သည့်အရာကို လက်ချောင်းလေးများဖြင့် စမ်းကြည့်လိုက်ရင်း အံ့အားသင့်သွားသော်လည်း ဟန်မပျက်ပင် ထွီခနဲ တံတွေးတစ်ချက် ထပ်ထွေးလိုက်ရာ ဦးဝဏ္ဏလှိုင်တို့မှာ သဘောကျမဆုံးအောင် ဖြစ်နေကြတော့၏။

'ထွီ'

"ဟား ဟား ဟား ... ဒီကောင် လှုပါးပုလင်းကွဲထိခံရရင် အတော့်ကို မခံချိမခံသာ ဖြစ်နေပါလား ဒေဝီ ... ဟား ဟား ဟား"

ဒေဝီက ဦးဝဏ္ဏလှိုင်အား မျက်ခုံးပင့်ကြည့်လိုက်ရင်း ...

"ဦးလေး ... ဒီလူက လူပျော့ပါ၊ သူ့ရဲ့လက်ဆစ်ကလေး တစ်ဆစ်ကို ဦးလေးရဲ့ရှေ့မှာတင် ဒေဝီ လှီးဖြတ်ပြီးစစ်ပြမယ်။ ဖွင့်ပြောလာစေရမယ်၊ သူ့ရဲ့လက်နှစ်ဆစ်ထက် ပိုမဖြတ်ရပါဘူး ... ဟင်း ဟင်း၊ အဲ ... ဒါပေမဲ့ အခု ဒေဝီဗိုက်ဆာနေပြီ၊ အော့နှ နာစရာတွေ မကြုံတွေ့ရခင် မောင်လေးစက္ကချက်တဲ့ ဝက်ပေါင်ခြော သားဟင်းနဲ့ ညစာမြိန်မြိန်ကြီး စားလိုက်ပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ဦးဝဏ္ဏလှိုင်က သဘောကျစွာပြုံးရင်း ခေါင်းညိတ်ပြလိုက်၏။

"ဟား ဟား ဟား ...ကောင်းပါပြီဗျာ၊ ငါ့တူမကိုယ်တိုင် ဒီမိစ္ဆာကောင်ကို စစ်မေးချင်တယ်ဆိုလည်း သဘောပါပဲ၊ ကျုပ်က ပွဲကြည့်ပရိသတ်ပဲ လုပ်ပါ့မယ် ...ဟဲ ဟဲ"

ထို့နောက် သူတို့လူစုသည် ညစာထမင်းစားရန် ပြင်ဆင်ကြတော့၏။

ညနေရီ ဆည်းဆာက ညိုသည်ထက်ညိုလာခဲ့ပြီဖြစ်၏။

ဦးဝဏ္ဏလှိုင်တို့လူစုကား ညစာကို မြိန်ရေရှက်ရေ စားသောက်နေကြသော်လည်း မင်းဝေတို့ကို ငဲ့စောင်း၍မျှ မကြည့်ကြ။

မင်းဝေတို့အား ညစာအငတ်ထားကာ ငရဲပြည်သို့ပို့ရန်သာ ရည်ရွယ်ထားကြပုံရ၏။

မင်းဝေကမူ ယင်းအခြေအနေကို အခွင့်ကောင်းယူကာ လက်ထဲသို့ ရောက်လာသည့် မောင်းချဓားဖြင့် လက်ကောက်ဝတ်မှ ကြိုးကို ကျိတ်လှီးနေတော့သည်။

ဦးဝဏ္ဏလှိုင်တို့ ထမင်းစားသောက်မပြီးစီးမီမှာပင် မင်းဝေ၏ လက်ကောက်ဝတ်၌ ချည်တုပ်ထားသောကြိုးတို့ ပြတ်သွားချေပြီ။

ထိုစဉ်မှာပင် ...

ထူးခြားသောအခြေအနေတစ်ရပ်က မမျှော်လင့်ဘဲ ဖြစ်ပေါ်လာတော့သည်။

တောင်ကြားမြေကွက်လပ်၏ တစ်ဖက် သပွတ်သိမ်ချုံတို့၏ နောက်ရှိ မြက်ရိုင်းတောထဲ၌ လှန်ထားသော ဦးဝဏ္ဏလှိုင်တို့၏ မြင်းများသည် နှာတဖူးဖူးမှုတ်ကာ ဂနာမငြိမ် ဖြစ်လာကြ၏။

"ဟ ...မြင်းတွေ ဘာဖြစ်တာပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏလှိုင်က ထိုင်ရာမှ ထရပ်လိုက်သည်။

စက္ကာက နှစ်လုံးပြူးသေနတ်ကို ခါးချိုးကာ ကျည်ဖြည့်ရင်း . . .

“တောကောင်ကြီးတစ်ကောင်ကောင်ကို တွေ့လို့ဖြစ်မယ် ဦးလေး”

ဟု ပြောလိုက်ရာ စိန်ကြီးနှင့်ကြာဝင်းတို့ပါ ကပျာကသီ ထရပ်လိုက်ကြပြီး ခါးနောက်တွင် ထိုးထားကြသည့် ခြောက်လုံးပြူး သေနတ်တို့ကို ဆွဲထုတ်ကာ မောင်းတင်လိုက်ကြတော့၏။

မြင်းများကား နှာတဖူးဖူး ပြင်းစွာမှုတ်လျက် ခြောင်းဆန့်လျက်ရှိကြချေပြီ။

“အေး . . . ဟုတ်တယ်ကွ၊ အကောင်ဗလောင်တစ်ကောင်ကောင်ပဲ၊ စိန်ကြီး သွားကြည့်စမ်း”

စိန်ကြီးက ခြောက်လုံးပြူးကို အသင့်ကိုင်ရင်း သပွတ်သိမ်ချုံတို့ဘက်သို့ အပြေးတစ်ပိုင်း လှမ်းလျှောက်သွားစဉ် . . .

‘ဖြောင်း’

ပြင်းထန်သော ရိုက်ပုတ်သံကြီး ပေါ်ထွက်လာပြီးလျှင် မြင်းတစ်ကောင်မှာ ချုံများနောက်ကွယ်မှ လွင့်တက်လာလျက် မြေကွက်လပ်အလယ်သို့ ပြုတ်ကျလာတော့၏။

‘ဘုံး’

“ဟာ”

“ဟင်”

“အို”

ဦးဝဏ္ဏလှိုင်တို့လူစု ထိတ်လန့်တကြားဖြစ်သွားကြလေတော့၏။

‘ဟီ ဟီ အီ’

‘ဟစ် အစ် အစ်’



www.burmeseclassic.com

www.burmeseclassic.com



မြင်းတို့၏ ကြောက်လန့်တကြား ဟီသံတို့ စူးစူးဝါးဝါး ပေါ် ထွက်လာလျက်ရှိစဉ်မှာပင် တောရိုင်းတိရစ္ဆာန်ကြီးတို့၏ ဒေါသတကြီး မာန်ဖီသံကြီးများ ထွက်ပေါ်လာကာ ဖြောင်းခနဲ ဖြန်းခနဲ ရိုက်ပုတ် သံကြီးတို့ ဆက်တိုက်ထွက်ပေါ်လာတော့၏။

တစ်ချိန်တည်းမှာပင် သပွတ်သိမ်ချုံကြီးတို့သည် ယိမ်းခါသွား ကြပြီး မြင်းကြီးနှစ်ကောင်မှာ လေထဲမြောက်တက်လာလျက် ဦးဝဏ္ဏ လှိုင်တို့အနီးသို့ တဘုံးဘုံးဖြင့် ပြုတ်ကျလာတော့၏။

'ဘုံး'

'ဘုံး'

''အလိုလေး ... ဘယ်လိုဖြစ်တာလဲဟ''

ဦးဝဏ္ဏလှိုင်တို့လူစုမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြပြီး သေ နတ်များ အသင့်ကိုင်ကာ ရှေ့လည်းမတိုးဝံ့ နောက်လည်းမဆုတ်သာ ဖြစ်နေကြတော့သည်။

အားလုံး၏အသိစိတ်တွင် ကြီးမားကြောက်မက်ဖွယ်ကောင်း သော အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာပြီကို သိလိုက်ကြသဖြင့် မျက်လုံးမျက်ဆန်ပြူးလျက်ရှိကြရာ ဦးဝဏ္ဏလှိုင်တို့လူစု၏ အာရုံက သပွတ်သိမ်ချုံများနောက်ကွယ်မှ ထွက်ပေါ်လာမည့် အန္တရာယ်ဆီ ရောက်ရှိလျက်ရှိတော့၏။

ယင်းကို အခွင့်ကောင်းယူကာ မင်းဝေသည် သူ့အား တုပ် နှောင်ထားသည့် ကြိုးတို့ကို ဖြုတ်လိုက်ပြီးနောက် ဂျမဒါသာဒွန်းအား တုပ်ချည်ထားသည့် ကြိုးတို့ကိုလည်း ဓားဖြင့် ဖြတ်ပေးလိုက်လေတော့ သည်။

ထိုအချိန်မှာပင် မြင်းအချို့သည် ချည်တိုင်များမှ ရုန်းကာ ကွက်လပ်ကို အဟုန်ပြင်းစွာ ဒရောသောပါး ဖြတ်ပြေးလာကြရာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်ခြင်းကြီးစွာ ဖရိုဖရဲ ပြေးလွှားလာကြခြင်းဖြစ်သဖြင့် သူတို့၏ပြေးလမ်းမှ လွတ်အောင် ဦးဝဏ္ဏလှိုင်တို့ မနည်းရှောင်ရလေ၏။

'ဖြီး ဖြီး ဖြီး'

ထိုစဉ်မှာပင် တဖြီးဖြီးအသံကြီးများ ပေါ်ထွက်လာပြီး မြေပြင်ကို တဘုံးဘုံးရိုက်သံများ ထွက်ပေါ်လာကာ သပွတ်သိမ်ချုံကြီးများနောက်မှ ရှည်လျားသောပါးစပ်ကြီးများဖြလျက် တရွေ့ရွေ့ ရွေ့တိုးလာကြသည့် သတ္တဝါကြီးများကို အံ့သြဖွယ် တွေ့လိုက်ကြရတော့၏။

"ဟာ ... မိ မိကျောင်းကြီးတွေပါလား"

"အဲဒါ မိကျောင်းတွေ မဟုတ်ဘူး ... ဖွတ်ကြီးတွေ၊ သူတို့ရဲ့အမြီးဟာ ကြောက်စရာကောင်းတယ် ... သတိထားကြ"

စက္ကက အော်ဟစ်သတိပေးလိုက်ပြီး နောက်ဘက်သို့ ဖျတ်ခနဲလှည့်ကြည့်ကာ ...

"မမနှောင်းတို့ ပြေး ပြေး ... လွတ်အောင်ပြေးကြ"

ဟု ဒေဗီတို့ မိန်းကလေးနှစ်ဦးဘက်သို့ အော်ပြောလိုက်လေသည်။

ရောမဖွတ်ကြီးများသည်ကား ကမ္ဘာဦးသတ္တဝါကြီးများအလားဆင်မှတ်မှားရလေ၏။

သူတို့၏ ကြီးမားရှည်လျားလှသော ပါးစပ်ကြီးများကို ဖြရင်းခမ်းခေါင်းသံကြီးများဖြင့် အော်ဟစ်မာန်ဖီကာ ရှေ့သို့ တွားတက်လာကြသည့် ဖွတ်ကြီးများမှာ လေးငါးကောင်ခန့် ရှိလေသည်။

သူတို့၏ပါးစပ်ထဲမှ နီရဲသောလျှာမှာ ပြူတစ်ပြူတစ်ဖြင့် ထွက်လျက်ရှိပြီး ရှည်လျားတုတ်ခိုင်လှသည့် အမြီးကြီးများကို မြေပြင်ပေါ်သို့ တဘုံးဘုံးရိုက်ပုတ်နေရာ မြေအပြင်မှာ သိမ့်သိမ့်တုန်လျက်ရှိတော့၏။

"သူတို့ကို ဦးအောင်ပစ်ကြ"



www.burmeseclassic.com

www.burmeseclassic.com



စက္ကက အော်ဟစ်လိုက်ပြီး လက်ထဲမှ နှစ်လုံးပြူးဖြင့် ဖွတ်ကြီးများဆီသို့ စတင်ချိန်ရွယ်ပစ်ခတ်လိုက်လေသည်။

'ဒိုင်း'

ချက်ချင်းဆိုသလိုပင် ဖွတ်ကြီးများက ကိုယ်လုံးကြီးတို့ကို ရှေ့လက်နှစ်ဖက်ဖြင့် ထောက်ကာ ကြွတက်လိုက်ကြပြီး ရှေ့သို့ လွှားခနဲခုန်လိုက်ကာ သူတို့၏ ရှည်လျားကြီးမားလှသည့် အမြီးကြီးများဖြင့် အားကုန်ရိုက်ပုတ်လိုက်ကြတော့၏။

'ဖြောင်း'

'ဖြောင်း'

ဖွတ်ကြီးများကား ရှေ့နှင့်ဘေးမှ စစ်မျက်နှာနှစ်ရပ်ဖွင့်ကာ သဲကြီးမဲကြီး တစ်ဟုန်ထိုး တိုက်ခိုက်လာကြရာ ဖွတ်ကြီးတစ်ကောင်၏ အမြီးရိုက်ချက်က ကြာဝင်းကို မိမိရရ ရိုက်မိသွားသည်တွင် ကြာဝင်းမှာ အားခနဲအော်ကာ လွင့်မြောက်သွားတော့၏။

''ပစ် ပစ်''

ဦးဝဏ္ဏလှိုင်မှာ ကြက်သေသေနေရာမှ သတိ ဖျတ်ခနဲဝင်ကာ အော်ဟစ်အမိန့်ပေးလိုက်ရင်း သူကိုယ်တိုင်လည်း ဖွတ်ကြီးတို့ကို ဆက်တိုက်ပစ်ခတ်တော့သည်။

'ဒိုင်း'

'ဒိုင်း'

'ဒိုင်း'

ဖွတ်ကြီးများကား စစ်မျက်နှာနှစ်မျက်နှာမှ သုံးမျက်နှာအထိ ဖွင့်ကာ တစ်ဟုန်ထိုး ကြမ်းတမ်းစွာ တိုက်ခိုက်လာကြသလို သဖွတ်ခေါင်းဆောင်ကြီးတို့နောက်မှ နောက်ထပ်ဖွတ်ကြီးများ များပြားစွာ ထပ်ထွက်လာကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့ဖွတ်ကြီးများမှာ သေနတ်ကျည်တို့ ထိမှန်ပြီး သွေးသံရဲရဲဖြင့် သေဆုံးကုန်ကြသလို သူတို့၏အမြီးရိုက်ချက်တို့ကြောင့် ရွက်ဖျင်ဆဲတို့လည်း လွင့်စဉ်ပျက်စီးကုန်ကြတော့သည်။

ယမ်းငွေ့နှင့်ဖုန်မှုန့်တို့ ထောင်းထောင်းထသွားသည့် မြေကွက်လပ်ထဲတွင် ဖွတ်ကြီးတို့နှင့် လူသားတို့၏တိုက်ပွဲကား ငရဲပွက်သည့်အလား ပွက်လောရိုက်သံ ညံစီသွားတော့၏။

ဦးဝဏ္ဏလှိုင်၊ စိန်ကြီးနှင့် စက္ကတို့က လက်ထဲမှသေနတ်တို့ဖြင့် ကြသလို တဒိုင်းဒိုင်းပစ်ခတ်ခုခံနေရသလို ဖွတ်ကြီးတို့ကလည်း မည်းမည်းမြင်ရာကို အမြီးကြီးများဖြင့် ပုတ်ခတ်တိုက်ခိုက်ရာ တဒိုင်းဒိုင်း တဖောင်းဖောင်း တဖြန်းဖြန်းအသံများ ဆူညံသွားလျက် ဖွတ်ကြီးတို့အတုံးအရုံး ကျဆုံးကုန်ကြသလို စိန်ကြီးမှာ ဖွတ်ကြီးတစ်ကောင်က ခုန်ဝင်ကာ အမြီးဖြင့် ဦးခေါင်းထက်မှ ရိုက်ချခြင်းခံလိုက်ရသဖြင့် မြေပြင်ပေါ်ပစ်ကျကာ ဦးခေါင်းခွဲ ကွဲကြေသွားတော့သည်။

ဖွတ်ကြီးတစ်ကောင်၏ အမြီးရိုက်ချက်က ကျောက်တုံးကြီးတစ်လုံးကို ထိမှန်သွားပြီး ယင်းကျောက်တုံးက လွင့်ပျံကာ ဦးဝဏ္ဏလှိုင်၏ပခုံးကို ရှပ်ထိသွားရာ ဦးဝဏ္ဏလှိုင်မှာ နံဘေးရှိ ချုံတစ်ခုထဲသို့ ပစ်ကျသွားတော့၏။

'ဖောင်း'

'ဝုန်း'

'ဘုံး'

"အား"

ယမ်းငွေ့ဖုန်မှုန့်များအကြားတွင် ရှုပ်ထွေးလျက်ရှိစဉ် မင်းခေဝသည် မြေကွက်လပ်ကို ဖြတ်ပြေးပြီး ကြောက်ရွံ့ထိတ်လန့်ဘိုန်လှုပ်သဖြင့် ကြက်သေသေကာ ကြောင်တိကြောင်တောင်ဖြစ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ၏လက်ကို ဆွဲလိုက်ကာ ...

"ဒေဝီ ... လာ လာ"

ဟု ကျောက်တောင်ကြီးတစ်လုံး၏ နံဘေးရှိ ကျောက်လွှာချပ်ကြီးအပေါ်သို့ အတင်းဆွဲခေါ်သွားတော့၏။

"ရှင် ရှင်နှောင်း ... လာ"

ဒေဝီကလည်း သူမ၏အဖော် အမျိုးသမီးကို လက်ဆွဲခေါ်ပြီး သူတို့သုံးဦးသည် ကျောက်လွှာချပ်ကြီးအပေါ်သို့ ရောက်ရှိသွားကြပြီး ထိုမှ ကျောက်တောင်ကြီးကို ပတ်ပြေးကြရတော့သည်။

သူတို့၏နောက်ဘက်ရှိ ကျောက်တောင်ကြား မြေကွက်ထဲတွင်မူ တိုက်ခိုက်သံများ အော်ဟစ်မာန်ဖီသံများ၊ ရိုက်ပုတ်သံများ သေနတ်သံများ ဆူညံကျန်ရစ်ခဲ့ချေပြီ။

ထိုစဉ်မှာပင် အမှောင်ရိပ်တို့လွှမ်းလာကာ လရောင်က ဖြိုး ဖြိုးပြက်ပြက် ထွက်ပေါ်စပြုလာလေ၏။

"လာ လာ ... ဒေဝီ၊ ဒီနားဝန်းကျင်မှာ ဖွတ်ကြီးတွေ ရှိနေနိုင်သေးတယ်၊ သူတို့ရဲ့စက်ကွင်းက လွတ်အောင်ပြေးနိုင်မှ ဖြစ်မယ်"

မင်းဝေတို့သည် လရောင်ကိုအားပြုပြီး ချုံနွယ်ပိတ်ပေါင်းများ ကျောက်တုံးကျောက်ဆောင်များကို ကွေ့ပတ်ပြေးလာကြရာ ကျောက်တောင်ပေါ်သို့ တရွေ့ရွေ့ ပတ်တက်လာမိကြတော့၏။

အတော်မောဟိုက်မှ ကျောက်တောင်ခါးပန်းတစ်ခုပေါ် ရောက်ရှိသွားကြပြီး ...

"ဒီလောက်ဆို လွတ်လောက်ပါပြီ ... ဒီမှာ နားကြရအောင်"

ဟု မင်းဝေက ပြောလိုက်တော့သည်။

ထို့နောက် ကျောက်တောင်ကြီး၏နံရံကို မှီထိုင်ပြီး သူတို့ အမောအပန်းဖြေ လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝီ ... သူက ဘယ်သူလဲ၊ ဟို စက္ကဆိုတဲ့ကောင်လေး ရော"

အတော်အတန် အမောပြေသည့်၌ မင်းဝေက ရှင်နှောင်းဆို သာမိန်းကလေးကို မေးသတ်ပြကာ မေးလိုက်၏။

"သူက ဒေဝီ့သူငယ်ချင်း ရှင်နှောင်းပါ၊ မိုးကုတ်မှာ ရှင်နှောင်း က ဒေဝီရဲ့ အချစ်ဆုံးငယ်သူငယ်ချင်းပါပဲ၊ ဒေဝီ မိုးကုတ်ရောက်လာ တော့ ရှင်နှောင်းဆီသွားပြီး ဒီဝါးနက်တောဆီ သွားချင်တယ်, အဖော် လိုက်ခဲ့ပါလို့ ခေါ်ခဲ့တယ် ...၊

ရှင်နှောင်းက ဒီတောကို မလာစေချင်ပေမယ့် ဒေဝီက အတင်း သွားမယ်လို့ပြောတော့ ဒါဆို သူလည်းလိုက်ခဲ့မယ် ဆိုပြီး ဒေဝီ့ကို စိတ်မချလို့ လိုက်လာတာပါ၊ စက္ကကတော့ ရှင်နှောင်းရဲ့မောင်ပါ၊ သူက မုဆိုးတစ်ဦးပဲလေ၊ သူတို့ရဲ့အဘိုးက နာမည်ကျော်မုဆိုးကြီးပဲ၊ သူက အဘိုးဆီက အမွေဆက်ခံထားတာ၊ တောတောင်ကိုကျွမ်းတော့ သူတို့ပါ အဖော်ခေါ်လာရတာပေါ့"

"ဩော် ... ဒီလိုလား၊ နေပါဦး ... ဒီလောက်အန္တရာယ်များ သတဲ့ ဝါးနက်တောကြီးထဲ ဒေဝီက ဘာကိစ္စလာချင်ရတာလဲ"

ဒေဝီက အတန်ငယ် တုံ့ဆိုင်းဆိုင်းဖြစ်သွားပြီမှ ဖြေသည်။

"အမှန်အတိုင်းပြောရရင် ရှင့်ကို စိတ်မချလို့ပဲ၊ ဦးဝဏ္ဏလှိုင် တို့က ရှင့်အလာကို ဝါးနက်တောစပ်ကနေ စောင့်ဖမ်းပြီး ရှင့်ကို အရေးနှိပ်စက်မယ်ဆိုတာကို ကျွန်မ ကြိုသိခဲ့တယ်၊ ဒါပေမဲ့ ရှင့်ဆီကို ကြိုးနန်းရိုက်ပြီး အကြောင်းကြားဖို့ အခွင့်မသာလေတော့ ကိုယ်တိုင် လိုက်သွားပြီး သတိပေးမှဖြစ်မယ်လို့ ဆုံးဖြတ်ပြီး လိုက်လာခဲ့ရတာပဲ၊

မိုးကုတ်ဒေသဝန်းကျင်က ဇာတိမြေဆိုတော့လည်း သိပ်မစိုး ရိမ်သားလေ၊ ရန်ကုန်က ထွက်လာကတည်းက ရှင်နှောင်းဆီ အဖော်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ စိတ်ကူးပြီးသား၊ စက္ကပါ ပါတော့ ပိုကောင်းသွားတာပေါ့၊ ဟယ် ...စက္ကဆိုလို့ စက္ကလည်း ဒေဝီတို့နဲ့ လိုက်မလာပါလား ရှင်နော်"

"ငါ့မောင်လေးအတွက် မပူပါနဲ့၊ သူက တောကျွမ်းသည် ပါးလည်းပါးနပ်ပါတယ်၊ သူ ဖွတ်ကြီးတွေရဲ့ရန်က ရှန်းထွက်နိုင်မှာပါ"

"ဩော် ... ဒါထက် ကိုမင်းဝေနဲ့အတူပါလာသူဟာ ဘယ်သူ လဲဟင်"

"သူကလည်း ကိုယ့်သူငယ်ချင်းလို့, အစ်ကိုလို ခင်ရသူ အားကိုးရသူပါ၊ အင်္ဂလိပ်စစ်တပ်မှာ တာဝန်ထမ်းဖူးတဲ့ စစ်ပြန်ဂျူး တစ်ယောက်ပါ ဒေဝီ၊ ဂျမဒါသာဒွန်းပါ၊ ကိုယ်က ပထမ ဒေဝီကို အထင်လွဲခဲ့မိတာ ဒေဝီ ဦးဝဏ္ဏလှိုင်တို့နဲ့ ပူးပေါင်းသွားပြီး ကိုယ့်ကို ကောင်းကောင်းဒုက္ခပေးပြီလို့ ထင်တာ"

"အင်း ... အဲဒီလိုထင်စရာ ဖြစ်သွားခဲ့တယ်လေ၊ ဒေဝီတို့ မိုးမိတ်ကထွက်လာပြီး ဒီဝါးနက်တောထဲအဝင်မှာပဲ ဦးဝဏ္ဏလှိုင်တို့ နဲ့ ဆုံခဲ့ရတာ၊ ဦးဝဏ္ဏလှိုင်က ဒေဝီကိုတွေ့တော့ အံ့အားသင့်နေတယ် ဒေဝီ ဘယ်လိုဖြစ်ပြီး ဒီတောဆီ ရောက်လာတာလဲလို့ မေးတယ် အဲဒီတော့ ဒေဝီလည်း ကိုယ့်အကြံအစည်ကို သူ မရိပ်မိအောင် သူ့လူ ကိုယ့်ဘက်သားလုပ်လိုက်ရတာပေါ့ ...။

ကိုမင်းဝေဆီက စာလာတယ်၊ အဲဒီစာထဲမှာ ကြေးပုရပိုက်ထဲ က စာတွေကို ဆရာတော်ကြီးတစ်ဦးက ဘာသာပြန်ပေးလို့ ရတနာတွေ ထားတဲ့နေရာကို သိသွားပြီ၊ ဒါကြောင့် ဝါးနက်တောဆီ ကိုမင်းဝေတို့ လာနေပြီဖြစ်ကြောင်း သတင်းပေးချင်လို့ ဦးလေးတို့ရဲ့နောက် လိုက် လာတာလို့ ပြောလိုက်ရတယ်"

"အင်း ... ဒေဝီက ဖြတ်ထိုးဉာဏ်ကောင်းပါပေတယ်"

"အဲဒီလိုနည်းနဲ့ ဦးဝဏ္ဏလှိုင်ကို ဝင်ပူးပြီး သူတို့နဲ့အတူ ကိုမင်း

www.burmeseclassic.com

www.burmeseclassic.com



ဆအလာကို စောင့်နေခဲ့တာပဲ''

''ဟုတ်ပါပြီ ... အားလုံးရှင်းသွားပါပြီ''

ထိုစဉ် တောင်ခါးပန်း၏အစွန်းမှ ချုံပုတ်တစ်ခုလှုပ်သွားပြီး အစ်စုံတစ်ဦးက ကိုင်းမြက်ချုံများကြားမှ တိုးထွက်လာ၏။

လရောင်ဖြင့် ထိုသူ့ကို ပြက်ပြက်ထင်ထင်မြင်ရသည်။

''ဟာ ... မောင်လေးစက္က''

ရှင်နှောင်းက ထိုင်ရာမှထကာ သူ့မောင်ဆီ ပြေးသွားသည်။

''တော်ပါသေးရဲ့ ... မမက မောင်လေးအတွက် စိတ်ပူနေတာ''

''စိတ်ပူရန်ကော မမရယ် ... ကျွန်တော်က တောကျွမ်းပြီး သားပါဗျ''

''အေးပါကွယ် အေးပါ ... ဒါထက် ဟိုတောင်ကြားထဲမှာ ဘယ်လိုတွေဖြစ်ပြီး ကျန်ခဲ့သလဲဟင်''

''ဖွတ်ကြီးတွေက အရမ်းများလာတယ်၊ ဒီတောကြီးထဲမှာ ရောမဖွတ်ကြီးတွေ ရှိတယ်ဆိုတာ ကြားတော့ကြားဖူးတယ် ... ဒီလောက်ကြီးပြီး ဒီလောက်အကောင်ရေများမှန်း မသိဘူး၊ မမတို့ လွတ်သွားတာလည်း သေချာတော့ မောင်လေးလည်း ဟိုးဘက်က တောင်စောင်းပေါ် တဖြည်းဖြည်း ဆုတ်ခွာတက်ပြေးခဲ့ရတာပဲ၊ ဒါ တောင် ဖွတ်ကြီးတစ်ကောင်က မပြီးလိုက်လို့ ဟိုးဘက်က လျှိုထဲ လိုမ့်ချပြေးရတယ်၊ လုံးဝ မှောင်သွားပြီး လအတော်ထွက်လာမှ မမ တို့ရှိနိုင်မယ့် ဒီဘက်တောင်ကြောဆီ ပတ်လာခဲ့ရတာ''

''တော်ပါသေးရဲ့ ... ဦး ဦးဝဏ္ဏလှိုင်တို့ရော''

''အဲဒီလူကြီး ချုံပုတ်တစ်ခုထဲ ထိုးကျသွားတာတော့ တွေ့ လိုက်တယ်၊ နောက် ဘာဆက်ဖြစ်သလဲတော့ မသိဘူး၊ ဖုန်မှုန့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ယမ်းခိုးတွေဝေပြီး မှောင်ကလည်း မှောင်စပြုလာတော့ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘူး၊ ကိုယ့်အသက်ပဲ ကိုယ်လုပြေးခဲ့ရတာ"

မင်းဝေမှာ ဂျမဒါသာဒွန်းအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ သို့သော် ယနေ့ညအဖို့ ပြန်ရှာဖို့မှာ မဖြစ်နိုင်သဖြင့် လက်မှိုင်ချကာသာ နေရတော့မည် ဖြစ်၏။

စက္ကက တောင်ခါးပန်း၏အထက်နား၌ ကျောက်ဂူငယ်တစ်လုံးကို ရှာဖွေတွေ့ရှိသဖြင့် ယင်းတစ်ဝဂူလေးကိုပင် ရှင်းလင်းကာ မင်းဝေတို့ တစ်ညတာခိုနားဖို့ စီစဉ်ရတော့သည်။

ဒေဝီက သူမ၏ စလွယ်သိုင်း ဘက်အိတ်ထဲမှ ပေါင်မုန့်ခြောက်နှင့် ရေဘူးကို မင်းဝေအား ကမ်းပေးသည်။

ယင်းပေါင်မုန့်ခြောက်ကိုပင် ညစာအဖြစ်စားရင်း မင်းဝေက သူ ရောဝတီမြစ်ကမ်းပါးတွင် ဆာဒူးကြီးနှင့်ဆုံခဲ့ရပုံတို့ကို အသေးစိတ် ပြောပြလေ၏။

မင်းဝေ၏စကားဆုံးတော့ ဒေဝီက မှတ်ချက်ချသည်။

"ဟင် ... ဒါဆို ရေတံခွန်ကြီးကို ရှာတွေ့တာတောင် ရတနာ ထားတဲ့နေရာကို ရှာဖို့ ဘယ်လွယ်ဦးမှာလဲ ကိုမင်းဝေ"

"ဟုတ်တယ် ဒေဝီ၊ ဆာဒူးကြီးကတော့ သူလိုက်လာခဲ့မယ်လို့ ပြောတာပဲ"

"သူ လိုက်လာမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"အဲဒါတော့ ကိုယ်လည်း မပြောတတ်ဘူး ဒေဝီ၊ ဘာပဲဖြစ်ဖြစ် အဲဒီရေတံခွန်ကြီးဆီကိုတော့ ရောက်အောင်သွားကြည့်ချင်တယ်၊ ဆာဒူးကြီးပြောလိုက်တာက အဲဒီရေတံခွန်ကြီးရဲ့အောက်မှာ ဂူကြီးတစ်လုံးရှိပြီး အဲဒီဂူထဲမှာ ကျောက်စာတစ်ချပ်ကို တွေ့ရမယ်လို့ပြောတယ်၊ အဲဒါ ဟုတ်,မဟုတ် သွားကြည့်မယ်လို့ ဆုံးဖြတ်ပြီး လာခဲ့တာပဲ ဒေဝီ"



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ရှင်နှောင်းက သူ့မောင်ကို လှည့်မေးသည်။

"မောင်လေး ... အဲဒီရေတံခွန်ကြီးဘက်မှာရော ဖွတ်ကြီးတွေ ရှိနိုင်မလားဟင်"

"ဒါတော့ ဘယ်ပြောနိုင်မလဲ မမရဲ့ ... ဒီတောကြီးရဲ့နေရာအနှံ့မှာ သူတို့ရှိနိုင်တာပဲ"

"နေပါဦး ... သုံးဆယ်မင်းသားကြီးရဲ့လူယုံ အမတ်မင်း နိုအောင်းနေခဲ့တုန်းကရော အဲဒီဖွတ်ကြီးတွေရဲ့ ရန်မူတာ မခံရဘူးလား"

"အဲဒါ နှစ်အများကြီးကြာခဲ့ပြီလေ၊ အဲဒီတုန်းက ဒီတောကြီးထဲမှာ အဲဒီဖွတ်ကြီးတွေ မရှိသေးဘူးလို့ မုဆိုးကြီးတွေက ပြောဖူးတယ်၊ အဲဒီကောင်ကြီးတွေ ဒီဝါးနက်တောဘက် ရောက်လာတာ ဆယ်နှစ်ကျော်လောက်ပဲ ရှိသေးတယ်လို့ သိရတယ်"

ဒေဝီက ပခုံးနှစ်ဖက် တွန့်လိုက်သည်။

"ဖွတ်ကြီးတွေက ကြီးလိုက်တာနော်၊ ဒီလောက်ကြီးတဲ့ ဖွတ်ကြီးတွေရှိတယ်ဆိုတာ ကြားတောင်မကြားဖူးဘူး"

ဤတွင် စက္ကကရှင်းပြ၏။

"ဟုတ်တယ် ... အဲဒါကတော့ အတော်ထူးဆန်းတယ်၊ ကျွန်တော်တို့နိုင်ငံမှာ တွေ့ရတတ်တဲ့ဖွတ်က (၄) မျိုးလောက်ပဲ ရှိတယ်၊ အဲဒါတွေက ဖွတ်ညှင်းခံ, ဖွတ်ကျား, ရုံးဖွတ်နဲ့ ခတ်ချိုဖွတ်တို့ပဲ၊ အဲဒီအထဲမှာ ဖွတ်ညှင်းခံဟာ အကြီးဆုံးပဲ၊ ဒါပေမဲ့ ကြီးလှ အချိန် ၂၀-၃၀ လောက်ပါပဲ၊ အခု ကျွန်တော်တို့ ကြုံဆုံခဲ့ရတဲ့ ဖွတ်ကြီးတွေက ဖွတ်ညှင်းခံအမျိုးအစား ဖြစ်နိုင်ပေမယ့် ကြီးမားလွန်းတယ်ဗျ"

"မိုးမိတ်က မြင်းခြံပိုင်ရှင်ကတော့ ဟိမဝန္တာဖွတ်မျိုးလို့ ပြောတာပဲ မောင်စက္ကရဲ့"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ အစ်ကိုမင်းဝေ ... ဒီ အထက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ တောတောင်တွေက ဆက်စပ်နေတာဆိုတော့ သူတို့တွေ တောကူးပြီး မျက်စိလည်လာတာ ဖြစ်မှာပေါ့''

သို့ဖြင့် ညဥ့်နက်လာသည်တွင် အိပ်စက်ရန် ပြင်ဆင်ကြရလေသည်။ အမျိုးသမီးနှစ်ဦးကို ဂူအတွင်းပိုင်းတွင် အိပ်စက်စေပြီး ဂူအဝအနီး၌ မင်းဝေနှင့်စက္ကတို့က နေရာယူကာ တစ်ယောက်တစ်လှည့် ကင်းစောင့်ကြရလေ၏။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်ဂူကို တွေ့ရှိခြင်း

နောက်နေ့နံနက်တွင် အရုဏ်တက်လာသည်နှင့် စက္ကသည် အိပ်ရာမှထပြီး ဂူထဲမှ ထွက်သွားလေ၏။

နေထွက်ပြူလာချိန်တွင်မှ တောင်ခါးပန်းပေါ်သို့ စက္က ပြန်ရောက်လာရာ သူနှင့်အတူ ကျောပိုးအိတ်နှစ်လုံးနှင့် ၄၅ ဗို့ ပစ္စတိုပါလာခဲ့လေသည်။

"မောင်လေး ... နင် ဘယ်သွားတာလဲ၊ မမတို့နိုးလို့ ကြည့်တော့ မောင်လေးကိုမတွေ့လို့ စိတ်ပူနေတာ"

"တောင်ကြားလွင်ပြင်ကွက်လပ်ဆီ ပြန်သွားကြည့်တာ"

"ညီလေး ... အဲဒီမှာ ကိုသာဒွန်းကို တွေ့ခဲ့သလား"

"မတွေ့ခဲ့ဘူး အစ်ကိုမင်းဝေ၊ သူရော ဦးဝဏ္ဏလှိုင်ပါ အခိုင်အယောင်တောင် မတွေ့ဘူး၊ ကြာဝင်းနဲ့စိန်ကြီးတို့ရဲ့ အကြောင်းတွေပဲ တွေ့တယ် ...၊

ဖွတ်ကြီးတွေလည်း အတုံးအရုံး လဲလျောင်းနေကြတာ မြင်း

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကနေ လွတ်မြောက်သွားပြီး တောတောင်ထဲမှာ ကိုယ့် တို့ကို လိုက်ရှာနေတယ်နဲ့ တူတယ်၊ တောတွင်းတစ်နေရာရာမှာတော့ ပြန်တွေ့ကြမှာပေါ့''

''ဒေဝီတို့ ဘာဆက်လုပ်ကြမလဲ ကိုမင်းဝေ''

''ရေတံခွန်ကြီးကို ရှာကြမယ် ဒေဝီ၊ ကိုသာဒွန်းနဲ့တော့ တစ်နေရာရာမှာ ပြန်ဆုံမှာပါ''

သို့ဖြင့် မင်းဝေတို့လူစုသည် တောင်ကြားလွင်ပြင်ကို ကျောခိုင်းကာ တောနက်ထဲ တိုးခဲ့ကြတော့၏။

ဤတောဤတောင်ကား ထူးခြားလွန်းပေစွ။

အခြားတောတောင်များကဲ့သို့ ကျေးငှက်သာရကာတို့၏ ညံစီစီ အသံ၊ မျောက်တို့၏ အော်သံ၊ ဒေါင်းတွန်သံ၊ ဆတ်တစ်သံ စသည်တို့ကို မကြားရလှဘဲ အများအားဖြင့် တောတောင်အလုံးသည် ပကတိ တိတ်ဆိတ်လျက်ရှိလေ၏။

ချေ၊ ဒရယ်တို့၏ အရိပ်အယောင်လည်း မတွေ့ရချေ။ အဘယ် အရပ်တွင် ပုန်းခိုနေကြသည်မသိ။

ယခင်က ဤတောနက်ကြီးတွင် တောဆင်ရိုင်းများရှိသည်ဟု ကြားဖူးသော်လည်း ယခုမူ တစ်ကောင်တစ်မြီးမှ မတွေ့ရချေ။

''ဖွတ်ကြီးတွေရဲ့ရန်ကြောင့် ဆင်အုပ်တွေ မြစ်ညာဘက် ပြောင်းကုန်တာဖြစ်မယ် အစ်ကိုမင်းဝေ''

ကြောက်မက်ဖွယ်သတ္တဝါကြီးတွေ မင်းမူနေသည့် တောမို့လား မသိ ...။

တစ်တောတစ်တောင်လုံး ချောက်ချားဖွယ် တိတ်ဆိတ်ပုံနေသည်။

မင်းဝေတို့သည် ချုံနွယ်ပိတ်ပေါင်းထူထူများ နက်ရှိုင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကနေ လွတ်မြောက်သွားပြီး တောတောင်ထဲမှာ ကိုယ့် တို့ကို လိုက်ရှာနေတယ်နဲ့ တူတယ်၊ တောတွင်းတစ်နေရာရာမှာတော့ ပြန်တွေ့ကြမှာပေါ့''

''ဒေဝီတို့ ဘာဆက်လုပ်ကြမလဲ ကိုမင်းဝေ''

''ရေတံခွန်ကြီးကို ရှာကြမယ် ဒေဝီ၊ ကိုသာဒွန်းနဲ့တော့ တစ်နေရာရာမှာ ပြန်ဆုံမှာပါ''

သို့ဖြင့် မင်းဝေတို့လူစုသည် တောင်ကြားလွင်ပြင်ကို ကျောခိုင်းကာ တောနက်ထဲ တိုးခဲ့ကြတော့၏။

ဤတောဤတောင်ကား ထူးခြားလွန်းပေစွ။

အခြားတောတောင်များကဲ့သို့ ကျေးငှက်သာရကာတို့၏ ညံစီစီအသံ၊ မျောက်တို့၏ အော်သံ၊ ဒေါင်းတွန်သံ၊ ဆတ်တစ်သံ စသည်တို့ကို မကြားရလှဘဲ အများအားဖြင့် တောတောင်အလုံးသည် ပကတိတိတ်ဆိတ်လျက်ရှိလေ၏။

ချေ၊ ဒရယ်တို့၏ အရိပ်အယောင်လည်း မတွေ့ရချေ။ အဘယ်အရပ်တွင် ပုန်းခိုနေကြသည်မသိ။

ယခင်က ဤတောနက်ကြီးတွင် တောဆင်ရိုင်းများရှိသည်ဟု ကြားဖူးသော်လည်း ယခုမူ တစ်ကောင်တစ်မြီးမှ မတွေ့ရချေ။

''ဖွတ်ကြီးတွေရဲ့ရန်ကြောင့် ဆင်အုပ်တွေ မြစ်ညာဘက်ပြောင်းကုန်တာဖြစ်မယ် အစ်ကိုမင်းဝေ''

ကြောက်မက်ဖွယ်သတ္တဝါကြီးတွေ မင်းမူနေသည့် တောမို့လားမသိ ...။

တစ်တောတစ်တောင်လုံး ချောက်ချားဖွယ် တိတ်ဆိတ်ပို့နေသည်။

မင်းဝေတို့သည် ချုံနွယ်ပိတ်ပေါင်းထူထူများ နက်ရှိုင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်အကြိုအကြားများအနီးသို့ရောက်လျှင် သတိကြီးစွာထားကြရလေ၏။

ယင်းသို့ သတိထားနေသည့်ကြားမှ ကျောက်တောင်ကုန်းတစ်ခုကို ဖြတ်ကျော်တက်ကြစဉ် ကျောက်ချပ်လွှာကြီးတစ်ခုနှင့် တစ်သားတည်းဖြစ်နေသည့် ရောမဖွတ်ကြီးတစ်ကောင်ကို ရုတ်တရက် သတိမမူမိကြချေ။

သူတို့သည် ယင်းကျောက်ချပ်လွှာကြီး၏နံဘေးမှ ဆူးချုံတစ်ခုကို ကွေ့ရှောင်လိုက်ကြစဉ် ...

'ဖြီး'

''ဟာ''

''အို''

ဖွတ်ကြီး၏ မာန်ဖီသံကြီးကို ရုတ်တရက်ကြားလိုက်ရသည်နှင့် အတွေ့အကြုံရှိထားကြသူများပီပီ မြေအပြင် မြက်တောထဲသို့ လိမ့်ချဝပ်လိုက်ကြလေ၏။

'ဝှီး'

ရောမဖွတ်ကြီး၏ အမြီးတုတ်တုတ်ကြီးက သူတို့၏ခေါင်းပေါ်မှ အဟုန်ပြင်းစွာ ဖြတ်သွားပြီး တောင်သလဲပင်၏ ပင်စည်ကို ရိုက်ချလိုက်တော့သည်။

'ဖြောင်း'

တောင်သလဲပင်၏ ပင်စည်မှာ ထက်ပိုင်းကျိုးသွားပြီး ဖွတ်ကြီး၏ကိုယ်လုံးကြီးသည်လည်း ကျောက်ချပ်လွှာပေါ်တွင် ကုန်းကုန်းကွကွကြီး ဖြစ်နေလေ၏။

သူ ထပ်မံရန်မမူနိုင်မီမှာပင် သူ၏ဝမ်းဗိုက်ပူပူကြီးထဲသို့ မင်းဝေက ပစ္စတိုကျည်နှစ်တောင့် ပစ်သွင်းလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း'

'ဒိုင်း'

'ဖြိုး ဖြိုး ဖြိုး'

ဖွတ်ကြီးသည် သေနတ်မှန်သွားသည့်တိုင် အတင်းရုန်းထ မာန်ဖီကာ အမြီးဖြင့် ရိုက်လိုက်ပြန်၏။

မင်းဝေတို့က မြေပြင်ပေါ် ဝပ်ချလိုက်ကြသဖြင့် သူတို့၏ခေါင်း ပေါ်မှ ဝီခေါ်အောင် ဖြတ်သန်းသွားပြီးနောက်မှာမူ ဖွတ်ကြီးမှာ အကြောဆွဲလျက်ရှိတော့သည်။

သူတို့သည် ယင်းဖွတ်ကောင်ကြီးအား ကွေ့ပတ်ရှောင်ကာ ကျောက်တောင်ကုန်းကို ဖြတ်တက်ခဲ့ကြပြီး တောင်ကျောပေါ်မှ ဆင်းခဲ့ ကြလေ၏။

ယင်းသို့ဖြင့် တောင်ကုန်းလျှိုမြောင်တို့ကို တစ်နေကုန် ဖြတ် သန်းလာခဲ့ကြရာ စမ်းချောင်းငယ်များနှင့် ရေတံခွန်ငယ်တို့ကိုသာ တွေ့ ရှိခဲ့ကြရသော်လည်း ရေတံခွန်ကြီးကြီးကိုမူ မတွေ့ရသေးချေ။

ထိုညအဖို့ သစ်ပင်မြင့်မြင့်များပေါ် တက်ကာ ခွဆုံကောင်း ကောင်းတို့၌ အိပ်စက်ခဲ့ကြပြီး နောက်နေ့နံနက်တွင် ဖွဲနပဲကြီးစွာဖြင့် ရှာပုံတော် ဆက်ဖွင့်ကြရာ မွန်းလွဲပိုင်းခန့်တွင် ရေကျသံတဝေါဝေါကို သဲ့သဲ့ကြားလာရလေသည်။

သူတို့သည် ဝမ်းသာအားတက်စွာဖြင့် ရေကျသံကြားရာ လျှိုမြောင်ကြီးထဲ သတိထား ဆင်းခဲ့ကြလေ၏။

နက်ရှိုင်းလှသည့် လျှိုကြီးထဲသို့ နွယ်ပင်များကို ဆွဲကာထိန်း ကာဖြင့် ခြေချော်ကျမသွားအောင် သတိထားလျက် ဆင်းနေကြစဉ် ရှေ့ဆုံးမှ စက္ကက ဦးဆောင်ဆင်းသွားကာ သူ့နောက်မှ ရှင်နှောင်းက ဆင်းပြီး ရှင်နှောင်း၏နောက်မှ မင်းဝေက လိုက်ဆင်းလျက် နောက်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆုံးမှ ဆင်းလိုက်လာသည့် ဒေဝီကို စောင့်ခေါ်နေရလေသည်။

ခြေအကုပ်ရခက်သော မြေပြောင်ပြောင်အဆင်းတစ်ခုကို ဒေဝီ ခြေလှမ်းဆင်းလိုက်သည်တွင် ခြေချော်ထွက်သွားပြီး ခန္ဓာကိုယ်လေးက တစ်ပတ်လည်သွားရလေ၏။

"အို"

သူမက နွယ်တစ်နွယ်ကို လက်တစ်ဖက်ဖြင့် ခိုထားသော ကြောင့် ခန္ဓာကိုယ်က တွဲလောင်းဖြစ်သွားသော်လည်း လက်အံသေကာ နွယ်ကိုလွှတ်လိုက်မိသည်တွင် အောက်သို့ ပစ်ကျတော့သည်။

သို့သော် သူမ၏အောက်ဘက် တစ်လံအကွာမှနေ၍ မင်းဝေ က ဆီးပွေ့လိုက်ရာ ဒေဝီ၏ကိုယ်လုံးအိအိလေးမှာ မင်းဝေ၏ရင်ခွင်ထဲ ထွေးခနဲ ဖြစ်သွားတော့၏။

ရှေ့အောက်ဘက် အကွေ့အချိုးတွင် နဘူးချုံများ ခံနေသဖြင့် သူတို့၏ဖြစ်အင်ကို ရှေ့မှဆင်းသွားကြသည့် ရှင်နှောင်းတို့မောင်နှမက သတိမပြုမိချေ။

"အို . . . ရင်ကိုတုန်သွားတာပဲ"

ဒေဝီက အရှက်ပြေပြောရင်း မင်းဝေ၏ရင်ခွင်ထဲမှ အသာ ခွာကာ ကုန်းအဆင်းမှ အပင်ငယ်တစ်ပင်၏ ပင်စည်ကို ကိုင်လျက် ရပ်လိုက်သည်။

"ကိုယ်လည်း ရင်ခုန်သွားတယ် ဒေဝီ"

မင်းဝေက ပြုံးစနဲ့နဲ့ အမူအရာဖြင့်ပြောလိုက်ရာ ဒေဝီက မျက်စောင်းလေးခဲလိုက်ပြီး . . .

"ဟွန်း . . . ရှင် အရင်ကရော ဒေဝီနဲ့ပတ်သက်ပြီး ရင်မခုန် ဖူးဘူးလား"

ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမက ရှေ့မှ တစ်လှမ်းဆက်ဆင်းလိုက်ရာ မင်းဝေက သူမ၏လက်မောင်းအိုးလေးတစ်ဖက်ကို ထိန်းကိုင်ပေးရင်း ခပ်တိုးတိုး ပြောလိုက်သည်။

"မှန်တာပြောရရင် ဒေဝီ့ကို တွေ့စကတည်းက ရင်ခုန်ချင်ခဲ့တာပါ၊ ဒါပေမဲ့ ကိုယ့်မှာ ဇနီးမယားရှိနေတော့ သစ္စာမဲ့သူဖြစ်မှာစိုးလို့ ရင်မခုန်မိအောင် စောင့်စည်းခဲ့ရပါတယ်၊ ရင်ခုန်မိမှာစိုးလို့လည်း ဒေဝီနဲ့ ရင်ဆိုင်တွေ့တိုင်း ဘုဘောက်ပြောခဲ့တာပါ ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ ... ဟင်"

"ကိုယ့်ဇနီး ဆုံးပါးသွားပြီးတဲ့နောက်မှာ ကိုယ့်ရဲ့စိတ်ဟာ လေလွင့်ခဲ့ရတယ်၊ အဲဒီလို စိတ်တွေလေ လေလွင့်တဲ့အခါတိုင်း ကိုယ့်ရဲ့စိတ်ထဲမှာ ပြင်းပြင်းထန်ထန် သတိရမိတာဟာ ဒေဝီ့ကိုပါပဲ၊ အဲဒီလို စေတသိက်မျိုး ဖြစ်ပေါ်လာရတာဟာလည်း သံယောဇဉ်ကြောင့် လို့ ကိုယ်ထင်တယ် ဒေဝီ"

"သံယောဇဉ် ... ဟုတ်လား"

"ဟုတ်တယ် ဒေဝီ"

"ဒေဝီလည်း မြတ်မဟာစံအိမ်ကြီးကနေ ရှင်ထွက်သွားကတည်းက ရှင့်ကို သတိရနေမိတယ်၊ ပြီးတော့ ရှင်တစ်ခုခုဖြစ်မှာ စိုးရိမ်ပြီး ဒီခရီးကို စွန့်စားလိုက်လာမိတယ်၊ အဲဒါဟာ သံယောဇဉ် ကြောင့်များလားရှင်"

ပြောရင်း ဒေဝီက အောက်ဘက်သို့ ခြေတစ်လှမ်းလှမ်းလိုက်စဉ် မင်းဝေက သူမ၏လက်မောင်းအိုးတစ်ဖက်ကို ဖမ်းဆုပ်ကိုင်လိုက်ပြီး သူ့ဘက်သို့ ခပ်ဖြည်းဖြည်း ဆွဲလှည့်လိုက်လေသည်။

အလိုက်သင့်ပါလာသော ဒေဝီ၏မျက်ဝန်းတို့တွင် နည်းသည့် သံယောဇဉ် အရိပ်အယောင်တို့ ယှက်သန်းနေသည်ကို မင်းဝေ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

သူနှင့်သူမတို့သည် ရင်ချင်းအပ်မတတ် နီးကပ်စွာ ရပ်နေကြရင်း တစ်ဦး၏မျက်ဝန်းတို့ကို တစ်ဦးက စိုက်ငေးကြည့်လျက်ရှိကြသည်။

ယင်းသို့ ရွှန်းရွှန်းစားစားကြည့်နေကြရင်း သူနှင့်သူမတို့၏ မျက်ဝန်းများတွင် ချစ်ရည်တို့ ရွှန်းလဲ့လာကြတော့၏။

မင်းဝေသည် တဆတ်ဆတ်တုန်နေသည့် ဒေဝီ၏ နှုတ်ခမ်းဖူးဖူးလေးကို ငေးကြည့်ရင်းမှ စိတ်ချွန်းကိုဖွင့်လိုက်ကာ သူမကို အားပါးတရ ဆွဲဖက်လိုက်တော့သည်။

သူနှင့်သူမတို့ နှစ်ကိုယ့်တစ်ကိုယ် ပူးကပ်စွာ စိတ်လွတ်ကိုယ်လွတ် တစ်ဦးကိုတစ်ဦး အားပါးတရ ဖက်လိုက်ကြစဉ်မှာပင် ...

"ဟေး ... တွေ့ပြီ တွေ့ပြီ"

"ရေကာံခွန်ကြီး တွေ့ပြီ"

ဟူသော စက္က၏ ဝမ်းသာအားရအော်ပြောသံကို လှိုကြီးအောက်ဘက်မှ ကြားလိုက်ရပါတော့သတည်း။

✸

"အို ... ရေတံခွန်ကြီးကို တွေ့ပြီဆိုပဲ"

"ဟုတ်ပါရဲ့ ... ရေတံခွန်ကြီးကို တကယ်တွေ့ပြီ ထင်တယ်"

စက္က၏အော်ဟစ်သံကြောင့် မင်းဝေတို့သည် သတိ ဖျတ်ခနဲဝင်သွားကြပြီး သက်ပြင်းကိုယ်စီချကာ မချင့်မရဲဖြင့် တစ်ဦးကိုတစ်ဦး လွှတ်လိုက်ကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မင်းဝေက ရှေ့မှဦးဆောင်ကာ နွယ်တို့ကို ထိန်းကိုင်ရင်း လှိုဏ်ကြီး၏အခြေသို့ ဆင်းလာခဲ့ရာ ဒေဝီက နောက်မှလိုက်ပါလာခဲ့လေသည်။

လှိုဏ်ကြီး၏အောက်ခြေ ရောက်လာလေ ရေကျသံတဝေါဝေါကို ကြားရလေဖြစ်၏။

လှိုဏ်အောက်ခြေသို့ ရောက်သွားသည့်အခါမှာမူ ပျော်မြူးနေကြသည့် ရှင်နှောင်းနှင့်စက္ကတို့က အမြင့်ပေ တစ်ရာကျော်ခန့်ရှိမည်ဖြစ်သော ရေတံခွန်ကြီးကို လက်ညှိုးညွှန်ပြရင်း ဝမ်းသာအားရ ဆီးပြောကြလေသည်။

"အစ်ကိုမင်းဝေ တွေ့ပြီဗျ ... ဒီရေတံခွန်ကြီးပဲ"

"ဟုတ်တယ် ဒေဝီ၊ တွေ့လား ... ရေတံခွန်ရဲ့နောက်ဘက်မှာ ဂူတစ်ဂူရဲ့အဝလိုလို တွေ့နေရတယ် သူငယ်ချင်း"

ရေတံခွန်က မြင့်မားသော်လည်း ရေလျှာက ဆောင်းတွင်းဘက်မို့ ရေအကျနည်းပြီး ပါးလွှာရာ ယင်းရေလွှာကို ဖြတ်ကာ ရေတံခွန်၏နောက်ကျောမှ ဂူပေါက်အား တွေ့နေရလေသည်။

သို့ဖြင့် သူတို့သည် တသွင်သွင်စီးဆင်းနေသော စမ်းချောင်း၏နံဘေးမှ ပတ်သွားကာ ရေတံခွန်ကြီး၏အနီးသို့ ချဉ်းကပ်သွားကြလေ၏။

ပြီးလျှင် ရေညှိတို့ဖြင့်ချောနေသော ကျောက်တုံးတို့ကို ဂရုထားဖြတ်ကျော်ကာ ရေတံခွန်ကြီး၏အနောက်ဘက်သို့ စီတန်းလျက်တရွေ့ရွေ့ ဝင်ရောက်ခဲ့ကြလေသည်။

ရေမှုန်ရေမွှားတို့က သူတို့၏ဦးခေါင်းပေါ်မှ တဖွားဖွား ဖြတ်ကျော်ကျရောက်လျက်ရှိသည်ကို ခံစားရပြီး ဝန်းကျင်တစ်ခုလုံးသည်လည်း အေးစိမ့်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ မင်းဝေတို့သည် မူလရည်မှန်းထားသည့် အတိုင်း ရေတံခွန်ကြီး၏နောက်ဘက်ရှိ ဂူကြီးထဲသို့ ဝင်လာနိုင်ခဲ့ပြီး ဖြစ်ပါသတည်း။

✺ ✺ ✺

www.burmeseclassic.com

www.burmeseclassic.com



## အသက်လုပွဲ

ရေတံခွန်အား ဖြတ်သန်းဝင်ရောက်လျက်ရှိသော နေ၏ အလင်းရောင်ကြောင့် ပေသုံးလေးဆယ်ပတ်လည်ခန့် ကျယ်ဝန်းသည့် ဂူကြီးထဲတွင် အတွင်းဂူလိုဏ်ဝနှစ်ခုကို တွေ့ရလေသည်။

ယင်းဂူလိုဏ်ဝတို့၏အလယ်၌ ဂူနံရံကို မှီထောင်ထားသည့် ကျောက်လွှာချပ်ကြီးတစ်ချပ်ကို တွေ့ရပြီး ယင်းကျောက်လွှာချပ်ကြီး ပေါ်၌ အက္ခရာစာလုံးအချို့ ရေးထွင်းထားသည်ကို တွေ့ရလေ၏။

အဆိုပါအက္ခရာစာလုံးတို့မှာ ကြေးပုရပိုက်ပေါ်မှအက္ခရာ စာလုံးတို့နှင့် အတော်တူလေသည်။

"ဒါ ဆာဒူးကြီးပြောသလို ရှေးအကျဆုံး သက္ကတအက္ခရာ တွေနဲ့ ရေးထွင်းထားတာပဲ"

ဤတွင် ဒေဗီက မျက်မှောင်လေးကြုတ်ကာ မေးတော့သည်။

"နေပါဦး ကိုမင်းဝေ ... ဒါတွေဟာ အမတ်ကြီးဦးသက္က ရေးထွင်းထားတဲ့ စာအက္ခရာတွေပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒေဝီ"

"ဒါဆို အမတ်ကြီးဦးသက္ကဟာ ဒီဂူလိုဏ်ကြီးထဲမှာ ရတနာတွေ လာဝှက်ထားခဲ့တယ်ပေါ့"

"ဟုတ်တယ် ... ကြေးပုရပိုက်ထဲမှာ အဲဒီလိုပဲ ရေးထိုးမှတ်တမ်းတင်ထားတယ်လို့ ဆာဒူးကြီးကပြောတယ်"

"ထားပါတော့ ... သူက အဲဒီလို ရှေးသက္ကတဘာသာနဲ့ ရေးထားတော့ သူ့ရဲ့အရှင်သခင် သုံးဆယ်မင်းသားကြီးကရော ဖတ်တတ်လို့လားရှင့်"

"ဖတ်တတ်လို့ရေးခဲ့တာဖြစ်မှာပေါ့ ဒေဝီ၊ သုံးဆယ်မင်းသားကြီးဟာလည်း မက္ခရာမင်းသားကြီးတို့လိုပဲ စာပေပညာလိုက်စားတဲ့ မင်းသားကြီးတစ်ပါးလို့ ရာဇဝင်သမိုင်းမှာ, မှတ်တမ်းတွေမှာ တွေ့ဖူးတယ်"

"ဒီကျောက်လွှာပေါ်က စာအက္ခရာတွေကို ဖတ်တတ်မှ ဒီလိုဏ်ဂူကြီးထဲမှာ အမတ်ကြီးမြှုပ်နှံသိုဝှက်ထားတဲ့ ရတနာတွေကို ရှာလို့ တွေ့မှာပေါ့နော်"

"ဟုတ်တယ် ဒေဝီ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲဟင် ... ဒီစာအက္ခရာတွေကို ဒေဝီတို့ထဲက ဘယ်သူမှ မဖတ်တတ်တာ၊ ကိုမင်းဝေရဲ့ ဆာဒူးကြီးကလည်း ဒီကိုလိုက်လာမယ်ဆိုပြီး လိုက်မလာပါလား"

စက္ကကလည်း ခေါင်းယမ်းလိုက်သည်။

"ဒီလို တောကြီးမျက်မည်း အန္တရာယ်ထူထပ်တဲ့ နေရာမျိုးကို ဘယ်လိုလုပ်ပြီး လိုက်လာမှာလဲဗျာ၊ ကျွန်တော်တို့ဘာသာ ဒီဂူလိုဏ်တွေထဲ ဝင်ရှာမှ ဖြစ်မှာပေါ့"

ဤတွင် ရှင်နှောင်းက ဝင်တား၏။

www.burmeseclassic.com

www.burmeseclassic.com



"နေဦး မောင်လေး ... ဒီကျောက်လွှာချပ်ပေါ်က အညွှန်းတွေကို အမတ်ကြီးဦးသက္ကက အကြောင်းမဲ့ရေးခဲ့မှာ မဟုတ်ဘူး"

ဒေဝီကလည်း ထောက်ခံသည်။

"ဟုတ်တယ် ... ရှေးလူကြီးတွေဟာ ဘယ်အရာကိုမှ အကြောင်းမဲ့ မလုပ်ကြဘူး၊ ဒီဂူလိုဏ်တွေထဲ စွတ်ဝင်လို့မဖြစ်ဘူး အထဲမှာ အန္တရာယ်မျိုးစုံ ရှိနိုင်တယ်"

"ဟာ မမတို့ကလည်းဗျာ ... ဒီလိုနေရာကို ခက်ခက်ခဲခဲ အရောက်လာပြီးမှ ဝင်မရှာလို့ ဖြစ်မလားဗျ၊ ရတနာတွေနဲ့ လက်တစ်ကမ်းအလိုကိုရောက်နေမှ ဝင်ရှာကြရအောင်ဗျာ၊ အစ်ကိုမင်းဝေရဲ့ ဆာဒူးကြီးက အလကားပါ ... လေကျယ်လိုက်တာပါ၊ သူ ဒီလိုနေရာကို ဘယ်လိုလုပ်ပြီး လိုက်လာမှာလဲ"

စက္ကက လူငယ်ပီပီ စိတ်မရှည်တော့သဖြင့် ဆာဒူးကြီးအား နှင့်နှင့်နဲနဲ အပြစ်တင်ပြောဆိုလိုက်လေ၏။

ထိုစဉ်မှာပင် ဂူလိုဏ်ဝကြီးရှေ့မှ ရေမှုန်ရေမွှားတို့ကို ဖြတ်သန်းကာ လူရိပ်တစ်ခုက ဂူကြီးထဲသို့ တရွေ့ရွေ့ဝင်လာတော့ရာ မင်းဝေတို့လူစုမှာ ဖျတ်ခနဲ လှည့်ကြည့်လိုက်ကြလေသည်။

မင်းဝေက ထိုလူရိပ်အား ၄၅ မီ့ ပစ္စတိုဖြင့် ချိန်လိုက်သလို စက္ကကလည်း နှစ်လုံးပြူးသေနတ်ဖြင့် အသင့်ချိန်လိုက်လေ၏။

ထိုလူရိပ်ကမူ တည်တည်ငြိမ်ငြိမ်ပင် ဂူထဲသို့ တစ်လှမ်းချင်းလှမ်းကာ ဝင်ရောက်လာတော့သည်။ ယင်းပုဂ္ဂိုလ်အား သဲကွဲစွာမြင်ရမှ မင်းဝေမှာ လွန်စွာအံ့ဩဝမ်းသာသွားတော့သည်။

"ဟာ ... ဆာဒူးကြီးပါလား"

မင်းဝေက အပြေးလှမ်းသွားကာ ဆာဒူးကြီး၏လက်ကို ဝမ်းသာအားရ ဆုပ်ကိုင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆာဒူးကြီး လိုက်လာတယ်နော်၊ မိုးပေါ်ကနေ အချိန်ကိုက် ကျလာသလိုပါလားဗျာ၊ ဒီနေရာကို ဘယ်လိုလုပ်များ လိုက်လာသလဲ ... အံ့စရာပဲ"

ဆာဒူးကြီးက သူတို့အားလုံးကို အေးဆေးစွာကြည့်ရင်း ပြုံးလိုက်လေသည်။

"ကျွန်ုပ် ဒီကိုလိုက်လာမယ်လို့ ပြောလိုက်တယ် မဟုတ်လား။ ပြောထားတဲ့စကားအတိုင်း ရောက်အောင်လာဖို့က ကျွန်ုပ်ရဲ့တာဝန် ပဲလေ ကောင်လေးရဲ့"

"ဟုတ်ပါတယ် ဆာဒူးကြီးရယ် ... ကျွန်တော်ဖြင့် ဝမ်းသာ လိုက်တာ၊ ဟောဒီ ကျောက်လွှာချပ်ပေါ်က စာအက္ခရာတွေရဲ့ အဓိပ္ပာယ်ကို ဖော်ပေးပါဦးဗျာ၊ ဆာဒူးကြီးရဲ့ကျေးဇူး မမေ့ပါဘူး"

ဆာဒူးကြီးက ကျောက်လွှာချပ်ကြီးအား ခပ်ပြုံးပြုံးအမူအရာ ဖြင့် စေ့စေ့ကြည့်လိုက်ပြီးနောက် ဆေးဆေးစွာ ပြောလေ၏။

"ကျွန်ုပ် အဓိပ္ပာယ်ဖော်ပေးပါ့မယ် မပူပါနဲ့၊ အဲဒီအဓိပ္ပာယ် ဖော်ပြချက်အရ ရှေးဟောင်းနန်းစဉ်ရတနာတွေကို ရရင်သာ ကိုယ်ကျိုး အတွက်ချည်း မသုံးဘဲ လှူဒါန်းဖို့ သတိရပါစေ"

"စိတ်ချပါ ဆာဒူးကြီး ... တကယ်လို့ အဲဒီနန်းစဉ်ရတနာ တွေကို ရရင်လည်း ကိုယ်ကျိုးအတွက်ထက် ဘာသာသာသနာ အတွက်ပဲ သုံးဖြစ်မှာပါဗျာ၊ စာအက္ခရာတွေရဲ့အဓိပ္ပာယ်ကိုသာ ဖော်ပြပေးပါ"

မင်းဝေက ဆာဒူးကြီးအား လေးလေးစားစားပြောကာ တောင်း ပန်ခြင်းပြုမှ ဆာဒူးကြီးက ကျောက်လွှာချပ်ကြီးပေါ်မှ စာအက္ခရာတို့ကို သေချာစူးစိုက်စွာ ဖတ်ကြည့်လေ၏။

ပြီးမှ သူက တစ်လုံးချင်းရှင်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်လွှာချပ်ကြီးပေါ်မှာ ဖော်ပြထားတာက ဟောဒီအတွင်း ဂူလိုဏ်ဝနှစ်ခုအနက်က လက်ယာဘက်ဂူထဲ ဝင်သွားမယ်ဆိုရင် အထဲမှာ ဂူပေါက်ငယ်တွေအများကြီးကို တွေ့ရမယ်တဲ့၊ အဲဒီဂူပေါက်တွေထဲ စမ်းတဝါးဝါးနဲ့ ဝင်သွားမိလို့ကတော့ ပြန်လမ်းမရှိတဲ့ ဝက်ပါထဲ ရောက်သွားလိမ့်မယ်လို့ ဆိုထားတယ်ကွဲ့ ...၊

ဒီကမ္ပည်းကျောက်စာရေးထိုးသူကိုယ်တိုင် အဲဒီလက်ယာဘက်ဂူထဲ စမ်းသပ်ဝင်ရောက်ကြည့်ပြီးပြီလို့ ဆိုထားတယ်၊ သူ ရတနာတွေ မြှုပ်နှံထားတာက လက်ဝဲဘက်ဂူလိုဏ်ထဲမှာသာ ဖြစ်တယ်တဲ့၊ အဲဒီ လက်ဝဲဘက်ဂူလိုဏ်လမ်းထဲ ဝင်ရောက်သွားတဲ့အခါ အတောင်ငါးဆယ်ကျော်လောက် ဝင်ရောက်ပြီးခဲ့ရင် ဂူလိုဏ်လမ်းရဲ့ တစ်နေရာမှာ ကျောက်ချပ်လွှာသုံးခုကို တွေ့ရလိမ့်မယ်တဲ့၊ အလယ်ဆုံးကကျောက်ချပ်လွှာရဲ့အောက်မှာ တူးယူပါလို့ ရေးထိုးထားတာပဲကွဲ့"

ဆာဒူးကြီး၏စကားအဆုံးတွင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသဖြင့် အားလုံး၏မျက်နှာတွင် အပြုံးပန်းတွေ ဝေသွားကြတော့၏။

"ကျေးဇူးကြီးလှပါတယ် ဆာဒူးကြီးရယ် ... ဒါဆို ကျွန်တော်တို့ အခုပဲ ဒီလက်ဝဲဘက်ဂူလိုဏ်ထဲ ဝင်ကြည့်ကြမယ်ဗျာ"

ထို့နောက် မင်းဝေတို့သည် အတွင်းဂူလိုဏ်ထဲဝင်ရန် ပြင်ဆင်ကြလေ၏။

မင်းဝေက သူ၏ကျောပိုးအိတ်ထဲမှ စတွန်းကင်းမီးအိမ်ကို ထုတ်ကာ ဆီဘူးထဲမှ ဆီဖြည့်ပြီး မီးထွန်းညှိလိုက်လေသည်။

သူ၌ သုံးတောင့်ထိုး လက်နှိပ်မီးတစ်လက်လည်းပါသဖြင့် လက်နှိပ်မီးကို သူကကိုင်ပြီး စတွန်းကင်းမီးအိမ်ကို စက္ကာကကိုင်သွားကာ လက်ဝဲဘက် ဂူလိုဏ်ကြီးထဲသို့ စတင်ဝင်ရောက်ကြတော့၏။

သူတို့သည် သတိကြီးစွာထားကာ သဘာဝဂူလိုဏ်ကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ တန်းစီလျက် ဝင်ရောက်ခဲ့ကြရာ ဂူလိုဏ်လမ်းသည် ကောက်ကွေ့လျက်ရှိကာ အေးစိမ့်သည့်ထက် အေးစိမ့်လာခဲ့လေသည်။

အတောင်ငါးဆယ်ကျော်ခန့် လျှောက်လှမ်းလာခဲ့ပြီးလျှင်မူ ထုံးကျောက်ဂူလိုဏ်ကြီး၏ အချိုးအကွေ့တစ်နေရာ၌ ဂူလိုဏ်သည် အတန်ကျယ်ဝန်းသွားသည်ကို တွေ့ရလေ၏။

ယင်း ဂူအချိုးအကွေ့မှာပင် ကျောက်ချပ်လွှာသုံးချပ်ကို ဂူနံရံဘေးကပ်လျက် စီစီရီရီ တွေ့ရတော့သည်။

"ဟော ... ကျောက်ချပ်လွှာတွေတော့ တွေ့ပြီ"

ဂူကြမ်းပြင်တွင် အပြားလိုက်ရှိနေသည့် ကျောက်ချပ်လွှာတို့မှာ ထုတစ်မိုက်နီးပါးခန့်ရှိကာ လေးထောင့်လည်းမကျ ဘဲဥပုံလည်း မကျသော အသွင်သဏ္ဌာန်အမျိုးမျိုးဖြစ်လျက် အလျား အနံ သုံးလေးပေခန့်ရှိလေ၏။

အလယ်မှ ကျောက်ချပ်လွှာက အတော်လေးလံသဖြင့် မင်းဝေက မနည်းအားစိုက်ကာ တွန်းရွှေ့ရလေသည်။

စက္ကက စတွန်းကင်းမီးအိမ်ကို သူ့အစ်မရှင်နှောင်းအား ပေးပြီး ဝိုင်းကူတွန်းရွှေ့မှ ကျောက်ချပ်လွှာမှာ နံဘေးသို့ ရွှေ့လျားသွားတော့၏။

"ကဲ မောင်စက္က ... တူးကွာ"

မင်းဝေက တူးခိုင်းလျှင် စက္ကလည်း ခါးတွင်ချိတ်ဆွဲထားသည့် အမဲလိုက်ဓားမြှောင်ကို ဓားအိမ်မှထုတ်ကာ ဂူကြမ်းပြင်ကို စတင်တူးဆွတော့၏။

ကျောက်သားမြေလွှာများ တဖွားဖွားထွက်သွားကာ မြေတွင်းငယ်တစ်တွင်း ဖြစ်သွားပြီးလျှင် ယင်းတွင်းငယ်ထဲ နှစ်တောင်နီးပါးခန့် အနက်၌ အမာခံတစ်ခုခုကို ဓားဦးဖြင့် ထိုးစိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒုတ်'

"တစ်ခုခုတော့ တွေ့ပြီဗျို့"

စက္ကက ဝမ်းသာအားရပြောပြီး တက်ကြွစွာ ဆက်လက်တူးဆွဖော်ထုတ်ရာ အလျားတစ်တောင်ခန့်နှင့် အနံတစ်ထွာခန့်ရှိသော ကျောက်ဖြူသားသေတ္တာငယ်တစ်လုံးကို တွေ့ရှိရတော့သည်။

"ကျောက်သေတ္တာတော့ ရပြီ"

စက္ကသည် ကျောက်သေတ္တာကို တွင်းထဲမှထုတ်ယူပြီး ချိတ်ပိတ်ထားသည့် ကျောက်သေတ္တာမှ ချိတ်တို့ကို အမဲလိုက်ဓားမြှောင်ခါးဦးဖြင့် ထိုးခွာလိုက်လေ၏။

ချိတ်တို့ ကွာကျသွားပြီးနောက် သော့ခတ်ထားခြင်းမရှိသော ကျောက်သေတ္တာငယ်၏အဖုံးကို ဖွင့်လိုက်သည့်အခါမှာမူ အတွင်း၌ ပြိုးပြိုးပြက်ပြက် အရောင်တောက်လက်နေသည့် စိန်ရွှေရတာမျိုးစုံစီခြယ်ထားသော ရှေးဟောင်းနန်းစဉ်ရတနာများကို တွေ့ကြရပါတော့သတည်း။

☼

မင်းဝေတို့သည် ရတနာသေတ္တာငယ်အား ဝမ်းမြောက်ဝမ်းသာစွာဖြင့် အတွင်းဂူလိုဏ်ထဲမှ သယ်ယူခဲ့ကြကာ ပင်မဂူလိုဏ်ကြီးထဲသို့ ပြန်လည်ရောက်ရှိသွားသည့်တွင် ဆာဒူးကြီးအား မတွေ့ရတော့ချေ။

"ဟာ ... ဆာဒူးကြီး ဘယ်ရောက်သွားပါလိမ့်"

"ဟုတ်ပါရဲ့ ... ဆာဒူးကြီး စောင့်နေမယ်လို့ ထင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ဂူလိုဏ်ကြီးထဲဝယ် ဆာဒူးကြီး၏အရိပ်အယောင် လုံးဝ မတွေ့ရချေ။

"ဂူအပြင်ဘက်ကို ထွက်သွားပြီထင်တယ်"

"ဟုတ်မယ်၊ အင်းလေ ... သူဟာ သူတော်စင်ကြီးပဲ၊ သူ့မှာ တပ်မက်မှုကိလေသာ ရှိပုံမရဘူး၊ ဒီရတနာသေတ္တာကို ရရှိဖို့ လမ်းညွှန်ပေးပြီးတဲ့နောက် သူ့လမ်းသူ ဆက်လျှောက်သွားပြီနဲ့ တူရဲ့"

ထို့နောက် မင်းဝေတို့သည် ကျောက်သေတ္တာငယ်ကို ဂူကြမ်းပြင်ပေါ်၌ချကာ နန်းစဉ်ရတနာများကို နေအလင်းရောင်ဖြင့် သေချာကြည့်ရှုလေ့လာလိုလှုပြီဖြစ်သောကြောင့် သေတ္တာကို ဖွင့်လိုက်ကြပြန်၏။

နေ၏ အလင်းရောင်အောက်တွင် လည်ဆွဲရတနာ၊ ဘယက်၊ ခြေချင်း၊ လက်ကောက် စသည့်ရတနာထည်တို့၌ စီခြယ်ထားသော ကျောက်သံပတ္တမြားတို့မှာ အရည်လည်ကာ ဖျပ်ဖျပ်လက်လျက်ရှိသည့် အပြင် ယင်းရတနာထည်တို့အောက်မှ ရွှေဒင်္ဂါးပြားတို့မှာလည်း ဝင်းဝင်းတောက်လျက် ရှိလေ၏။

"ဒီရတနာတွေကို တကယ်ပိုင်သင့်တာက ဒေဝီပါ၊ ဒီတော့ ဒီရတနာထည်တွေကို ဘယ်လိုစီမံမလဲ ... ဒေဝီပဲ ဆုံးဖြတ်ပါ ဒေဝီ"

မင်းဝေက ဒေဝီအား ဆုံးဖြတ်ခိုင်းလိုက်ရာ ဒေဝီက ဦးခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်လိုက်ရင်း ...

"ကောင်းပြီလေ ... နန်းစဉ်ရတနာထည်တွေကို သာမန်လူတွေ အသုံးပြုဖို့ မသင့်ပါဘူး၊ တိုင်းခြားအစိုးရရဲ့လက်လည်း မအပ်နိုင်ဘူး၊ ဒေဝီတို့ ကိုယ်ကျိုးအတွက်လည်း မသုံးသင့်ဘူး၊ ဒီတော့ ဒေဝီ ဘစ်ဆူဆူမှာ ဌာပနာဖို့ လှူဒါန်းလိုက်တာ ကောင်းမယ် ကိုမင်းဝေ"

ဟုပြောလိုက်ရာ မင်းဝေကလည်း သဘောတူထောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟုတ်တယ် ... အဲဒါ သင့်မြတ်လှတဲ့ အစီအစဉ်ပါပဲ၊ ဒါထက် ရွှေဒင်္ဂါးတွေကိုရော ဘယ်လိုလုပ်မလဲ ဒေဝီ"

"ရွှေဒင်္ဂါးတွေကိုတော့ စရိတ်စက ကုန်ကျထားတာတွေ ရှိတော့ ခွဲဝေယူချင်လည်း ယူပေါ့၊ ရှင်နှောင်းတို့မောင်နှမကိုပါ ခွဲပေးလိုက်ပါ ကိုမင်းဝေ"

"အို ... ရှင်နှောင်းတို့ မယူချင်ပါဘူး ဒေဝီရယ်၊ ရှင်နှောင်းက ဒေဝီ့ကို စေတနာသက်သက်နဲ့ အဖော်အဖြစ် လိုက်လာပေးတာပါ"

"ဟုတ်ပါတယ် မမဒေဝီ ... ကျွန်တော်တို့မောင်နှမဟာ အကျိုးအမြတ်ကို မျှော်ကိုးပြီး လိုက်လာကြတာ မဟုတ်ပါဘူး၊ မမနှောင်းက မမဒေဝီတစ်ယောက်တည်းဖြစ်နေလို့ အဖော်အဖြစ် လိုက်ပေးသလို ကျွန်တော်ကလည်း စွန့်စားရတဲ့အလုပ်ကို သဘောကျခုံမင်လို့ လိုက်လာခဲ့တာပါ"

"အို ... ဘာပဲဖြစ်ဖြစ် ရှင်နှောင်းတို့ဟာ ဒေဝီတို့နဲ့အတူ သေအတူ ရှင်မကွာ အန္တရာယ်တွေကို ရင်ဆိုင်ခဲ့ကြတာပဲ၊ ဒီ ခရီးရဲ့ အကျိုးအမြတ်ကိုတော့ ခံစားသင့်ပါတယ်၊ ဒေဝီ ခွဲဝေပေးတာကို မငြင်းကြပါနဲ့"

ထိုစဉ် မမျှော်လင့်ဘဲ ဂူလိုဏ်ကြီး၏အဝဆီမှ ရယ်မောသံကြီး တစ်သံ ထွက်ပေါ်လာတော့သည်။

"ဟား ဟား ဟား ဟား"

"ဟင်"

"အို"

"ဟော့ ... ဘာမှ ခွဲတမ်းချမနေကြနဲ့၊ အဲဒီရတနာတွေ အားလုံးကို သိမ်းပိုက်ရယူဖို့ ငါစောင့်နေခဲ့တာ တစ်ယောက်မှမလှုပ်နဲ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လိုက်တာနဲ့ သေမင်းတမန်ခဲပူတောင့်တွေက နင်တို့ရဲ့ကိုယ်ကို ဖောက်ထွက်သွားမယ်မှတ်''

နှစ်လုံးပြူးသေနတ်ကြီးဖြင့်ချိန်လျက် ဂူလိုဏ်ကြီး၏အဝမှ ဝင်လာသူမှာ ဦးဝဏ္ဏလှိုင်ပဲဖြစ်ပါ၏။

''ဟင် ဦးလေး . . . ဦးလေး မသေဘူးနော်''

''ဘယ်သေမလဲ ဒေဝီ . . . အဲဒီရတနာတွေအတွက် ငါ အသက်ရှင်နေတာ၊ ကုန်းဘောင်မင်းဆက်တွေ ပိုင်ဆိုင်တဲ့ ကျောက်မျက်ရတနာတွေ ဘယ်လောက်အဖိုးတန်သလဲဆိုတာ ငါ ကောင်းကောင်းသိပြီးသား၊ ဒါကြောင့် အဲဒီရတနာထည်တွေကို သိမ်းပိုက်ပြီး လူချမ်းသာကြီးလုပ်ဖို့ ငါက အသက်ရှင်နေသေးတာဟ . . . သိရဲ့လား . . . ဟား ဟား ဟား''

ဦးဝဏ္ဏလှိုင်က တဟားဟားအော်ရယ်ရင်း ရှေ့တိုးလာသည်။ သူက လက်ဦးသွားသဖြင့် မင်းဝေနှင့်စက္ကမှာ ကြိတ်မနိုင် ခဲမရ ဖြစ်သွားရတော့၏။

''ကဲ . . . သေနတ်တွေလွှတ်ချပြီး လက်တွေကို ခေါင်းနောက်မှာ ယှက်တင်ထားလိုက်ကြစမ်း၊ ဟိုကောင်လေး ပေကတ်ကတ် မလုပ်နဲ့နော် . . . ငါ မောင်းဖြုတ်ချလိုက်မှာ''

စက္ကက အံကြိတ်လိုက်ပြီး မင်းဝေနည်းတူ သေနတ်ကို ဂူကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်ရသည်။

''ဟုတ်ပြီ . . . ဒီလိုမှပေါ့၊ ဟဲ ဟဲ ဟဲ . . . ကဲ လေးယောက်စလုံး ဂူနံရံဘက်ကို မျက်နှာမူလိုက်ကြစမ်း''

မင်းဝေတို့မှာ ဦးဝဏ္ဏလှိုင်၏အမိန့်ကို နာခံရန်မှတစ်ပါး အခြားမရှိတော့ချေ။

သူတို့လေးဦးစလုံး ဂူနံရံဘက် မျက်နှာမူကာ လက်များမြှောက်



www.burmeseclassic.com

www.burmeseclassic.com



ထားရင်း ရပ်နေကြရစဉ် သူတို့၏ကျောအား ချိန်ရွယ်ထားသည့် နှစ်လုံးပြူးသေနတ်၏ မောင်းကွင်းခလုတ်ကို ဦးဝဏ္ဏလှိုင်က ညှစ်ဆွဲရန် ဟန်ပြင်လိုက်သည့်အခိုက် ...

'ဖြိုး'

ကြောက်မက်ဖွယ်ကျယ်လောင်လှသည့် မာန်ဖီသံကြီးက ဂူလိုဏ်ကြီး၏အဝမှ ထွက်ပေါ်လာပြီးလျှင် ဖွတ်ကြီးတစ်ကောင်၏ ကြီးမားရှည်လျားလှသော ခေါင်းကြီးသည် ရေမှုန်ရေမွှားတို့ကို ဖြတ်သန်းရင်း ဂူလိုဏ်ကြီးထဲ လျောခနဲ တိုးဝင်လာတော့သည်။

"အို"

"ဟာ"

"ဟင်"

ဒေဝီတို့လည်း ဦးဝဏ္ဏလှိုင်ကဲ့သို့ပင် နောက်သို့ လည်ပြန်လှည့်ကာ ဂူအဝဆီ ကြည့်လိုက်မိပြီး အလန့်တကြား ဖြစ်သွားကြရတော့၏။

"တောက် ... မိစ္ဆာကောင် ဖွတ်ကြီး ... သေပေတော့"

ဦးဝဏ္ဏလှိုင်က ကျယ်လောင်စွာ ဒေါသတကြီး ကြိမ်းဝါးလိုက်ရင်း ကိုယ်ကိုတစ်ပတ်လှည့်ကာ ဖွတ်ကြီးအား သေနတ်ပြောင်းဖြင့် ချိန်ရွယ်လိုက်စဉ်မှာပင် ...

ရောမဖွတ်ကြီးသည် သူ၏ရှေ့ လက်နှစ်ဖက်အပေါ် အားပြုကာ ခန္ဓာကိုယ်ရှေ့ပိုင်းကို ထောက်မကြွလိုက်ပြီး ဖြိုးခနဲ မာန်ထပ်ဖီပြီးနောက် ရှေ့သို့အားယူလျက် ဝုန်းခနဲ ခုန်လိုက်ရင်း သူ၏အမြီးကြီးဖြင့် လွှဲပ်တစ်ပြက် ရိုက်ချလိုက်တော့၏။

'ဖြောင်း'

'ဒိုင်း'



www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏလှိုင်၏ နှစ်လုံးပြူးမှကျည်ဆန်များ ခုန်ထွက်သွားသလို ဖွတ်ကြီး၏ အမြီးရိုက်ချက်မိပြီး ဦးဝဏ္ဏလှိုင်မှာ မြောက်တက်သွားကာ ဂူလိုဏ်နံရံနှင့် အရှိန်ပြင်းစွာ ဆောင့်မိသွားတော့သည်။

'ဘုန်း'

ထို့နောက် သူသည် ဂူကြမ်းပြင်ပေါ်သို့ ဘုန်းခနဲ ပြုတ်ကျပြီး လျှင် အသက်ငင်နေရာမှ ချက်ချင်းဆိုသလိုပင် ငြိမ်သက်သွားတော့၏။

ဖွတ်ကြီး၏အမြီးရိုက်ချက် ဦးသွားသဖြင့် ဦးဝဏ္ဏလှိုင်၏ သေနတ်ကျည်များက သေနတ်ပြောင်းဝမှ ခုန်ပျံထွက်သွားသည့်တိုင် ပစ်မှတ်လွဲချော်ကာ ဂူအမိုးကိုသာ သွားမှန်လေသည်။

ဦးဝဏ္ဏလှိုင်မှာ သူ၏အကုသိုလ်က သူ့ကို အကျိုးပေးကာ မရှုမလှ အသက်ဆုံးသွားသဖြင့် သူ၏ရန်မှ မင်းဝေတို့လူစု မမျှော် လင့်ဘဲ လွတ်သွားရသော်လည်း ဖွတ်ကြီး၏ ဒေါသတကြီး ရန်လိုမှုကို ချက်ချင်းကြုံတွေ့ရတော့၏။

'ဖြိုး'

မင်းဝေနှင့်စက္ကမှာ သေနတ်လက်မဲ့ဖြစ်နေသဖြင့် ယင်းဖွတ် ကြီးအား ဓားမြှောင်တစ်လက်စီဖြင့်သာ ရင်ဆိုင်တိုက်ခိုက်ရတော့မည် ဖြစ်သည်။

'ဖြိုး'

ဖွတ်ကြီးက ပါးစပ်ကြီးဟလျက် ရှေ့သို့တိုးလာပြီး သူ၏ အမြီးရှည်ကြီးအား မြေပြင်ပေါ်သို့ တဘုံးဘုံးရိုက်ချရင်း မင်းဝေတို့ကို စခန်းသိမ်းရိုက်ချလိုက်ရန် ဟန်ပြင်လိုက်စဉ် ...

'ဒိုင်း'

'ဒိုင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း'

ဂူအဝဆီမှ လိမ္မော်ရောင်မီးပွင့်တို့ကို တွေ့လိုက်ရပြီး မင်းဝေတို့အား ဒေါသတကြီး မာန်ဖီလျက်ရှိသည့် ရောမဖွတ်ကြီးမှာ သွေးသံရဲရဲဖြင့် ဂူကြမ်းပြင်ပေါ် လူးလိမ့်နေလေသည်။

မင်းဝေတို့အား သေမင်းလက်မှ လက်မတင်ကလေး လွတ်အောင် ကယ်တင်လိုက်သောပုဂ္ဂိုလ်က နှစ်လုံးပြူးသေနတ်ကြီးကို ကိုင်စွဲလျက် ဂူထဲသို့ လှမ်းဝင်လာတော့၏။

"ဟာ ... ကိုသာဒွန်းပါလား"

ဟုတ်ပါသည် ...။

ဖွတ်ကြီးအား ဇီဝိန်ချုပ်ပေးလိုက်သူမှာ ဂျမဒါသာဒွန်းကြီးပင် ဖြစ်ပါသည်။

"ကိုသာဒွန်း ... ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်က ကိုသာဒွန်း တစ်ခုခုများ ဖြစ်နေပြီလားလို့ အင်မတန် စိတ်ပူနေမိတာဗျ"

"ငါမသေဘူး ရေကူးတတ်ပါတယ်ကွ ... ဟား ဟား ဟား"

ထို့နောက်မှာတော့ သူတို့လူစုသည် ရတနာကျောက်သေတ္တာလေးကို ဂူကြီး၏အပြင်ဘက်သို့ ထုတ်ယူလာခဲ့ကြပါတော့သတည်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ချစ်ခြင်း၏နေရာ

ဖော်ပြပါ ထူးခြားဆန်းကြယ် တုန်လှုပ်ဖွယ်ဖြစ်ရပ်များ ဖြစ်ပွားပြီး နှစ်လကျော်ခန့်အကြာဝယ် ဘိုးစိန်လမ်းရှိ မြတ်မဟာစံအိမ်ဝင်းကြီးထဲတွင် သတို့သားမင်းဝေနှင့် သတို့သမီးဒေဝီတို့၏ မင်္ဂလာဆည်ခံပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပလေတော့၏။

ရင်ခုန်သံစည်းချက်ညီသွားကြသည့် မင်းဝေနှင့်ဒေဝီတို့သည် ရွှေလီမြစ်ကမ်းပါးတစ်နေရာမှ ဆုတောင်းပြည့်စေတီလေးတစ်ဆူတွင် နန်းစဉ်ရတနာတို့ကို ဌာပနာပြုလှူဒါန်းလိုက်ပြီးနောက် ရန်ကုန်သို့ ပြန်ခဲ့ကြလေသည်။ အပြန်ခရီးမှာပင် တစ်ဦးကို တစ်ဦး သံယောဇဉ်နှောင်ရစ် ချစ်မိပြီဆိုသည့်အကြောင်းကို ဖွင့်ပြောခဲ့ကြပါ၏။

သူတို့နှစ်ဦး ချစ်ရည်တူမှုပြီး လက်ထပ်ကာ မင်္ဂလာဆည်ခံပွဲကြီး ကျင်းပသည့်အခါမှာလည်း သူတို့၏ သေဖော်ရှင်ဖက် မိတ်ဆွေသူငယ်ချင်းကောင်းများဖြစ်ကြသော ရှင်နှောင်းတို့မောင်နှမနှင့် ဂျူဗေဒါ သာဒွန်းအား စရိတ်စကကျခံကာ ရန်ကုန်သို့ဖိတ်ခေါ်လျက် သူတို့၏

www.burmeseclassic.com



မင်္ဂလာဆည်ခံပွဲကို တက်ရောက်စေခဲ့လေသည်။

ယခုဆိုလျှင် မြတ်မဟာစံအိမ်ကြီးမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံခညောင်းလျက်ရှိပြီ ဖြစ်ပါ၏။

မင်္ဂလာဆည်ခံပွဲကြီးကျင်းပပြီးစီးသည့် မင်္ဂလာဦးညတွင်မူ မြတ်မဟာစံအိမ်ကြီး၏ အပေါ်ထပ်ရှိ မင်္ဂလာမောင်နှံ၏ အိပ်ခန်းသဏ္ဍာလီထဲသို့ မင်းဝေနှင့်ဒေဝီတို့မှာ ရင်ခုန်ပူနွေးစွာဖြင့် လှမ်းဝင်လာကြတော့သည်။

အသစ်ဖြစ်သော ပိုးဖဲကတ္တီပါတို့နှင့် အတိပြီးကာ ရေမွှေးရနံ့များ မွှေးကြိုင်နေသည့် မင်္ဂလာအိပ်ခန်းကြီးထဲတွင် Dim light ညအိပ်မီးအပြာရောင်လဲ့လဲ့လေးကိုသာ ထွန်းထားပါ၏။

မင်းဝေက တစ်နေ့တာလုံး ပင်ပန်းခဲ့သဖြင့် အနားယူမှေးစက်ရန် ဖဲမွေ့ရာကြီးပေါ် ပက်လက်လဲလျောင်းလိုက်ရင်း ပန်းနုရောင် ဇာခြင်ထောင်၏အမိုးကို စိတ်ကြည်နူးချမ်းမြေ့စွာ ငေးမောကြည့်နေလေသည်။

ဒေဝီသည်မူ တစ်နေ့တာလုံး ပင်ပန်းထားသမျှ စောစောကပင် ရေမိုးချိုးကာ မှန်တင်ခုံ၌ထိုင်ရင်း လှပချောမောသော မျက်နှာလေးအပေါ်သို့ သနပ်ခါးရေကြဲလေး လူးလျက်ရှိလေသည်။

ညသည် နက်ရှိုင်းသည်ထက် နက်ရှိုင်းလာပြီမို့ စံအိမ်ကြီး တစ်ခုလုံးမှာ ပကတိတိတ်ဆိတ်လျက် ရှိတော့သည်။

ဆောင်းနှောင်းညသည် အေးစက်သည်ထက် အေးစက်လာပြီး ပြင်ပဝယ် တပို့တွဲလပြည့်ည၏ လဝန်းက ထိန်ထိန်သာလျက်ရှိပါ၏။

ရှင်မတောင်သနပ်ခါးရနံ့ မွှေးကြိုင်နေသည့် ဒေဝီသည် မင်္ဂလာအိပ်ရာကြီးဆီသို့ ဖွဖွညင်သာ ခြေလှမ်းဖြင့် တစ်လှမ်းချင်း လှမ်းလျှောက်လာပြီးလျှင် မွေ့ရာအစွန်းတွင် အသာထိုင်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့နောက် သူမက ဖာခြင်ထောင်ကို အသာဆွဲချလိုက်ပြီး မွေ့ရာပေါ်ဝယ် ခပ်ဖြည်းဖြည်း လဲလျောင်းလိုက်ပါ၏။

မင်္ဂလာအိပ်ရာကြီးပေါ်တွင် ယှဉ်တွဲလဲလျောင်းနေကြသည့် သူနှင့်သူမတို့၏အကြားတွင် ဖက်လုံးရှည်ကြီးက အခံ့သား နေရာယူ လျက်ရှိတော့သည်။

မင်းဝေက ဒေဝီဘက်သို့ စောင်းငဲ့ကြည့်လိုက်ရင်း ...

"ဒေဝီ ... အဲဒီဖက်လုံးရှည်ကြီးက ခုထက်ထိ ကိုယ်တို့နှစ် ယောက်ကို ကိန္နရာချောင်းခြားသလို ခြားထားတုန်းပါလား"

ဟု ပြုံးစနဲ့နဲ့ဖြင့် ပြောလိုက်ရာ ဒေဝီက မဲ့ပြုံးလေး ပြုံးလိုက်ရင်း ...

"ဟိုးအရင်တုန်းကလည်း သူက အဲဒီမှာပဲ နေတာလေ၊ ခု လည်း နေပါစေရှင်"

ဟု တမင်ရွဲ့ကာ ပြောလိုက်လေသည်။

ထိုစဉ် မင်းဝေသည် ရုတ်ခနဲ ထထိုင်လိုက်ပြီးလျှင် ...

"ဟော ... အသံ အသံကြားလား ဒေဝီ"

ဟု အလန့်တကြားပြောလိုက်ရာ ဒေဝီမှာ ရင်လေးဖိုသွားကာ ဖက်လုံးလေးများ ပြုံးသွားရှာတော့၏။

"အို ... ဘာ ဘာသံလဲ ကို"

ထိတ်ထိတ်ပျာပျာလေးပြောရင်း သူမကပါ ဖျတ်ခနဲ ထထိုင် လိုက်လေသည်။

"စကားပြောသံလေ ဒေဝီ"

"အို ... ဒေဝီတော့ ဘာစကားသံမှ မကြားရပါလား"

"ကြားရတယ် ဒေဝီ ... ပြောနေတယ် ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ကိုကလည်း မထိတ်သာမလန့်သာရှင်၊ ဘာပြော နေတာလဲ၊ ဘယ် ဘယ်လိုပြောနေတာလဲ"

"သူ . . . သူ ဒီမှာမနေချင်တော့ဘူးတဲ့"

"ဟင် . . . ဟုတ်လား၊ ဘယ်သူကပြောတာလဲ ကို"

"ဒီဖက်လုံးကြီးက"

"အို . . . မဟုတ်တာ"

"ဟုတ်တယ်၊ သူက ဒီနေရာမှာ မနေချင်တော့ဘူးတဲ့၊ သူ့ကို ဖယ်ရှားပေးပါတဲ့၊ သနားပါတယ် ဖယ်ပေးလိုက်မှ"

မင်းဝေက ပြုံးစနဲ့နဲ့အမူအရာဖြင့် ဖက်လုံးရှည်ကြီးအား မွေ့ ရာ၏တစ်ဖက်စွန်းသို့ မရွှေ့လိုက်တော့၏။

ခုတော့ သူနှင့်သူမအကြားတွင် ဘာမျှမရှိတော့ချေ။

"ဟွန်း . . . လူလည်"

ဒေဝီက ပြုံးမူမူလေးဖြင့် ချစ်မျက်စောင်းလေး ထိုးလိုက်လျှင် မင်းဝေသည် ပူပူနွေးနွေး ချစ်ဇနီးလေး၏ ကိုယ်လုံးအိအိလေးကို အားပါးတရ အတိုးချကာ ဖက်လိုက်ပါတော့သတည်း။

ပြီးပါပြီ

အစဉ်အမြဲကြိုးစားလျက်

စိတြာဒာဂူ

www.burmeseclassic.com